# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် နယုန်လဆန်း ၈ ရက် တနင်္လာနေ့ | 13, Monday June 2016 | (၈၅၉၁)


**ချမ်းသာကြောင်းဖြစ်**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာကြောင်း ဖြစ်၏။ ထို့အပြင် အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ ကြောင်း ဖြစ်၏။ လောက၌ ရဟန်းတို့ကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာကြောင်းဖြစ်၏။ ထို့အပြင် မကောင်းမှုမှအပ ပြုပြီးသူ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့ကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာကြောင်းဖြစ်၏။

ခုဒ္ဒကနိကာယ်(ဓမ္မပဒ - ၃၃၂)

# နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်နှင့်ပတ်သက်၍ အောင်မြင်စွာဆွေးနွေးနိုင်

**ရန်ကုန် ဇွန် ၁၂**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ) အကြိုပြင်ဆင်ရေး ဆပ်ကော်မတီ(၁)၏ ညှိနှိုင်းအစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံးခွဲ၌ ပြုလုပ်ခဲ့သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ)ကျင်းပရန်အတွက် ပြန်လည်ပြင်ဆင်ရမည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (Framework for Political Dialogue) အတွက် ထည့်သွင်းစဉ်းစားရမည့် ဆွေးနွေးချက်များအား အောင်မြင်စွာဆွေးနွေးနိုင်ခဲ့ပြီး ဇူလိုင်လဆန်းတွင် ပြန်လည်တွေ့ဆုံသွားမည်ဖြစ်ကြောင်း သိရသည်။

> နိုင်ငံရေးပြဿနာဆိုတဲ့နေရာမှာ တိုင်းရင်းသားနဲ့ အစိုးရနှစ်ခုတည်းဖြစ်တဲ့ ပြဿနာမဟုတ်ဘူး။ အခြားအစုအဖွဲ့တွေနဲ့ သက်ဆိုင်တဲ့ အကြောင်းတွေလည်း အများကြီးရှိပါတယ်။ ဆွေးနွေးမှုကတော့ စဉ်းစားသုံးသပ်မှုအပိုင်းမှာ ပြည့်ပြည့်စုံစုံ ဆောင်ရွက်ခဲ့ပြီးပြီ။

ယနေ့ပြုလုပ်သည့် ဆွေးနွေးပွဲတွင် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် အခန်း(၇)နှင့် (၈)တို့တွင်ပါဝင်သော ဆွေးနွေးရန်ကျန်ရှိသည့်အချက်များနှင့် NCA စာချုပ်လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ဆွေးနွေးထည့်သွင်းမည့် အထွေထွေအခန်းကဏ္ဍတို့ကို ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ရာစု ပင်လုံ) အကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၂)ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက "ဇွန် ၉ ရက်ကနေ ၁၂ ရက်အထိ လေးရက်တာ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ○

# ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေလုပ်သားများ အာမခံချက်ပေးနိုင်ရေး မြိတ်ပင်လယ်ရွာများသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကွင်းဆင်းလေ့လာ



တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုရှိ ငါးဖမ်းစက်လှေများကို တွေ့ရစဉ်။


**မြိတ် ဇွန် ၁၂**

ရေသယံဇာတများနှင့် ရေလုပ်ငန်းကဏ္ဍများ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေရန် ထိန်းသိမ်းဆောင်ရွက်နိုင်ရေးနှင့် ရေလုပ်သားများအား အာမခံချက် အပြည့်အဝပေးနိုင်ရေးအတွက် ဥပဒေကြမ်းတစ်ခုရေးဆွဲပြီး လွှတ်တော်သို့တင်သွင်းရန် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ဇွန် ၁၀ ရက် နံနက်က မြိတ်မြို့ မြန်အောင်ရပ်ကွက်ရှိ မြိတ်ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ဒေသခံရေလုပ်ငန်းရှင်များနှင့်တွေ့ဆုံကာ ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဒေသခံပြည်သူများအတွက် ရေရှည်အကျိုးသက်ရောက်မည့် ဥပဒေတစ်ခုဖြစ်ပေါ်လာရေးနှင့် ရေလုပ်ငန်းကဏ္ဍ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်ထိရောက်သည့် ဥပဒေဖြစ်လာစေရေးအတွက် အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခွန်ဝင်းသောင်းက အဖွင့်အမှာစကားပြောကြားပြီး အမျိုးသားလွှတ်တော်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး ဒေါက်တာ ဝင်းမြင့်နှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❒


BIY
BUSINESS INSTITUTE YANGON
No (27), Groud Floor, Building E, Pearl Condo, Kabaraye Pagoda Rd, Bahan Tsp., Yangon

တက္ကသိုလ်ဝင်တန်း ဖြေဆို/အောင်မြင်ထားသူများအတွက် Scholarship!!!
PGSM မှ ပေးအပ်မည့် BBA (Management) ဘွဲ့ကို ပြည်တွင်းတွင် (၃)နှစ်အတွင်း တက်ရောက်နိုင်ပါသည်။
Level 4 Diploma + BBA (Management)
➢ လျှောက်ထားနိုင်သူများ - တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်ထားသူများ
➢ လျှောက်လွှာပိတ်မည့်ရက် - 20 , Jun , 2016
➢ အင်တာဗျူးဖြေဆိုမည့်နေ့ - 23 , Jun , 2016
အသေးစိတ်အချက်အလက်များကို သိရှိလိုပါက 09-73223777, 09-778255543, 09-8628878 သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကြေးမုံ

# လူငယ်အရေးနှင့် လူငယ့်ရေးရာမူဝါဒ

ဘက်စုံအရည်အသွေးမြင့်မားစေသည့် လူငယ်များဖြစ်လာစေရန် လူငယ်မူဝါဒတစ်ရပ်ရေးဆွဲနေကြောင်း သိရသည်။ ၎င်းမူဝါဒအား လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံကိန်းတွင် ဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

မေလအတွင်းက အဆိုပါဝန်ကြီးဌာနမှဦးစီးပြီး ဆယ်ကျော်သက်လူငယ်ဖိုရမ်တစ်ခုကျင်းပခဲ့ရာ လူငယ် ၅၀၀ ကျော်တက်ရောက်ခဲ့သည်။ မျိုးဆက်သစ်လူငယ်များအနေဖြင့် ကျန်းမာကြံ့ခိုင်မှု၊ စိတ်ဓာတ်ကောင်းမွန်မှု၊ စည်းကမ်းလိုက်နာမှု၊ ပညာအရည်အသွေးပြည့်ဝမှု၊ တီထွင်ကြံဆမှု၊ လူမှုဆက်ဆံရေးကောင်းမွန်မှု၊ မျိုးချစ်စိတ်ဓာတ်ရှိမှု စသော အခြေခံကောင်းများပြည့်စုံရန် လိုအပ်ကြောင်း၊ ထို့အတွက် ဘက်စုံအရည်အသွေးမြင့်မားသော လူငယ်များဖြစ်လာစေရန် လူငယ်မူဝါဒရေးဆွဲကာ ပြုစုပျိုးထောင်သွားရန် အစီအစဉ်ရှိကြောင်း သိရသည်။

ယခုလတွင်လည်း စစ်ကိုင်းတိုင်းဒေသကြီး မုံရွာတွင် လူငယ်ရေးရာဆွေးနွေးပွဲတစ်ရပ်ကို လူငယ်နှင့် မူးယစ်ဆေးဝါး၊ လူငယ်နှင့် လူ့အခွင့်အရေး၊ ဒီမိုကရေစီ၊ လူငယ်နှင့် ငြိမ်းချမ်းရေး၊ လူငယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူငယ်နှင့် လူငယ့်ရေးရာ သဘောထား စသည့် ခေါင်းစဉ်ငါးခုဖြင့် ဆွေးနွေးရန်ရှိကြောင်း သိရသည်။ လူငယ်များကိုယ်တိုင် ပါဝင်ဆွေးနွေးသော လူငယ့်အသံများကို ထင်ဟပ်သော လူငယ်ရေးရာပေါ်လစီတစ်ရပ် ပေါ်ထွက်လာမည်ဟု ခန့်မှန်းရပေသည်။

ကမ္ဘာ့နိုင်ငံအများစုတွင် လူငယ်ရေးရာ ပေါ်လစီများရှိကြပြီး မြန်မာအပါအဝင် နိုင်ငံ ၃၀ လောက်သာ မရှိသေးခြင်းဖြစ်သည်။ အစိုးရများက အမျိုးသားအဆင့် လူငယ်ပေါ်လစီများသည် လူငယ်များအား ချဉ်းကပ်စည်းရုံးရာ၊ စုစည်းရာလမ်းကြောင်းအဖြစ် ပိုမိုတွေ့မြင် နားလည်လာကြသည်။ ယနေ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် လူငယ်များနှင့်ပတ်သက်သော ဆုံးဖြတ်ချက်ချမှတ်ခဲ့ရာ လုံခြုံရေးကောင်စီအနေဖြင့် လူငယ်များနှင့်ပတ်သက်သော စဉ်းစားပုံ အခြေခံကျကျ ပြောင်းလဲလာခြင်းကို ပြဆိုနေပါသည်။

ဥရောပလူငယ်ပေါ်လစီတွင် ပညာရေးနှင့် လေ့ကျင့်ရေး၊ အလုပ်အကိုင်နှင့် စွန့်ဦးတီထွင်မှု၊ ကျန်းမာရေးနှင့် နေထိုင်မှုဘဝ၊ အပျော်တမ်းလုပ်ရှားမှုများ၊ လူမှုရေးပါဝင်မှု၊ လူငယ်နှင့်ယနေ့ ကမ္ဘာတီထွင်ဖန်တီးမှုနှင့် ယဉ်ကျေးမှုစသော ခေါင်းစဉ်များခွဲ၍ အစီအစဉ်ချမှတ်ဆောင်ရွက်သည်ဟု ဆိုပါသည်။ ၎င်းတို့၏ ရည်ရွယ်ချက်မှာ လူငယ်များအားပညာရေးနှင့် အလုပ်အကိုင်တို့တွင် တူညီသောအခွင့်အလမ်းများ ပိုမိုရရှိရေးနှင့် လူ့အဖွဲ့အစည်းအတွင်း ပိုမိုတက်ကြွစွာပါဝင်လှုပ်ရှားနိုင်ရေး အားပေးရန်ဖြစ်သည်။

လူငယ်ပေါ်လစီတွင်လည်း အမျိုးသားအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့်ဟူ၍ရှိရာ အမျိုးသားအဆင့်(သို့) နိုင်ငံအလိုက် လူငယ်ပေါ်လစီများကို ဖော်ထုတ်ခြင်း၊ ပြီးမြောက်အောင်မြင်အောင်ဆောင်ရွက်ခြင်း၊ နောက်ဆက်တွဲဖြစ်စဉ်များကို ဆက်လက်ကြီးကြပ်ခြင်းစသည်တို့အဆင့်တိုင်းတွင် လုပ်ဆောင်ရန်လိုအပ်ရာ ထို့အတွက် အမြင့်ဆုံးနိုင်ငံရေးအဖွဲ့အစည်းမှ တာဝန်ခံရန်လိုအပ်သည်။ ထို့ပြင်လိုအပ်သော အရင်းအမြစ်များကို အဆင့်အသီးသီးမှရရှိစေရန် လုံလောက်သော ပြဋ္ဌာန်းမှုများရှိရမည်ဟု ဆိုပါသည်။

နိုင်ငံတကာအဆင့်တွင်မူ"ကုလသမဂ္ဂ၏ ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးပြဋ္ဌာန်းချက်"ကဲ့သို့ မလိုက်နာမနေရ ပြဋ္ဌာန်းချက်မျိုး လူငယ်ပေါ်လစီတွင် မရှိသေးဟုဆိုသည်။ အကြောင်းမှာ လူငယ်ကို သတ်မှတ်သော အသက်အရွယ်နှင့်ပတ်သက်၍ နိုင်ငံအလိုက်၊ ဒေသအလိုက်ကွဲပြားမှုများ ရှိသောကြောင့်ဟု ဆိုသည်။ သို့သော် ဝန်ကြီးအဆင့် ကမ္ဘာလုံးဆိုင်ရာ လူငယ်ကွန်ဖရင့်များကို ၁၉၉၈ (ပေါ်တူဂီ)၊ ၂၀၁၀ (မက္ကဆီကို)နှင့် ၂၀၁၄ (သီရိလင်္ကာ)တို့တွင် ကျင်းပခဲ့သည်။ ထို့ပြင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ လူငယ်ဆိုင်ရာ အစီရင်ခံစာနှင့် အထွေထွေညီလာခံ၏ လူငယ်ဆိုင်ရာ ပေါ်လစီနှင့် အစီအစဉ်ဆုံးဖြတ်ချက်များ နှစ်နှစ်တစ်ကြိမ် ပုံမှန်ထွက်လျက်ရှိပါသည်။

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ၏ ၁၇ ဒသမ ၈၁ ရာခိုင်နှုန်းသည် အသက် (၁၅-၂၄) နှစ်အတွင်းရှိသော လူငယ်များဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် အနာဂတ်ခေါင်းဆောင်များဖြစ်လာမည့်လူငယ်များအတွက် လူငယ်ရေးရာပေါ်လစီသည် ရေတိုအပြကောင်းရုံမဟုတ်ဘဲ ရေရှည်အာမခံချက်နှင့် ပြီးမြောက်အောင်မြင်စေမည့်အစီအစဉ်များ ပါဝင်သော၊ အမြင့်ဆုံးနိုင်ငံရေးအဖွဲ့အစည်း၏ ကတိခံဝန်ချက်ပါသော ပေါ်လစီများဖြစ်ရန် လိုအပ်ပါကြောင်း။ ။

# တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တန်ဖိုးနည်းအိမ်ရာ တိုက်ခန်းတစ်သိန်းကျော် တည်ဆောက်ရန်လျာထား



မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တည်ဆောက်ပြီးစီးခဲ့သည့် ဝန်ထမ်းအိမ်ရာတိုက်ခန်းများ။

**မန္တလေး ဇွန် ၁၂**

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ (၅) နှစ်တာကာလအတွင်း တန်ဖိုးနည်းအိမ်ရာတိုက်ခန်းပေါင်း ၁၈၀၀၀၀ ကို တည်ဆောက်ပေးရန် လျာထားသတ်မှတ်ထားကြောင်း သိရသည်။

အဆိုပါတန်ဖိုးနည်းအိမ်ရာတိုက်ခန်းများအား မြို့ကြီးများတွင်သာမက ကျေးလက်တောရွာများတွင်ပါ မြေနေရာရရှိမှုအပေါ် မူတည်၍ တည်ဆောက်ပေးသွားရန် စီစဉ်ထားရှိကြောင်း မန္တလေးတိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက ပြောကြားသည်။

"ဌာနအနေနဲ့က မြေနေရာသာ ရမယ်ဆိုရင် လက်ရှိဝန်ထမ်းတွေနဲ့ အငြိမ်းစား ဝန်ထမ်းတွေသာမက အများပြည်သူတွေအတွက် ကျပ်သိန်း ၈၀ နဲ့ ၁၀၀ ကြား တန်ဖိုးနည်းအိမ်ရာတွေကို နိုင်ငံအနှံ့အပြား တည်ဆောက်ပေးဖို့ အစီအစဉ်ရှိပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ မြို့ပြမှာသာမက ကျေးလက်တောရွာကပြည်သူတွေလည်း လူနေမှုဘဝမြင့်မားအောင် ကျေးရွာတွေအထိ သွားပြီးဆောက်လုပ်ပေးဖို့ရှိပါတယ်။ ဒါကြောင့် စီမံကိန်းမှာ အဓိကလိုအပ်ချက်က မြေရရှိဖို့ဖြစ်တဲ့အတွက် မြေပေးနိုင်တဲ့ သက်ဆိုင်ရာ အစိုးရဌာနတွေသာမက ပုဂ္ဂလိက မြေပိုင်ရှင်တွေကလည်း ကျွန်တော်တို့ဌာနနဲ့ ပူးပေါင်းလုပ်ဆောင်ချင်ရင် လာရောက်ဆက်သွယ်နိုင်ကြပါတယ်"ဟု ၎င်းကပြောသည်။

အဆိုပါဌာနမှ မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၅ ခုနှစ်တွင် ဝန်ထမ်းအိမ်ရာအခန်းပေါင်း ၁၂၆၀ နှင့် တန်ဖိုးမျှတအိမ်ရာ အခန်းပေါင်း ၉၆၀ ကို တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(အောင်ရဲသွင်)**

# ရခိုင်ပြည်နယ်တွင် တက္ကသိုလ်ဝင်တန်း အောင်ချက်ရာခိုင်နှုန်းကျဆင်းသော်လည်း ဂုဏ်ထူးဖြင့် အောင်မြင်သူအရေအတွက်တိုးလာ

**စစ်တွေ ဇွန် ၁၂**

ဇွန် ၁၁ ရက်တွင် ထုတ်ပြန်ခဲ့သည့် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်စာရင်းအရ ရခိုင်ပြည်နယ်၏ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်ချက်ရာခိုင်နှုန်းသည် ယမန်နှစ်နှင့် နှိုင်းယှဉ်ပါက ကျဆင်းခဲ့သော်လည်း ဂုဏ်ထူးဖြင့်အောင်မြင်သည့် ကျောင်းသား ကျောင်းသူ အရေအတွက်တိုးလာကြောင်း သိရသည်။

ယမန်နှစ်က တက္ကသိုလ်ဝင်တန်း စာမေးပွဲ အောင်စာရင်းထုတ်ပြန်ရာတွင် ရခိုင်ပြည်နယ်၌ ဂုဏ်ထူးဖြင့်အောင်မြင်သူအရေအတွက်မှာ ၉၄၇ ဦးသာရှိခဲ့သော်လည်း ယခုနှစ်တွင် ၁၀၇၅ ဦးအထိရှိလာကြောင်း ရခိုင်ပြည်နယ် ပညာရေးမှူးရုံး၏စာရင်းများအရ သိရသည်။

"ဒီနှစ် ၁၀ တန်းစာမေးပွဲက တခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာလည်း အောင်ချက်ရာခိုင်နှုန်း ကျသွားသလို ကျွန်တော်တို့ပြည်နယ်လည်း အောင်ချက်ရာခိုင်နှုန်း ကျသွားပါတယ်။ ဒါပေမယ့် ဒီနှစ် ဂုဏ်ထူးရသူဦးရေကတော့ မနှစ်ကထက် အများကြီးတိုးလာပါတယ်"ဟု ရခိုင်ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်သာက ပြောသည်။

သို့သော် ဘာသာစုံဂုဏ်ထူးရှင်အရေအတွက်မှာ ယမန်နှစ်ကထက် လျော့နည်းခဲ့ပြီး ယမန်နှစ်က ရခိုင်ပြည်နယ်တွင် ဘာသာစုံဂုဏ်ထူးရှင် ၁၈ ဦး ထွက်ပေါ်ခဲ့သော်လည်း ယခုနှစ်တွင်မူ ၁၅ ဦးသာ ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

ယခုနှစ် မြန်မာတစ်နိုင်ငံလုံး၏ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်ချက်ရာခိုင်နှုန်းသည် ကျဆင်းခဲ့ပြီး ရခိုင်ပြည်နယ်တွင်လည်း ယမန်နှစ်က အောင်ချက်ရာခိုင်နှုန်း ၂၃ ဒသမ ၁၃ ရာခိုင်နှုန်းရှိခဲ့သော်လည်း ယခုနှစ်တွင် ၂၁ ဒသမ ၁၉ ရာခိုင်နှုန်းသာ ရှိခဲ့သည်။

ယခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်စာရင်းကို ထုတ်ပြန်ရာတွင် ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် အောင်ချက်ရာခိုင်နှုန်း တတိယအနည်းဆုံးဖြစ်ပြီး ရခိုင်ပြည်နယ်အတွင်းရှိ စာစစ်ဌာနများမှ ကျောင်းသား ကျောင်းသူ ၃၄၈၂၂ ဦး ဝင်ရောက်ဖြေဆိုခဲ့ကာ ၇၃၈၀ အောင်မြင်ခဲ့သည်။

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များအနက် အောင်ချက်ရာခိုင်နှုန်းအများဆုံးမြို့နယ်များမှာ ပေါက်တော၊ မင်းပြားနှင့် ရမ်းဗြဲမြို့နယ်တို့ဖြစ်ပြီး အောင်ချက်ရာခိုင်နှုန်း အနည်းဆုံးမြို့နယ်များမှာ ကျောက်တော်၊ ကျောက်ဖြူနှင့် မြေပုံမြို့နယ်တို့ဖြစ်ကြောင်း ရခိုင်ပြည်နယ် ပညာရေးမှူးရုံး၏စာရင်းများအရ သိရသည်။

**(သုတ)**




ကြေးမုံ နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှုံသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှို

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၀၃၀၊ ဖက်စ် ၀၆၇-၃၆၀၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး ၀၂-၈၆၁၀၆၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

# ပြည်တွင်းရေးရာ

**○ ရှေ့ဖုံးမှ**

အစည်းအဝေးမှာ ထိထိရောက်ရောက်နဲ့ အောင်အောင်မြင်မြင်ဖြစ်အောင် ကျင်းပနိုင်ခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ တက်ရောက်လာကြတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေက ခေါင်းဆောင်ကြီးတွေရော၊ တပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နဲ့ ဆပ်ကော်မတီ(၁)မှ ကော်မတီဝင်တွေအားလုံးဟာ ခုလို Framework Review ပြုလုပ်နိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်မှုကို သေသေချာချာ စိတ်ရှည်လက်ရှည်နဲ့ ညှိနှိုင်းဆွေးနွေးကြတဲ့အတွက် အောင်အောင်မြင်မြင် ပြီးဆုံးသွားပါပြီ။ ဒါကြောင့် လာမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ)မှာ အားလုံးပါဝင်လာနိုင်ဖို့အတွက် NCA လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေလည်း Framework သုံးသပ်ဆွေးနွေးပွဲ (Framework review meeting) မှာ ပါဝင်ဆွေးနွေးနိုင်ဖို့ ထပ်မံဖိတ်ကြားမယ်။ အဖြေတစ်ခုထွက်အောင်လုပ်နိုင်မယ်ဆိုရင် ကျွန်တော်တို့အားလုံး ရည်မှန်းထားတဲ့ ကမ္ဘာအရပ်ရပ်က စောင့်ကြည့်မျှော်လင့်နေကြတဲ့ ငြိမ်းချမ်းရေးဆိုတဲ့ ပန်းတိုင်ကြီးကို ဆုပ်ကိုင်နိုင်မယ်လို့ ကျွန်တော်ယုံကြည်ရင်း အားလုံးကို ကျေးဇူးတင်ကြောင်းပြောချင်ပါတယ်”ဟု ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ) အကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၁) ဒုတိယဥက္ကဋ္ဌ ကရင်အမျိုးသားအစည်းအရုံး (KNU) မှ ပဒိုစောကွယ်ထူးဝင်းက “ကျွန်တော်တို့ လေးရက်မြောက် ဆွေးနွေးပွဲပြီးတဲ့အထိ သောကမရှိဘဲနဲ့ ပွင့်ပွင့်လင်းလင်းနဲ့ ကျွန်တော်တို့ တာဝန်ယူရမယ့် အပိုင်းဖြစ်တဲ့ ဆွေးနွေးစဉ်းစားတဲ့နေရာမှာ ပြည့်ပြည့်စုံစုံနဲ့ ဆောင်ရွက်နိုင်ခဲ့တယ်လို ပြောနိုင်ပါတယ်။ ကျွန်တော်တို့ပြောတဲ့ နိုင်ငံရေးဆွေးနွေးပွဲအောင်မြင်မှုရဖို့ အဓိကကျတာက Framework for Political Dialogue ဖြစ်ပါတယ်။ Framework ဟာ အခုကျွန်တော်တို့နိုင်ငံမှာ နိုင်ငံတော်ရဲ့ရည်မှန်းချက်တစ်ခုဖြစ်တဲ့ ငြိမ်းချမ်းရေးတည်ဆောက်ဖို့အတွက် အဓိကကျတဲ့ ပစ်ခိုက်တိုက်ခိုက်မှုရပ်စဲရေးဖြစ်သလို နိုင်ငံရေးဆွေးနွေးပွဲတွေအတွက် အစလည်းဖြစ်ပါတယ်။ ဒါဟာ တစ်တိုင်းပြည်လုံးနဲ့ ဆက်စပ်နေတယ်။ ပြောရမယ်ဆိုရင် နိုင်ငံရေးပြဿနာဆိုတဲ့နေရာမှာ တိုင်းရင်းသားနဲ့ အစိုးရနှစ်ခုတည်းဖြစ်တဲ့ ပြဿနာမဟုတ်ဘူး။ အခြားအစုအဖွဲ့တွေနဲ့ သက်ဆိုင်တဲ့အကြောင်းတွေလည်း အများကြီးရှိပါတယ်။ ဆွေးနွေးမှုကတော့ စဉ်းစားသုံးသပ်မှုအပိုင်းမှာ ပြည့်ပြည့်စုံစုံ ဆောင်ရွက်ခဲ့ပြီးပြီ”ဟု ပြောကြားသည်။



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ) အကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၁) ညှိနှိုင်းအစည်းအဝေး စတုတ္ထနေ့ ကျင်းပစဉ်။

ယနေ့ပြုလုပ်သည့် အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ရုပ်သိမ်းခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက ပြည်တွင်း ပြည်ပမီဒီယာများ၏ မေးမြန်းမှုများကို ဖြေကြားခဲ့သည်။

**သတင်း - ရဲခေါင်ညွန့်၊ ဓာတ်ပုံ - ဖိုးထောင်**

# သထုံတွင် မိုးကာလ လျှပ်စစ်အန္တရာယ်ကင်းစင်ရေး ပညာပေးခြင်းနှင့် ဝန်ဆောင်မှုများကိုပါ ဆောင်ရွက်မည်

**သထုံ ဇွန် ၁၂**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ လျှပ်စစ်မီးအသုံးပြုသူ ပြည်သူများအား မိုးကာလတွင် လျှပ်စစ်အန္တရာယ်ကင်းစင်ရေးအတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေပြီး လျှပ်စစ်ကို ပိုမိုအန္တရာယ်ကင်းစွာ အသုံးပြုနိုင်ရေးအတွက် လိုအပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



“ပြည်သူတွေ ပိုပြီးအန္တရာယ်ကင်းဖို့ တစ်အိမ်တက်တစ်အိမ်ဆင်းလိုက်ပြီး စစ်ဆေးတာတွေ လုပ်နေပါတယ်။ ဒီလိုစစ်ဆေးတဲ့နေရာမှာ လိုအပ်ချက်တွေရှိလာရင် ပြည်သူက ကုန်ကျစရိတ်ကျခံပြီး ဝန်ထမ်းတွေကတော့ အခမဲ့လိုက်လံတပ်ဆင်ပေးသွားမှာပါ” ဟု သထုံမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းမောင်ကပြောသည်။

လျှပ်စစ်နှင့်ပတ်သက်သည့် အသိပညာများရရှိနိုင်အောင် ပညာပေးလက်ကမ်းစာစောင်များကို ပြည်သူများထံ လိုက်လံဖြန့်ဝေပေးပြီး သထုံမြို့နယ်အတွင်း လျှပ်စစ်နဲ့ပတ်သက်သည့် အရေးပေါ်အခြေနေများဖြစ်လာပါက အလွယ်တကူဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်များကို ဖြန့်ဝေပေးထားကာ အများပြည်သူမြင်သာမည့် နေရာများတွင် ကပ်ထားပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လက်ရှိအချိန်တွင် သထုံမြို့နယ်အတွင်းရှိ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်ခန့် လျှပ်စစ်မီးကိုအသုံးပြုနေပြီး ထရန်စဖော်မာ ၁၃၇ လုံး၊ လျှပ်စစ်မီတာ ၁၆၆၀၄ လုံးကို အသုံးပြုနေကြောင်း သိရသည်။

သထုံမြို့နယ်အတွင်း လျှပ်စစ်မီးအသုံးပြုနေသည့်ဒေသအားလုံးအား လျှပ်စစ်နှင့်ပတ်သက်သည့် ပညာပေးစစ်ဆေးရေးလုပ်ငန်းများကို တစ်လလျှင် ငါးရက်နှုန်းခန့် အဖွဲ့ငယ် ၁၀ ဖွဲ့ဖြင့် လိုက်လံဝန်ဆောင်မှုပေး ဆောင်ရွက်သွားမည်ဖြစ်ပြီး ဓာတ်အားလိုင်းကြိုးများ ပြတ်ကျနေခြင်း၊ လျော့ကျနေခြင်း၊ ဓာတ်အားလိုင်းများပေါ်သို့ သစ်ပင်သစ်ကိုင်းများလဲကျ၊ ကျိုးကျနေခြင်း၊ အိမ်သွယ်ဆားဗစ်ဝါယာကြိုးများ နေအိမ်သွပ်မိုး၊ သံဆန်ခါ ခြံစည်းရိုးများပေါ်သို့ တင်နေခြင်း၊ ထိနေခြင်း၊ လျော့ကျပြတ်ကျနေခြင်းမရှိစေရန် လိုက်လံစစ်ဆေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

**သက်ဦး(သထုံ)**

**❒ ရေလုပ်ငန်းမှ**

ကော်မတီအဖွဲ့ဝင် ဦးခင်မျိုးဝင်းတို့က ဒေသခံရေလုပ်ငန်းရှင်များနှင့် အကြံပြုဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှသန်း၊ မြိတ်ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစန်းမောင်နှင့် တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးသက်စိုးတို့က မြိတ်ဒေသအတွင်းရှိ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေမှုများ၊ ငါးဈေးကွက်နှင့်ပတ်သက်၍ ပြည်တွင်းဈေးကွက်မရှိသဖြင့် တစ်ဖက် ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချနေမှုများကို လည်းကောင်း၊ ငါးမဖမ်းရကာလအတွင်း ငါးဖမ်းဆီးမှုရပ်နားထားမှုများ၊ ရေလုပ်ငန်းဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၊ ရေလုပ်ငန်းရှင်များ၊ ကင်းမွန်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက ဒေသတွင်းငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေမှုနှင့် ရေလုပ်ငန်းရေရှည်တည်တံ့ရေးအတွက် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပြီး ယင်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ မြိတ်ကျွန်းစုအတွင်းရှိ ပင်လယ်ရွာများသို့ သွားရောက်ပြီး ရေလုပ်ငန်းနှင့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အမှီပြုနေကြသော ဒေသခံတို့၏ လူနေမှုဘဝနှင့် အခက်အခဲများ၊ ရေလုပ်သားများ၏ အခက်အခဲများကို ကွင်းဆင်းလေ့လာပြီး ပြည်သူကို အမှန်တကယ်အကျိုးပြုမည့် ဥပဒေကြမ်းတစ်ခုရေးဆွဲနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မျိုးနိုင်(ခရိုင်ပြန်/ဆက်)**

# အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော ဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စနစ်တကျ စီစဉ်ကွပ်ကဲကြပ်မတ်လျက်ရှိပါသည်။

၂။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ဈေးကွက်အတွင်းရှိ ဆေးဝါးများကို စိစစ်ခဲ့ရာ အောက်ဖော်ပြပါ ဆေးဝါး ၁၀ မျိုးသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော တရားမဝင် ဆေးဝါးများဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

| စဉ် | ဆေးအမည် | ဆေးဘူး/ဆေးကတ်တွင် ဖော်ပြချက် |
|---|---|---|
| ၁။ | Compound Ketoconazole Cream | တရုတ်စာများဖြင့် ဖော်ပြထားပါသည်။ |
| ၂။ | Chlorpheniramine Tablets (Chlorpheniramine maleate 4 mg) | K.B P'cal Co.Ltd, Bangkok |
| ၃။ | Cicatrin Powder (Neomycin sulphate BP 3300 units/g, Bacitracin Zine BP 250 units/g) | Glaxo Smithkline Pakistan Ltd, Karachi |
| ၄။ | Chloramphenicol Capsules (Chloramphenicol BP 250mg) | Jiangxi LB P'cal Co.Ltd, P.R.China |
| ၅။ | Chloramphenicol Palmitate Oral Suspension BP [(Chloramphenicol 125 mg (as Chloramphenicol palmitate BP)]/5ml | Torque P'cals (P) Ltd |
| ၆။ | Buscopan Tablets (Hyoscine Butylbromide BP 10 mg) | Merck(Pvt) Ltd, Pakistan |
| ၇။ | Analjin-500 Tablet (Metamizole sodium 500 mg) | Shanxi Hengruida P'cal Co. Ltd |
| ၈။ | Nifedipine Tablet 10 mg | Lin Fen Bao Zhu P'cal Co.Ltd. |
| ၉။ | Cycovit 25 Tablets [(Vitamin $B_{12}$ (Cyanocobalamin 25 mcg)] | Chalermchai Ltd,Parntership |
| ၁၀။ | Piyenchin Solution 10 ml (Naphazoline HCL solution 1:1000) | Jiangxi Xier Kangtai P'cal Co.Ltd. |

၃။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ရရှိထားသော ဆေးဝါးများကို ဆရာဝန်ညွှန်ကြားချက်ဖြင့် ဝယ်ယူသုံးစွဲပါရန် အသိပေးအပ်ပါသည်။ ထို့အပြင် ပြည်သူ့ကျန်းမာရေးအတွက် စောင့်ရှောက်မှုဆောင်ရွက်ပေးသူများအနေဖြင့် မိမိတို့သုံးစွဲနေသည့် ဆေးဝါးများနှင့်ပတ်သက်၍ သံသယဖြစ်ဖွယ် တစ်စုံတစ်ရာရှိပါက သတင်းပေးပို့အကြောင်းကြားနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

၄။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့်ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများကို တင်သွင်းဖြန့်ဖြူးရောင်းချခြင်း(လက်လီ/လက်ကား) လုံးဝမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက အမျိုးသားဆေးဝါးဥပဒေပုဒ်မ (၁၈)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ရှန်ဟိုင်းမြို့ရှိ ဖူတုန်းနိုင်ငံတကာလေဆိပ်၌ ပေါက်ကွဲမှုဖြစ်ပွား၊ သုံးဦးထက်မနည်း ဒဏ်ရာရ

**ရှန်ဟိုင်း ဇွန် ၁၂**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ ဖူတုန်းနိုင်ငံတကာလေဆိပ် အဆောက်အအုံအတွင်း ဇွန် ၁၂ ရက် မွန်းလွဲပိုင်းက ပေါက်ကွဲမှုဖြစ်ပွားရာ လူသုံးဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိကြောင်း တရုတ်သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဖူတုန်းနိုင်ငံတကာလေဆိပ်၏ အမှတ်-၂ ခရီးသည်များ နားနေဆောင်ရှိ လေယာဉ်စီးခရီးသည်များ စာရင်းသွင်းသည့်ကောင်တာအနီး ဇွန် ၁၂ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

လက်လုပ်ဗုံးတစ်လုံး ပေါက်ကွဲသည်ဟု ယူဆရကြောင်း၊ စုံစမ်းစစ်ဆေးမှု ပြုလုပ်လျက်ရှိကြောင်း ရှန်ဟိုင်းလေဆိပ်အာဏာပိုင်အဖွဲ့က ပြောကြားသည်။

ကျယ်လောင်သည့် ပေါက်ကွဲသံကြီး ပေါ်ထွက်ခဲ့ပြီး လူသုံးဦးထက်မနည်း ဒဏ်ရာရရှိကြောင်း၊ နှစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

လေယာဉ်စီးခရီးသည်များ စာရင်းသွင်းသည့်ကောင်တာရှေ့၌ တန်းစီနေသော ခရီးသည်များအနက် အမျိုးသားခရီးသည်တစ်ဦး၏ လက်အတွင်း ကိုင်ဆောင်ထားသောဗုံးတစ်လုံး ပေါက်ကွဲခဲ့သည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

ပေါက်ကွဲမှုဖြစ်ပွားခြင်းကြောင့် အဆိုပါ အမျိုးသားမှာလည်း ဒဏ်ရာရရှိခဲ့ပြီး ကြမ်းပြင်ပေါ်လဲကျသွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ရဲတပ်ဖွဲ့အား ပြောကြားသည်။

**ဆင်ဟွာ။**





# အမေရိကန်နိုင်ငံ အော်လန်ဒိုမြို့ရှိ ညကပွဲရုံ၌ အသေအပျောက်များသော သေနတ်ပစ်ခတ်မှုဖြစ်ပွား

**အော်လန်ဒို (ဖလော်ရီဒါ) ဇွန် ၁၂**

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် အော်လန်ဒိုမြို့ရှိ ညကပွဲရုံတစ်ရုံတွင် ဇွန် ၁၂ ရက် လင်းအားကြီးအချိန်က သေနတ်ပစ်ခတ်မှု ဖြစ်ပွားရာ လူ ၂၀ ခန့် သေဆုံးကြောင်း၊ ၄၂ ဦးထက်မနည်းကို ဆေးဝါးကုသမှု ပြုလုပ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အော်လန်ဒိုမြို့လယ်ရှိ လိင်တူ ချစ်သူများ ဆုံစည်းရာ "ဗိန်းဗောင်းသံ"ဟု အမည်ပေးထားသော ညကပွဲရုံ၌ သေနတ်သမားတစ်ဦးက ပျော်ပါးကခုန်နေကြသော လူအုပ်အတွင်းသို့ သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ တိုက်ခိုက်ရေးသေနတ်အမျိုးအစား သေနတ်တစ်လက်၊ ပစ္စတိုသေနတ်တစ်လက်နှင့် အခြားလက်နက်ကိရိယာတစ်မျိုးတို့ကို ကိုင်ဆောင်ထားသူ သေနတ်သမားနှင့် ရဲတပ်ဖွဲ့ဝင် ကိုးဦးခန့် အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

နောက်ဆုံးတွင် ရဲတပ်ဖွဲ့ဝင်များက သေနတ်သမားကို ပစ်သတ်ကာ အသေဖမ်းဆီးနိုင်ခဲ့သည်။

အကြမ်းဖက်တိုက်ခိုက်မှုအဖြစ် အာဏာပိုင်များက ယူဆပြီး ပြည်ထောင်စု စုံစမ်းစစ်ဆေးရေးဗျူရိုက စုံစမ်းစစ်ဆေးလျက်ရှိသည်။

**ရိုက်တာ။**

# နိုင်ငံတကာ ယောဂကျင့်စဉ် စုပေါင်းလေ့ကျင့်ပွဲများ နယူးယောက်နှင့် ကုလဌာနချုပ်တို့၌ ကျင်းပမည်

**နယူးယောက် ဇွန် ၁၂**

ဇွန် ၂၁ ရက်တွင် ကျရောက်မည့် ဒုတိယအကြိမ် "နိုင်ငံတကာ ယောဂကျင့်စဉ်နေ့" အထိမ်းအမှတ် အခမ်းအနားများကို အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့နှင့် ယင်းမြို့အနီးတစ်ဝိုက် ဒေသများ၌ ကျင်းပရန် ယောဂကျင့်စဉ် ဂုရုကြီးများနှင့် ယင်းမြို့အခြေစိုက် အိန္ဒိယမျိုးနွယ်အသိုက်အဝန်းမှ လူမှုရေးအသင်းအဖွဲ့များက ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ဇွန် ၂၁ ရက်တွင် ကုလသမဂ္ဂဆိုင်ရာ အိန္ဒိယသံအဖွဲ့နှင့် ကုလသမဂ္ဂ ပြန်ကြားရေးဌာနတို့ ပူးပေါင်းကာ ၂၀၁၆ ခုနှစ် နိုင်ငံတကာ ယောဂကျင့်စဉ်နေ့ အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပမည်ဖြစ်သည်။

ဇွန် ၂၁ ရက်တွင် နယူးယောက်နှင့် ယင်းမြို့အနီးတစ်ဝိုက်ဒေသများရှိ စာသင်ကျောင်းများ၊ ဘုရားကျောင်းများနှင့် ကမ္ဘာလှည့်ခရီးသည်များ အရောက်အပေါက်အများဆုံးနေရာများတွင် ယောဂကျင့်စဉ် စုပေါင်းလေ့ကျင့်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

နယူးယောက်မြို့ရှိ နာမည်ကျော် တိုင်းမ်စကွဲယားရင်ပြင်တွင် ကျင်းပမည့် ယောဂကျင့်စဉ် စုပေါင်းလေ့ကျင့်ပွဲသို့ ယောဂကျင့်စဉ် မြတ်နိုးသူ လူထောင်ပေါင်းများစွာ တက်ရောက်မည်ဟု မျှော်လင့်ရသည်။

ကုလသမဂ္ဂဆိုင်ရာ အိန္ဒိယသံတမန်အဖွဲ့က ဇွန် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ယောဂကျင့်စဉ် စုပေါင်းလေ့ကျင့်ပွဲများကို ကျင်းပသည့်အခါ အိန္ဒိယယောဂဂုရုကြီး ဗာဆုဒက်၊ ၂၀၁၄ ခုနှစ် အမေရိကအလှမယ် ဒါဗူလူရီ၊ သံတမန်များနှင့် ကုလသမဂ္ဂတာဝန်ရှိသူများ တက်ရောက်ရန် စီစဉ်ထားသည်။

ရေရှည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်ရေးအတွက် ယောဂကျင့်စဉ်က အထောက်အကူပေးရေးဟူသော ဆောင်ပုဒ်ဖြင့် ယောဂကျင့်စဉ် စုပေါင်းလေ့ကျင့်ပွဲကို ကုလသမဂ္ဂဌာနချုပ်၌ ဇွန် ၂၀ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**ပီတီအိုင်။**



# ဂျပန်နိုင်ငံတွင် အေတီအမ်ငွေကတ်အတုဖြင့် ငွေထုတ်သူနှစ်ဦးအားဖမ်းဆီး

**ကျိုတို ဇွန် ၁၂**

ဂျပန်နိုင်ငံတစ်ဝန်း အေတီအမ်ငွေကတ်အတုများ အသုံးပြုပြီး အမေရိကန်ဒေါ်လာ ၁၆ သန်းကျော်ကို နာရီအနည်းငယ်အတွင်း လိမ်လည်ထုတ်ယူခဲ့သူနှစ်ဦးကို ဂျပန်ရဲအရာရှိများက ဖမ်းဆီးခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

အသက် (၃၀) အရွယ်များဖြစ်ကြသည့် ကန်ဂျီဆူဂျီမူရာနှင့် တာကာဟီရိုဆာကူမာတို့အား ဇွန် ၁၁ ရက်တွင် ရဲအရာရှိများက ဖမ်းဆီးခဲ့သည်။ ၎င်းတို့နှစ်ဦးသည် တိုကျိုမြို့အနီး ကာနာဂါဝါစီရင်စုတွင် အတူတကွနေထိုင်ကြသည်။

ကန်ဂျီဆူဂျီမူရာသည် ကာနာဂါဝါစီရင်စု၏ စတိုးဆိုင်တစ်ခုရှိ အေတီအမ်ငွေထုတ်စက်မှ အမေရိကန်ဒေါ်လာ ၁၇၀၀၀ ကျော်ကို အေတီအမ်ငွေကတ်အတုဖြင့် ၁၉ ကြိမ်ထုတ်ယူခဲ့ပြီး တာကာဟီရိုဆာကူမာက အဆိုပါစီရင်စုအတွင်းရှိ အခြားသော အေတီအမ်ငွေထုတ်စက်တစ်ခုမှ အမေရိကန်ဒေါ်လာ ၄၆၀၀ ခန့်ကို လိမ်လည်ထုတ်ယူခဲ့သည်။ ထို့ပြင် အခြားသော ငွေထုတ်စက်များမှလည်း လိမ်လည်ထုတ်ယူခဲ့ကြသည်။

ငွေထုတ်စက်မှ ငွေလိမ်လည်သည့်အကြောင်းကို ရုပ်သံလိုင်းတစ်ခုတွင် ဖော်ပြခဲ့ရာ ၎င်းတို့၏လုပ်ရပ်များအတွက် အလွန်ပင်ကြောက်ရွံ့ခဲ့ကြောင်း ရဲအရာရှိများအား အဆိုပါနှစ်ဦးက ဖွင့်ဟပြောဆိုခဲ့သည်။

ငွေကြေးလိမ်လည်ထုတ်ယူပေးသည့်အတွက် ၎င်းတို့အား စေခိုင်းသူက မသမာကြေးအဖြစ် ဆူဂျာမူရာက အမေရိကန်ဒေါ်လာ ၄၆၀၀ ရရှိခဲ့ပြီး ဆာကူမာက ဒေါ်လာ ၄၆၀ ရရှိခဲ့ကြောင်း ၎င်းတို့က ရဲအရာရှိများအား ပြောကြားခဲ့သည်။

မေ ၁၅ ရက်တွင် အဆိုပါငွေလိမ်လည်ထုတ်ယူမှုများ ဖြစ်ပွားခဲ့သည်။ ၎င်းတို့နှစ်ဦးသည် သုံးနာရီအတွင်း စီရင်စု ၁၇ ခုအတွင်းရှိ အေတီအမ်ငွေထုတ်စက်များမှ အမေရိကန်ဒေါ်လာ ၁၆ သန်းကျော်ကို လိမ်လည်ထုတ်ယူနိုင်ခဲ့သည်။

ထိုသို့ ငွေကတ်အတုဖြင့် လိမ်လည်ထုတ်ယူနိုင်ခြင်းသည် တောင်အာဖရိကဘဏ်တစ်ခုမှ သတင်းအချက်အလက်ရယူကာ ငွေကတ်အတုများကို လုပ်ဆောင်ထားသည်ဟု စုံစမ်းစစ်ဆေးသူများက ထင်မြင်ယူဆကြသည်။

ယခင်က အီချီစီရင်စုနှင့် တိုကျိုမြို့များတွင် ယင်းသို့ ငွေကတ်အတုများ အသုံးပြုပြီး ငွေလိမ်လည်ထုတ်ယူသူ သုံးဦးကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# နိုင်ငံတကာမြင်ကွင်း

ရဲရင့်လင်းလက်

ဇွန်လ ၇ ရက်နေ့က အမေရိကန်နိုင်ငံရဲ့ပြည်နယ်ခြောက်ပြည်နယ်မှာ ပါတီတွင်းရွေးကောက်ပွဲတွေပြုလုပ်ပြီးချိန်မှာ ဟီလာရီကလင်တန်ဟာ ပါတီကိုယ်စားလှယ် ၂၇၇၇ ဦးရဲ့ထောက်ခံမှုကိုရရှိခဲ့ပါတယ်။ ဒီမိုကရက်တစ်ပါတီကိုယ်စားပြု သမ္မတလောင်းဖြစ်ဖို့ဆိုရင် ပါတီကိုယ်စားလှယ် ၂၃၈၃ ဦးရဲ့ ထောက်ခံမှုလိုအပ်ပါတယ်။ ဒါကြောင့် ဟီလာရီကလင်တန်ဟာ ဒီမိုကရက်တစ်ပါတီကိုယ်စားပြု သမ္မတလောင်းဖြစ်သွားပါပြီ။ ဒေါ်နယ်ထရန့်ကလည်း ရီပတ်ဘလီကင်ပါတီကိုယ်စားပြု သမ္မတလောင်းဖြစ်နေပြီမို့ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ရွေးကောက်ပွဲမှာ ဟီလာရီကလင်တန်နဲ့ ဒေါ်နယ်ထရန့်တို့ အကြိတ်အနယ်ယှဉ်ပြိုင်ရတော့မှာပါ။ အမေရိကန်နိုင်ငံရဲ့ သမ္မတသစ်ဘယ်သူဖြစ်နိုင်သလဲဆိုတာကို မဆွေးနွေးခင် ၂၀၁၆ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲရဲ့ ထူးခြားချက်တွေကို ကြည့်ရအောင်ပါ။

၂၀၁၆ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲရဲ့ ပထမထူးခြားချက်ကတော့ ယှဉ်ပြိုင်ကြမယ့် သမ္မတလောင်း နှစ်ဦးစလုံးရဲ့အသက်အရွယ်ဟာ ဘဝနေဝင်ဆည်းဆာအရွယ်လို့ပြောနိုင်တဲ့ အရွယ်ဖြစ်နေတာပါ။ ဒေါ်နယ်ထရန့်ဟာ ဇွန် ၁၄ ရက်ဆိုရင် အသက်(၇၀) ပြည့်ပါပြီ။ ဟီလာရီကလင်တန်ကလည်း ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၆ ရက်က (၆၈)နှစ်ပြည့်ခဲ့တာမို့ ရွေးကောက်ပွဲကျင်းပချိန်မှာ (၆၉)နှစ်ပြည့်ပြီးစ (၇၀) ထဲရောက်နေပါပြီ။ သမ္မတတာဝန်ကို စတင်ထမ်းဆောင်ခဲ့တဲ့အချိန်က သမ္မတ အိုဘားမားရဲ့ အသက် (၄၇)နှစ်နဲ့ နှိုင်းယှဉ်ကြည့်လိုက်ရင်တော့ သမ္မတလောင်း နှစ်ဦးစလုံးရဲ့ အသက်အရွယ်ကြီးရင့်နေတာက ပေါ်လွင်ပါတယ်။ အကောင်းဘက်ကပြောရရင်တော့ ဒီလိုအရွယ်မှာ ဒီလောက်ကျန်းမာပြီး ဒီလောက်တက်တက်ကြွကြွစူးစူးစိုက်စိုက်လုပ်နိုင်တာက ချီးကျူးစရာပါ။ ဒုတိယထူးခြားချက်ကတော့ ၂၀၁၆ ခုနှစ် သမ္မတရွေးကောက်ပွဲဟာ ၁၉၄၄ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် နယူးယောက်မြို့သူမြို့သား သမ္မတလောင်းနှစ်ဦးယှဉ်ပြိုင်တဲ့ သမ္မတရွေးကောက်ပွဲဖြစ်နေတာပါ။ တတိယထူးခြားချက်ကတော့ ဒေါ်နယ်ထရန့်ရဲ့ ရွေးကောက်ပွဲမဲဆွယ်စရိတ်က အမေရိကန်သမ္မတရွေးကောက်ပွဲ မဲဆွယ်စရိတ်သမိုင်းမှာ အတော်ကြီးကိုနည်းနေတာပါ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ မှတ်တမ်းတွေအရ ဒေါ်နယ်ထရန့်မဲဆွယ်စရိတ်ဟာ ၂၀၁၆ ခုနှစ် ဧပြီလကုန်ထိ ဒေါ်လာ ၄၉ သန်းပဲရှိပါသေးတယ်။ ဒီဒေါ်လာ ၄၉ သန်းထဲက ၃၆ သန်းဟာ ဒေါ်နယ်ထရန့်ရဲ့ကိုယ်ပိုင်ပိုက်ဆံပါ။ အမေရိကန်သမ္မတ ရွေးကောက်ပွဲမဲဆွယ်စရိတ်သမိုင်းမှာ ဒုတိယအနည်းဆုံးဖြစ်တဲ့ အယ်လ်ဂိုးရဲ့ ၂၀၀၀ ပြည့်နှစ် မဲဆွယ်စရိတ်တောင် ဒေါ်လာ ၁၂၆ သန်းရှိပါတယ်။ ဟီလာရီကလင်တန်ရဲ့ မဲဆွယ်စရိတ်ဟာ ခုချိန်ထိဒေါ်လာ ၁၈၇ သန်းကျော်နေပါပြီ။ ၂၀၀၈ ခုနှစ် သမ္မတအိုဘားမားရဲ့ မဲဆွယ်စရိတ်ဟာ မဲဆွယ်စရိတ်သမိုင်းမှာ အများဆုံးပါ။ ဒေါ်လာသန်း ၆၀၀ ရှိပါတယ်။ စတုတ္ထထူးခြားချက်ကတော့ ဒေါ်နယ်ထရန့်ဟာ နိုင်ငံရေးနယ်ပယ်မှာ လုံးဝအတွေ့အကြုံမရှိခဲ့တာပါ။ ပြီးခဲ့တဲ့နှစ်ပေါင်း ၆၀ ကျော်အတွင်း ပြည်နယ်အုပ်ချုပ်ရေးမှူးတာဝန်(ဒါမှမဟုတ်) အမေရိကန်




အထက်/အောက်လွှတ်တော် တာဝန်တစ်ရပ်ရပ် မထမ်းဆောင်ခဲ့ဘဲ အမေရိကန်သမ္မတဖြစ်လာခဲ့သူ တစ်ဦးမှ မရှိခဲ့ပါဘူး။ ဖြစ်ချင်တော့ အမေရိကန်နိုင်ငံရေးစနစ်အပေါ် စိတ်ကုန်နေတဲ့ အမေရိကန်ပြည်သူတွေကြားမှာ ဒေါ်နယ်ထရန့်ရဲ့ နိုင်ငံရေးအတွေ့အကြုံကင်းမဲ့မှုက မက်လုံးတစ်ခုလိုဖြစ်နေပါတယ်။ ပြောရရင် ကာစီနိုလောင်းကစားဝိုင်းတွေ၊ ဟိုတယ်တွေပိုင်တဲ့ သမ္မတလောင်းဆိုလို့ ဒေါ်နယ်ထရန့်ပဲရှိပါတယ်။

ပဉ္စမထူးခြားချက်က ဟီလာရီကလင်တန်နဲ့ပတ်သက်နေပါတယ်။ ဟီလာရီကလင်တန်ဟာ အမေရိကန်နိုင်ငံသမိုင်းမှာ အဓိကနိုင်ငံရေးပါတီကြီးတစ်ရပ်ရဲ့ သမ္မတလောင်းအဖြစ်ရွေးချယ်ခံခဲ့ရတဲ့ ပထမဦးဆုံးသောအမျိုးသမီးပါ။ သမ္မတအဖြစ်ရွေးချယ်ခံခဲ့ရရင်လည်း အမေရိကန်နိုင်ငံရဲ့ ပထမဦးဆုံးသော အမျိုးသမီးသမ္မတအဖြစ် သမိုင်းမှတ်တိုင်စိုက်ထူနိုင်မှာပါ။ အမေရိကန်နိုင်ငံရဲ့ ပထမဦးဆုံးသော အမျိုးသမီးသမ္မတလောင်းဟာ ၁၉၈၄ ခုနှစ် သမ္မတရွေးကောက်ပွဲမှာ ဒီမိုကရက်တစ်ပါတီကိုယ်စားပြု သမ္မတလောင်း ဝေါ်လ်တာမွန်းဒေး(Walter Mondale)ရဲ့ ဒု-သမ္မတလောင်း ဂျရယ်ဒင်းဖာရာရို(Geraldine Ferraro)ပါ။ ဆဋ္ဌမထူးခြားချက်ကတော့ အမေရိကန်သမ္မတရာထူးအလွှဲအပြောင်းနဲ့ သက်ဆိုင်နေပါတယ်။ အမေရိကန်နိုင်ငံရဲ့သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့တဲ့ ပုဂ္ဂိုလ်တွေရဲ့သမိုင်းကိုကြည့်လိုက်ရင် သမ္မတတာဝန်သက်တမ်းကုန်ဆုံးသွားတဲ့ ဒီမိုကရက်တစ်ပါတီကိုယ်စားပြု သမ္မတနေရာကို နောက်ဒီမိုကရက်တစ်ပါတီကိုယ်စားပြု သမ္မတတစ်ဦးက လွှဲပြောင်းရယူတာဝန်ဆက်ခံခဲ့တာဟာ နှစ်ကြိမ်ပဲရှိပါတယ်။ ဒီလိုစွမ်းဆောင်နိုင်ခဲ့တဲ့ အနီးကပ်ဆုံး ဒီမိုကရက်တစ်ပါတီကိုယ်စားပြု သမ္မတ ဂျိမ်းဗျူးခါနန်(James Buchanan)ပါ။ ဂျိမ်းဗျူးခါနန် ဟာ အမေရိကန်သမ္မတအဖြစ် ၁၈၅၇ ခုနှစ်ကနေ ၁၈၆၁ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဒါကြောင့် ဟီလာရီကလင်တန်ကသာ သမ္မတအိုဘားမားရဲ့နေရာမှာ သမ္မတအဖြစ်လွှဲပြောင်းရယူဆက်ခံနိုင်ခဲ့ရင် ဒီမိုကရက်တစ်ပါတီအတွက် သမိုင်းဝင်အောင်ပွဲလို့ ပြောရမှာပါ။

၂၀၁၆ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲမှာ ဘယ်သူနိုင်မလဲဆိုတာကို မှန်းဆနိုင်ဖို့ ၂၀၁၅ ခုနှစ် ဇူလိုင်လကနေ ၂၀၁၆ ခုနှစ် မေလအထိ ကောက်ယူရရှိခဲ့တဲ့ လူထုစစ်တမ်းတွေရဲ့ ရလဒ်ကိုကြည့်ရအောင်ပါ။ စစ်တမ်းရဲ့သဘောက ဟီလာရီကလင်တန်အပေါ် လူထုထောက်ခံမှုရာခိုင်နှုန်းဘယ်လောက်ရှိတယ်။ ဒေါ်နယ်ထရန့်အပေါ် လူထုထောက်ခံမှုရာခိုင်နှုန်းဘယ်လောက်ရှိတယ်ဆိုတာကို သဘောထားတောင်းယူကောက်ခံခဲ့တာပါ။ ဟီလာရီကလင်တန်အပေါ် လူထုထောက်ခံမှုအများဆုံးအချိန်ဟာ ၂၀၁၅ ခုနှစ် ဇူလိုင် ၁ ရက်ပါ။ ၅၃ ဒသမ ၃ ရာခိုင်နှုန်းရှိပါတယ်။ ဒေါ်နယ်ထရန့်အပေါ် လူထုထောက်ခံမှုအများဆုံးအချိန်ဟာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၅ ရက်ပါ။ ၄၄ ဒသမ ၃ ရာခိုင်နှုန်းရှိပါတယ်။ ဟီလာရီကလင်တန်အပေါ် လူထုထောက်ခံမှုအနည်းဆုံးအချိန်ဟာ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၁ ရက်ပါ။ ၄၄ ရာခိုင်နှုန်းရှိပါတယ်။ ဒေါ်နယ်ထရန့်အပေါ် လူထုထောက်ခံမှုအနည်းဆုံးအချိန်ဟာ ၂၀၁၅ ခုနှစ် ဇူလိုင် ၁ ရက်ပါ။ ၃၃ ဒသမ ၇ ရာခိုင်နှုန်းရှိပါတယ်။ ဒါကြောင့် ပြန်ကြည့်လိုက်ရင် ဟီလာရီကလင်တန်အပေါ် လူထုထောက်ခံမှုအများဆုံးအချိန်မှာ ဒေါ်နယ်ထရန့်အပေါ် လူထုထောက်ခံမှုက နောက်မှာအဝေးကြီးပြတ်ကျန်နေပါတယ်။ ဒါပေမယ့် အဲဒီအနေအထားကနေ ဟီလာရီကလင်တန်အပေါ် လူထုထောက်ခံမှုဟာ တဖြည်းဖြည်း ကျလာပြီး ဒေါ်နယ်ထရန့်အပေါ် လူထုထောက်ခံမှုက တဖြည်းဖြည်းတက်လာပါတယ်။ ဟီလာရီကလင်တန်က အကျ ဒေါ်နယ်ထရန့်က အတက်ဆိုပေမယ့်လည်း ၂၀၁၆ ခုနှစ် မေလမှာရှိတဲ့ လူထုထောက်ခံမှုကို ကြည့်လိုက်ရင် ဟီလာရီကလင်တန်ကပဲ ဦးဆောင်နေပါတယ်။ ဟီလာရီကလင်တန်အပေါ် လူထုထောက်ခံမှုက ၄၆ ရာခိုင်နှုန်းကျော်ရှိပြီး ဒေါ်နယ်ထရန့်အပေါ် လူထုထောက်ခံမှုက ၄၀ ရာခိုင်နှုန်းကျော်ပဲ ရှိပါတယ်။

၂၀၁၆ ခုနှစ် သမ္မတရွေးကောက်ပွဲမှာ ဖြစ်လာနိုင်တဲ့အခြေအနေကို အကြမ်းဖျင်းကြည့်ရအောင်ပါ။ Washington Post သတင်းစာက ကောက်ယူခဲ့တဲ့စစ်တမ်းအရ ရီပတ်ဘလီကင်ပါတီဝင်တွေရဲ့ ၈၅ ရာခိုင်နှုန်းက ဒေါ်နယ်ထရန့်ကိုထောက်ခံကြပါတယ်။ ရီပတ်ဘလီကင်ပါတီဝင်အများစုရဲ့သဘောထားက "ငါတို့လူဘယ်လိုပဲအဆိုးတွေရှိရှိ ငါတို့လူပဲထောက်ခံကြမယ်"ဆိုတဲ့သဘောလို့ပြောရမှာပါ။ ဒီမိုကရက်တစ်ပါတီဘက်ကိုကြည့်တဲ့အခါ Economist\You Gov တို့ထောက်ခံခဲ့တဲ့ လူထုစစ်တမ်းအရ ဘာနီဆန်ဒါးကိုထောက်ခံခဲ့တဲ့ ဒီမိုကရက်တစ်ပါတီဝင်တွေရဲ့ ၅၅ ရာခိုင်နှုန်းကပဲ ဟီလာရီကလင်တန်ကို ဆန္ဒမဲပေးမယ်လို့ပြောပြီး ၁၅ ရာခိုင်နှုန်းကတော့ ဒေါ်နယ်ထရန့်ကိုပဲ ထောက်ခံမယ်လို့ပြောကြပါတယ်။ ကျန် ၃၀ ရာခိုင်နှုန်းကတော့ မဆုံးဖြတ်ရသေးပါဘူးလို့ ပြောဆိုခဲ့ပါတယ်။ ဒါကြောင့် ပါတီအလိုက်ပါတီတွင်းထောက်ခံမှုကိုကြည့်ရင် ဒေါ်နယ်ထရန့်က ဟီလာရီကလင်တန်ထက် အခြေအနေပိုကောင်းနေပုံရပါတယ်။ ဒီအချက်အပေါ် သုံးသပ်ကြည့်ရင် အရွေးမခံရလည်း ဇူလိုင်လ နိုင်ငံလုံးဆိုင်ရာပါတီညီလာခံအထိ ဆက်ယှဉ်ပြိုင်မယ်ဆိုတဲ့ ဘာနီဆန်ဒါးရဲ့ရပ်တည်ချက်ကလည်း အကြောင်းရင်းခံတစ်ခုလိုဖြစ်နေပါတယ်။ ဒါပေမယ့် အမေရိကန်နိုင်ငံသူ နိုင်ငံသားတွေထဲမှာ လူနည်းစုတွေနဲ့ အမျိုးသမီးတွေရဲ့ထောက်ခံမှုကို ကြည့်ရင်တော့ ဟီလာရီကလင်တန်က ပြတ်ပြတ်သားသားဦးဆောင်မှုရထားတယ်လို့ ပြောရမှာပါ။ Washington Post သတင်းစာရဲ့ လူထုစစ်တမ်းအရ လူဖြူမဟုတ်တဲ့ အမေရိကန်နိုင်ငံသားတွေရဲ့ ၆၉ ရာခိုင်နှုန်းက ဟီလာရီကလင်တန်ကိုထောက်ခံပါတယ်။ အမျိုးသမီးထုရဲ့ထောက်ခံမှုကို ကြည့်ရင်လည်း ဟီလာရီကလင်တန်က ၅၂ ရာခိုင်နှုန်းရှိပြီး ဒေါ်နယ်ထရန့်က ၃၈ ရာခိုင်နှုန်းပဲရှိပါတယ်။ ဒါပေမယ့် ဒေါ်နယ်ထရန့်က လူဖြူအမျိုးသားတွေရဲ့ထောက်ခံမှုကိုတော့ ၅၇ ရာခိုင်နှုန်းအထိရထားပါတယ်။ ပိုပြီးစိတ်ဝင်စားစရာကောင်းတာက ကောလိပ်အဆင့်အထိ ပညာမသင်ခဲ့ရတဲ့ လူဖြူတွေရဲ့ထောက်ခံမှုကိုကြည့်တဲ့အခါ ဒေါ်နယ်ထရန့်ကို ၆၅ ရာခိုင်နှုန်းအထိထောက်ခံကြပြီး ဟီလာရီကလင်တန်ကို ၂၅ ရာခိုင်နှုန်းပဲထောက်ခံပါတယ်။ ဒီမိုကရက်တစ်ပါတီဝင်လည်းမဟုတ်၊ ရီပတ်ဘလီကင်ပါတီဝင်လည်းမဟုတ်တဲ့ သီးခြားလွတ်လွတ်လပ်လပ်ရပ်တည်တဲ့ အမေရိကန်နိုင်ငံသားတွေကတော့ အခုအချိန်ထိ ဆုံးဖြတ်ချက်ခိုင်ခိုင်မာမာချထားပုံမရသေးပါဘူး။ လက်ရှိအခြေအနေမှာတော့ သီးခြားလွတ်လွတ်လပ်လပ်ရပ်တည်တဲ့ အမေရိကန်နိုင်ငံသားတွေရဲ့ ၄၈ ရာခိုင်နှုန်းက ဒေါ်နယ်ထရန့်ကိုထောက်ခံပြီး ၃၅ ရာခိုင်နှုန်းက ဟီလာရီကလင်တန်ကိုထောက်ခံပါတယ်။ ၁၈ ရာခိုင်နှုန်းကတော့ ဘယ်လိုမဲပေးမယ်ဆိုတာကို မဆုံးဖြတ်ရသေးပါဘူး။ သမ္မတရွေးကောက်ပွဲကျင်းပဖို့က ငါးလလောက်လိုနေသေးသလို နိုင်ငံရေးကလည်း ကြွေတစ်လက်၊ ကြက်တစ်ခုန်ဆိုသလို မထင်မှတ်ထားတဲ့ ကိစ္စရပ်တွေဖြစ်လာတတ်တာမို့ လက်ရှိတော့ ရွေးကောက်ပွဲရလဒ်ကိုမှန်းဆဖို့ စောနေပါသေးတယ်။ ။



## မတော်တဆမှုသတင်းများအား ဘင်္ဂလားဒေ့ရှ်အစိုးရကိုပေးရန် ဖေ့စ်ဘုတ်၊ ဂူဂဲလ်နှင့် မိုက်ခရိုဆော့ဖ်တို့သဘောတူ

**ဒါကာ ဇွန် ၁၂**

ဖေ့စ်ဘုတ်၊ ဂူဂဲလ်နှင့် မိုက်ခရိုဆော့ဖ်တို့သည် အကြမ်းဖက်မှုကဲ့သို့သော မတော်တဆမှုများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များရရှိပါက ဘင်္ဂလားဒေ့ရှ်အစိုးရအား သတင်းပေးမည်ဖြစ်ကြောင်း ယနေ့သဘောတူညီခဲ့ကြသည်ဟု ဘင်္ဂလားဒေ့ရှ်ဝန်ကြီးတစ်ဦးက ဆိုသည်။

ဖေ့စ်ဘုတ်၊ ဂူဂဲလ်နှင့် မိုက်ခရိုဆော့ဖ်တို့သည် မတော်တဆမှုဆိုင်ရာ သတင်းအချက်အလက်များရရှိပါက ဘင်္ဂလားဒေ့ရှ်အစိုးရအား သတင်းပေးမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေးဝန်ကြီးဌာနနှင့်ဆွေးနွေးပြီး သုံးနာရီအကြာတွင် သဘောတူညီသည်ဟု အကြောင်းပြန်ခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေးဝန်ကြီးက ယနေ့ ပါလီမန်၏ အမေးအဖြေကဏ္ဍတွင် ပြောကြားခဲ့သည်။

လူမှုကွန်ရက်များအသုံးပြုပြီး ငွေကြေးလိမ်လည်မှုများ၊ ခြိမ်းခြောက်မှုများအပါအဝင် ပိုက်ဆံခိုးယူမှုများကို ဘင်္ဂလားဒေ့ရှ်ပြည်သူအများ ခံစားနေရသည့်အတွက် ဘင်္ဂလားဒေ့ရှ်အစိုးရက အထက်ပါကိစ္စရပ်နှင့်ပတ်သက်ပြီး ဖေ့စ်ဘုတ်၊ ဂူဂဲလ်နှင့် မိုက်ခရိုဆော့ဖ်တို့ကို အကူအညီတောင်းခံခဲ့ခြင်းဖြစ်သည်။

အချို့သောနိုင်ငံခြားသားများသည် ဘင်္ဂလားဒေ့ရှ်ပြည်သူများအား ဖေ့စ်ဘုတ်စသော လူမှုကွန်ရက်များမှတစ်ဆင့် နည်းလမ်းအမျိုးမျိုးအသုံးပြုပြီး လိမ်လည်လှည့်ဖြားလျက်ရှိကြောင်း သတင်းရင်းမြစ်များအရ သိရသည်။

လွန်ခဲ့သောလအနည်းငယ်က ဘင်္ဂလားဒေ့ရှ်အကြမ်းဖက်မှုနှိမ်နင်းရေးအဖွဲ့သည် လူမှုကွန်ရက်များအသုံးပြုပြီး လိမ်လည်လှည့်ဖြားသည့် နိုင်ငံခြားသား ၁၂ ဦးအပါအဝင် ၁၄ ဦးကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ။**

# ၂၁ ရာစုပင်လုံမှသည် ငြိမ်းချမ်းရေးဆီသို့

**မောင်ခိုင်မာ(အထက်မင်းလှ)**

ဤလောကမြေမဟီဝယ် မငြိမ်းချမ်းသော တိုင်းပြည်များက ငြိမ်းချမ်းရေးစကား ပြောနေကြရသည်။ သည်အထဲမှာ မြန်မာပြည်လည်းပါသည်။ ထို့ကြောင့်လည်း နာတာရှည် ပြည်တွင်းစစ်ဘေးဒဏ်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ခံစားနေကြရသည့် မြန်မာပြည်သူတို့အနေဖြင့် ငြိမ်းချမ်းရေးသည် ပထမ၊ ဒုတိယ၊ တတိယဖြစ်နေရပေသည်။ ပြည်သူတို့၏ မွတ်သိပ်မှုကို ကိုယ်ချင်းစာ၊ ခံစားနားလည်ကြသော အစိုးရများအနေဖြင့် ငြိမ်းချမ်းရေးအတွက် စွမ်းအားရှိသရွေ့ ကြိုးစားခဲ့ကြ၊ ကြိုးစားနေကြသည်ဖြစ်၏။ လက်ရှိအစိုးရသစ်အနေဖြင့် ငြိမ်းချမ်းရေးကို ၂၁ရာစုပင်လုံညီလာခံဖြင့် ထုဆစ်ပုံဖော်ရန် စီမံစိုင်းပြင်းနေကြောင်း လေ့လာတွေ့ရှိရပါသည်။

ယခုကျင်းပမည့် ၂၁ရာစုပင်လုံနှင့် ၁၉၄၇ ပင်လုံတို့မှာ နောက်ခံအခြေအနေချင်းကတော့ မတူပါ။ ကမ္ဘာ့အခြေအနေကလည်း ကွဲပြားခြားနားနေပေသည်။ လက်ရှိအနေအထားအားဖြင့် ငြိမ်းချမ်းရေးကိုတည်ဆောက်ရာတွင် ၁၉၄၇ ပင်လုံမှ ရယူအပ်သော သင်ခန်းစာများ၊ နမူနာကောင်းများနှင့် ရရှိထားသည့်အခွင့်အလမ်းကောင်းများကို ပေါင်းစပ်ရပါမည်။ ပါဝင်ပတ်သက်သူများအနေဖြင့် ဗိုလ်ချုပ်၏ ပြည်သူအပေါ်ထားရှိသည့်မေတ္တာ၊ စေတနာ၊ အားကောင်းသော ယုံကြည်ချက်၊ ခိုင်မာသောသန္နိဋ္ဌာန်နှင့် သံမဏိစိတ်ဓာတ်တို့ကို အတုယူကြရပါမည်။ ကျင့်ကြံအားထုတ်ကြရပါမည်။ သို့မှသာ မိမိတို့အားလုံး အလိုရှိအပ်သော ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်ဖြစ်ပေသည်။

**ငြိမ်းချမ်းရေးနှင့်ညီညွတ်ရေး**

ငြိမ်းချမ်းရေးရရှိစေရန်အတွက် အမျိုးသားပြန်လည်သင့်မြတ်ရပါမည်။ တိုင်းရင်းသားများ စည်းလုံးညီညွတ်ကြရပါမည်။ စည်းလုံးညီညွတ်ရေးနှင့် ပတ်သက်၍ မြတ်စွာဘုရားက "သမဂ္ဂါနံ တပေါ သုခေါတိ= ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာ၏။ (ညီညွတ်ခြင်းကြောင့် ငြိမ်းချမ်းစေ၏)"ဟူ၍ ဟောကြားထားပါသည်။ ပါမောက္ခချုပ်ဆရာတော် အရှင်နန္ဒမာလာဘိဝံသ က "အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတိုးတက်မှုနှေးကွေးခြင်းသည် ညီညွတ်ရေးအားနည်းသောကြောင့်ဖြစ်သည်ကို သတိထားကြဖို့လိုကြောင်း" (၂၁-၁၂-၂၀၁၅) ရက်နေ့ ရန်ကုန်ပညာရေးတက္ကသိုလ် ပုဂံဆောင်မိသားစု၏ အထူးတရားပွဲတွင် ထည့်သွင်းဟောကြားတော်မူခဲ့သည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကလည်း "အဲဒီတော့ကာ ခင်ဗျားတို့ဟာ တိုင်းပြည်လွတ်လပ်ရေးကိုလိုချင်ရင် လွတ်လပ်ရေးရနိုင်လောက်တဲ့ စည်းကမ်းရှိကြပါ။ ညီညွတ်ရေးကို ထိန်းသိမ်းပါ။ ခင်ဗျားတို့ရဲ့ သောက်ကျင့်၊ အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေပြင်ကြပါ. . "၊ ". . စားဖားတွေညီညွတ်တာ ကျုပ်မလိုချင်ဘူး၊ တိုင်းရင်းသားအချင်းချင်းညီညွတ်ရေး၊ တိုင်းသူပြည်သားလူထုညီညွတ်ရေး၊ အဲဒီညီညွတ်ရေး နှစ်ခုမရှိသမျှကာလပတ်လုံး ဒီတိုင်းပြည်လွတ်လပ်ပင် လွတ်လပ်သော်ငြားလည်း၊ ဘယ်ပါတီတက်တက်၊ ဘယ်အစိုးရလုပ်လုပ် (. .)တိုင်းပြည်ဖြစ်နေမှာပဲလို့ ကျွန်တော်ပြောချင်တယ်" ဟူ၍ (၁၀-၆-၁၉၄၇) တိုင်းပြုပြည်ပြုလွှတ်တော် အစည်းအဝေးတွင် ပြောကြားခဲ့ပါသည်။

**ငြိမ်းချမ်းရေးနှင့် ယုံကြည်မှုတည်ဆောက်ရေး**

ငြိမ်းချမ်းရေးအတွက် ညီညွတ်ရေးက ပဓာနကျသကဲ့သို့ ညီညွတ်ရေးအတွက် ယုံကြည်မှုကအဓိကကျပေသည်။ ကြောင်းကျိုးဆက်တရားမဟုတ်ပါလော။ ယုံကြည်မှုဟုဆိုရာ၌ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများက မိမိကိုယ်မိမိ ဦးစွာယုံကြည်မှု (Confidence) ရှိဖို့လိုပါမည်။ ငြိမ်းချမ်းရေးအတွက် မိမိအနေဖြင့် မေတ္တာ၊ စေတနာအရင်းခံကာ မရမနေဆောင်ရွက်နိုင်သည်ဟု မိမိကိုယ်မိမိ ယုံကြည်ချက်ခိုင်မာနေရပါမည်။ ထို့မှတစ်ဆင့် တိုင်းရင်းသားများ၊ ပါဝင်ပတ်သက်သူများနှင့် ပူးပေါင်းဆောင်ရွက်လျှင် ငြိမ်းချမ်းရေးမရနိုင်စရာအကြောင်းမရှိဟူသော အချင်းချင်းအပေါ်ယုံကြည်မှု (Trust) ရှိဖို့လိုအပ်ပါမည်။ ထိုသို့ မိမိကိုယ်ကိုသော်လည်းကောင်း၊ သူတစ်ပါးအပေါ်တွင်လည်းကောင်း ယုံကြည်မှုတည်ဆောက်နိုင်ပါက သံသယစိတ်များ ကင်းပျောက်ကာ ငြိမ်းချမ်းရေးကို လက်ဝယ်ပိုင်ပိုင်ရယူနိုင်မည်။

**ငြိမ်းချမ်းရေးအတွက် ညီညွတ်ရေးက ပဓာနကျသကဲ့သို့ ညီညွတ်ရေးအတွက် ယုံကြည်မှုကအဓိကကျပေသည်။ ကြောင်းကျိုးဆက်တရားမဟုတ်ပါလော။ ယုံကြည်မှုဟုဆိုရာ၌ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများက မိမိကိုယ်မိမိဦးစွာယုံကြည်မှု(Confidence)ရှိဖို့လိုပါမည်။ ငြိမ်းချမ်းရေးအတွက် မိမိအနေဖြင့် မေတ္တာ၊ စေတနာအရင်းခံကာ မရမနေဆောင်ရွက်နိုင်သည်ဟု မိမိကိုယ်မိမိ ယုံကြည်ချက်ခိုင်မာနေရပါမည်။ ထို့မှတစ်ဆင့် တိုင်းရင်းသားများ၊ ပါဝင်ပတ်သက်သူများနှင့် ပူးပေါင်းဆောင်ရွက်လျှင် ငြိမ်းချမ်းရေးမရနိုင်စရာအကြောင်းမရှိဟူသော အချင်းချင်းအပေါ်ယုံကြည်မှု(Trust)ရှိဖို့ လိုအပ်ပါမည်။**

**ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ**

ငြိမ်းချမ်းရေးနှင့် ပဋိပက္ခသည် ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်သည်။ ခေါင်းနှင့်ပန်းဖြစ်သည်။ ငြိမ်းချမ်းရေးရလျှင် ပဋိပက္ခပျောက်၊ ပဋိပက္ခရလျှင် ငြိမ်းချမ်းရေးပျောက် ဖြစ်ပေသည်။ အမှန်တကယ်တော့ ပဋိပက္ခဟူသည်မှာ ကမ္ဘာ့နိုင်ငံများတွင်လည်းကောင်း၊ အဖွဲ့အစည်းများတွင်လည်းကောင်း၊ လူသားတိုင်းတွင်လည်းကောင်း ရှိတတ်သည့်သဘာဝဖြစ်ပါသည်။ ပဋိပက္ခဖြစ်ရသည့်အကြောင်းရင်းမှာ တစ်ဖက်နှင့်တစ်ဖက် အယူအဆကွဲပြားမှု၊ ဆန့်ကျင်ဘက်ဖြစ်နေမှုကြောင့်ဖြစ်၏။ ယေဘုယျအားဖြင့် အကြောင်းခြင်းရာတစ်ခုအပေါ်တွင် ရှုမြင်ပုံချင်း၊ တန်ဖိုးထားပုံချင်း၊ နှုန်းစံတန်ဖိုးချင်း၊ လက်ခံယုံကြည်ပုံချင်း မတူကြသောကြောင့် (တစ်နည်းအားဖြင့်) မတူကွဲပြားခြားနားမှုများကြောင့် ဝိရောဓိမှ ပဋိပက္ခဖြစ်ရသည်ဟု ပညာရှင်များက ဆိုပါသည်။ ပဋိပက္ခဟူသည်မှာ ဖြေရှင်း၍မရနိုင်သော အရာမဟုတ်ပါ။ ပဋိပက္ခ၏ အပြင်း၊ အပျော့၊ ပဋိပက္ခ၏ ကာလရှည်အကြာနှင့် ဖြေရှင်းပုံနည်းလမ်းတို့အပေါ်မူတည်၍ ဖြေရှင်းနိုင်ပါသည်။ ပဋိပက္ခကို အမျိုးအစားခွဲပါက အုပ်စုနှစ်ခုသာရှိကြောင်း၊ ၎င်းတို့မှာ လူမျိုးစုဆိုင်ရာ ပဋိပက္ခ၊ ဘာသာအယူဝါဒဆိုင်ရာ ပဋိပက္ခ၊ တွေးခေါ်မြော်မြင်ပုံပဋိပက္ခတို့ပါဝင်သော အတွေးအခေါ်ဆိုင်ရာ ပဋိပက္ခနှင့် နယ်မြေပိုင်ဆိုင်ခွင့်ပဋိပက္ခ၊ အာဏာပိုင်ခွင့်ပဋိပက္ခ၊ စီးပွားရေးပဋိပက္ခတို့ပါဝင်သော အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခတို့ဖြစ်ကြောင်း သိရသည်။

မည်သည့်ပဋိပက္ခဖြစ်စေ အခြေခံအကြောင်းအရင်းရှိစမြဲဖြစ်ရာ အကြောင်းအရင်းကို ရှာဖွေဖော်ထုတ်ပြီး ဖြေရှင်းပါက ပဋိပက္ခချုပ်ငြိမ်းကာ ငြိမ်းချမ်းရေးကို မလွဲမသွေရရှိမည်ဖြစ်ပေသည်။ ပဋိပက္ခကို ဖြေရှင်းရာတွင် ထိခိုက်နာကျင်ပွန်းပဲ့မှု နည်းနိုင်သမျှနည်းသော နည်းလမ်းကို ရှာကြံဖြေရှင်းကြရပေမည်။ လက်စားချေခြင်းနည်းလမ်းဖြင့်လည်း ပဋိပက္ခမချုပ်ငြိမ်းနိုင်ပါ။ မြတ်စွာဘုရားရှင်ကလည်း "နဟိဝေရေန ဝေရာနိ၊ သမ္မန္တီဓကုဒါစနံ။ အဝေရေနစသမ္မန္တိ၊ ဧသဓမ္မော သနန္တနောတိ=ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ရန်တို့သည် အဘယ်ခါမှ မငြိမ်းအေးနိုင်ကြကုန်၊ ရန်တုံ့မမူခြင်းဖြင့်သာလျှင် ရန်အေးငြိမ်းကုန်၏" ဟူ၍ ဟောကြားထားပါသည်။ ထို့အတူ ပဋိပက္ခကို တွေ့ဆုံညှိနှိုင်းဖြေရှင်းကြရာတွင် ဈေးဆစ်ကြရင်းဖြင့် တစ်ဖက်ဖက်က အသာစီးရလိုမှု၊ အခွင့်အလမ်းပိုမိုရယူလိုမှုတို့ များနေပါက အားမျှခြေ(Equilibrium)သို့ မရောက်နိုင်ပါ။ တစ်နည်းအားဖြင့် Win-Win Situation သို့ မရောက်နိုင်ပါ။ ထိုအခါ လက်တစ်ကမ်းတွင်ရှိနေပါသည်ဆိုသော ငြိမ်းချမ်းရေးသည် ဝေးသည်ထက် ပို၍ဝေးသွားပေမည်။

**ငြိမ်းချမ်းရေးမှု**

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးကို အဘယ်သို့သောမူဖြင့် တည်ဆောက်ပါမည်နည်း ဆိုသည်ကို စာရေးသူဖတ်ဖူး၊ မှတ်ဖူးသော ၁၉၅၆ အခြေအနေနှင့်ဆက်စပ်၍ ဝေမျှတင်ပြလိုပါသည်။ ၁၉၅၆ ခုနှစ်တွင် ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ဝန်ကြီးချုပ်ဦးနုက "ကျွန်တော်တို့ ဖဆပလ အဖွဲ့အနေနဲ့ရော အစိုးရအနေနဲ့ပါ စစ်ကိုဆက်မတိုက်ချင်တော့ပါဘူး"ဟု ဆိုသည်။ သို့သော် လက်ကိုင်ပြုမည့် ငြိမ်းချမ်းရေးမူနှင့် ပတ်သက်၍အယူအဆ ဝိဝါဒကွဲလွဲခဲ့ကြသည်။ ထိုအခါ အများကလေးစားရသည့် ဆရာကြီးသခင်ကိုယ်တော်မှိုင်းထံ အကူအညီတောင်းခံသည်။ ဆရာကြီးက "သူမနာ၊ ကိုယ်မနာ၊ သင်ပုန်းချေငြိမ်းချမ်းရေးမူ" ကို ချပြသည်။ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။ တစ်ဆက်တည်းမှာပင် ထိုငြိမ်းချမ်းရေးမှုသည် ရွာပျက်၊ အိမ်ပျက်၊ ကျောင်းပျက်၊ ကန်ပျက်၊ အိမ်မဲ့၊ ခိုကိုးရာမဲ့ ဘဝတို့နှင့် တွေ့ကြုံခြင်းမှ ကင်းဝေးနိုင်သည်။ အလုပ်ပျက်၊ အကိုင်ပျက်၊ စီးပွားပျက်စသော အသက်မွေးမှု အကျပ်အတည်းနှင့် တွေ့ဆုံခြင်းမှ ကင်းဝေးနိုင်သည်။ အသွားခက်၊ အလာခက်၊ လမ်းပန်းအဆက်အသွယ်ခက် စသော အခက်အခဲအမျိုးမျိုးတို့နှင့် တွေ့ကြုံခြင်းမှ ကင်းဝေးနိုင်သည်။ ပြည်သူတို့ထမ်းဆောင်နေရသည့် ကြီးလေးလှသော အခွန်တော်ကို ပြည်သူတို့အကျိုးအတွက် သုံးစွဲခွင့်ရနိုင်သည်။

အချင်းချင်းယုံကြည်မှု၊ ကိုးစားမှု၊ ညီညွတ်မှု၊ စည်းလုံးမှုတို့ကို ရရှိနိုင်၍ စိုးရိမ်မှု၊ ကြောက်ရွံ့မှု၊ မလုံခြုံမှု၊ စာရိတ္တပျက်စီးမှု စသည်တို့ကို ပပျောက်နိုင်သည်ဖြစ်၍ ပျက်စီးနေသော လူနေမှုအဆောက်အအုံကို ပြန်လည်မွမ်းမံတည်ဆောက်နိုင်စွမ်းရှိသည့် သဘောထားဖြစ်သည်။ ဘိုးစဉ်ဘောင်ဆက် အမွေအနှစ်ဖြစ်သော သာသနာရေး၊ ဘာသာရေးဓလေ့ထုံးစံ၊ ယဉ်ကျေးမှုစသည်တို့ကို မပျောက်ပျက်အောင် ထိန်းသိမ်းနိုင်စွမ်းရှိသည့် သဘောထားဖြစ်သည်။ ရရှိပြီးသော လွတ်လပ်ရေးကို ကြံ့ကြံ့ခိုင်ခိုင် မယိမ်းယိုင်အောင် ထိန်းသိမ်းနိုင်သော သဘောထားလည်းဖြစ်သည်။ သာယာဝပြောမှု၊ ငြိမ်းချမ်းမှု၊ ပျော်ရွှင်မှုတို့ကို ဖြစ်ပေါ်စေသော အနာဂတ်သို့ပို့ဆောင်သော သဘောထားလည်း ဖြစ်သည်"ဟု ဆိုပါသည်။ မှတ်သားဖို့ကောင်းပါ၏။

**ငြိမ်းချမ်းရေးဗိသုကာများ**

နိဂုံးချုပ်အားဖြင့် တင်ပြလိုပါသည်။ အဆုံးအဖြတ်ပေးကြရမည့် ငြိမ်းချမ်းရေးဗိသုကာများအနေဖြင့် "ဆန္ဒဝတောကိ နာမကမ္မံန-သိဇ္ဈတိ= ငါကဲ့သို့အလိုဆန္ဒရှိသူအားထုတ်က မပြီးစီးဘဲ ရှိနိုင်ကြအံ့နည်း။" "ဝီရိယဝတောကိ နာမကမ္မံန- သိဇ္ဈတိ=ငါကဲ့သို့ ဝီရိယရှိသူ၊ စိတ်ဇွဲကြီးသူ၊ ပညာကြီးသူ အားထုတ်က မပြီးစီးဘဲရှိနိုင်အံ့နည်း"ဟူသည့်အတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဆန္ဒနှင့် ဝီရိယတို့ကို အဓိပတိတပ်ကာ ပင်လုံစိတ်ဓာတ်အခြေခံဖြင့် ဆောင်ရွက်ကြပါက မြန်မာပြည်သူများသာမက ကမ္ဘာကပါ မျှော်လင့်စောင့်စားနေကြသည့် "ငြိမ်းချမ်းရေး"ကို အောင်မြင်စွာ တည်ဆောက်နိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း . . .။ ။

## စိုက်ပျိုးရေးထွက်ကုန်များနှင့် သွင်းအားစုများရောင်းချရေး တရုတ်နှင့် လက်မှတ်ရေးထိုး

**ရန်ကုန် ဇွန် ၁၂**

တရုတ်နိုင်ငံထုတ် သွင်းအားစုနှင့် ပိုးသတ်ဆေး အမည်တံဆိပ်အသစ်များ တင်သွင်းခြင်း၊ မြန်မာ့ကောက်ပဲသီးနှံများ တရုတ်ပြည်သို့ ရောင်းချရာတွင် ပူးပေါင်းခြင်း စသည့်အချက်များ ပူးတွဲလုပ်ဆောင်ရန် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်အသင်းနှင့် တရုတ်နိုင်ငံ ကောက်ပဲသီးနှံကာကွယ်ရေးအဖွဲ့တို့ လက်မှတ်ရေးထိုးခဲ့ကြသည်။

ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာတွင် ဇွန် ၈ ရက်က ပြုလုပ်သည့် နိုင်ငံတကာစိုက်ပျိုးရေး ကုန်စည်ပြပွဲနှင့် ကောက်ပဲသီးနှံများထိန်းသိမ်းခြင်း ဖိုရမ်တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပြီး တရုတ်နိုင်ငံ စိုက်ပျိုးရေးနှင့် ပတ်သက်သော ရောင်းကုန်များတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဆိုသည့် အချက်များလည်း ပါဝင်သည်။

"သူတို့ဘက်က ပစ္စည်းတွေကို ဒီဘက်မှာ ဈေးကွက်ချဲ့တဲ့သဘောပါပဲ။ ကိုယ့်ဘက်ကလည်း သူတို့တရုတ်ဘက်မှာ ဈေးကွက်ချဲ့မယ်ဆိုရင် သူတို့က ကူညီပေးမယ်။ လုပ်ဆောင် ပေးမယ်။ ပြီးတော့ သူတို့က မြန်မာနိုင်ငံမှာ ဓာတ်မြေဩဇာတွေကို သုံးစွဲပုံ၊ သုံးစွဲနည်းနဲ့ စနစ်တကျသုံးစွဲနည်းတွေကိုလည်း သင်တန်းပေးတာတွေ လုပ်ဆောင်ပေးသွားဖို့ပါ"ဟု မြန်မာနိုင်ငံ သစ်သီးဝလံ၊ပန်းမန်နှင့် ဟင်းသီးဟင်းရွက် ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က ပြောသည်။

အဆိုပါဖိုရမ်တွင် တရုတ်နိုင်ငံ ကောက်ပဲသီးနှံကာကွယ်ရေးအဖွဲ့အပြင် တရုတ်နိုက်ထရိုဂျင်မြေဩဇာ လုပ်ငန်းရှင်အသင်းနှင့် အိန္ဒိယ၏ အခြေခံဓာတုပစ္စည်း ဆိုးဆေးများနှင့် အလှကုန်ပို့ကုန်မြှင့်တင်ရေးကောင်စီ၊ အိန္ဒိယ ပိုးသတ်ဆေး ထုတ်လုပ်သူနှင့် ရေးဆွဲသူများအသင်းတို့လည်း တက်ရောက်ခဲ့သည်။ ယခုနှစ်အတွင်း ဈေးကွက်မြှင့်တင်ခြင်း၊ အပြန်အလှန်ကုန်သွယ်ခြင်း စသော လုပ်ငန်းများကို လုပ်ဆောင်သွားမည်ဖြစ်သည်။

**ဝတ်ရည်မွန်(AMIA)**

### ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# အာဆီယံအရေးနှင့် ပြည်တွင်းရေး

## အောင်ကျော်အေးချမ်း

စင်ကာပူဝန်ကြီးချုပ် မစ္စတာလီရှန်လုံးနှင့်ဇနီးတို့ဟာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ရဲ့ ဖိတ်ကြားချက်အရ ဇွန်လ ၈ ရက်မှ ၁၀ ရက်အထိ ချစ်ကြည်ရေးခရီး လာရောက်ခဲ့ကြပါတယ်။ ဒီခရီးစဉ်မှာ စင်ကာပူဝန်ကြီးချုပ်ဟာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့သာမက ကာကွယ်ရေးဦးစီးချုပ်နဲ့ တွေ့ဆုံခဲ့တဲ့အပြင် သမ္မတဟောင်း ဦးသိန်းစိန်နဲ့ပါ တွေ့ဆုံခဲ့တာဖြစ်ပါတယ်။ စင်ကာပူနိုင်ငံဟာ မြန်မာနိုင်ငံနဲ့ ရင်းနှီးတဲ့ဆက်ဆံမှုရှိတဲ့ နိုင်ငံဖြစ်ပြီး စင်ကာပူခေါင်းဆောင်များဟာလည်း မြန်မာနိုင်ငံအပေါ် အလေးထားဆက်ဆံမှုရှိခဲ့တာဖြစ်ပါတယ်။ စစ်အစိုးရလက်ထက်မှာတော့ စင်ကာပူဘက်က မြန်မာစစ်ခေါင်းဆောင်များအပေါ် အားမရတာတွေရှိခဲ့တယ်လို့ သိရပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲအပြီး ဖွဲ့စည်းခဲ့တဲ့ အစိုးရလက်ထက်မှာတော့ မြန်မာနိုင်ငံအပေါ် အစောဆုံးရင်းနှီးမြှုပ်နှံသူတွေထဲမှာ စင်ကာပူနိုင်ငံပါဝင်ခဲ့တာဖြစ်တယ်။ အခုလည်း မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုတစ်ခုလုံးမှာ တတိယအများဆုံးလောက်ဖြစ်နေတဲ့အပြင် သီလဝါစက်မှုဇုန်မှာတော့ ဒေါ်လာသန်း ၂၉၀ ကျော်နဲ့ အများဆုံးရင်းနှီးမြှုပ်နှံသူ ဖြစ်နေပါတယ်။

စင်ကာပူခေါင်းဆောင်များဟာ မြန်မာနိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ်နဲ့ သယံဇာတအရင်းအမြစ်တွေအကြောင်း သာမန်ကာလျှံကာနေတဲ့ သာမန်မြန်မာခေါင်းဆောင်တစ်ယောက်ထက် ပိုသိနေတာဖြစ်တယ်။ လက်ရှိ စင်ကာပူက ကုန်ထုတ်လုပ်ငန်းတွေက ထိပ်တန်းအင်ဂျင်နီယာတွေထဲမှာ မြန်မာနိုင်ငံသားအင်ဂျင်နီယာ အများအပြားနဲ့ စင်ကာပူအခြေစိုက် သင်္ဘောလိုင်းတွေမှာလည်း မြန်မာအင်ဂျင်နီယာတွေနဲ့ ရေကြောင်းအရာရှိတွေ အများအပြားရှိနေတာဖြစ်တယ်။ စင်ကာပူစီးပွားရေးနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေရဲ့ အစိတ်အပိုင်းတချို့ဟာ မြန်မာအပါအဝင် အိမ်နီးချင်းနိုင်ငံတချို့ရဲ့ လုပ်အားများနဲ့ လည်ပတ်နေတယ်လို့တောင် ဆိုနိုင်မှာဖြစ်ပါတယ်။

စင်ကာပူဟာ ရန်ကုန်မြို့သာသာ မြို့ပြနိုင်ငံကလေးတစ်ခုဖြစ်ပေမယ့် စီးပွားရေးအရ ကမ္ဘာ့ထိပ်တန်းအဆင့်မှာ ရှိနေပါတယ်။ တစ်ဦးချင်း ဝင်ငွေဟာ အမေရိကန်နဲ့ မတိမ်းမယိမ်း ဒေါ်လာငါးသောင်းကျော်ရှိနေတာဖြစ်တယ်။ စင်ကာပူပညာရေးဟာ ကမ္ဘာမှာအဆင့်တစ်နေရာ ရနေတာဖြစ်တယ်။ အထူးသဖြင့် ပိုလီတက္ကနိကယ်ကျောင်း ငါးကျောင်းလောက်က ကျွမ်းကျင်တဲ့ အငယ်တန်းအင်ဂျင်နီယာတွေ မွေးထုတ်ပေးနေတာဖြစ်တယ်။ အခုဒီခရီးစဉ်မှာ ၂၀၁၅ ခုနှစ်အတွင်းက ရန်ကုန်မှာဖွင့်လှစ်ခဲ့တဲ့ စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်း ဖွင့်ပွဲအထိမ်းအမှတ်ကမ္ပည်းကြေးပြားကို ဖွင့်လှစ်ပေးခဲ့တာဖြစ်တယ်။ ဒါကတော့ မြန်မာနိုင်ငံအတွက် အသင့်တော်ဆုံးလိုအပ်နေတဲ့ ကျောင်းမျိုးကို လာရောက်တည်ထောင်ပေးတာပဲဖြစ်ပါတယ်။ စင်ကာပူနိုင်ငံအနေနဲ့ကတော့ ကမ္ဘာ့စီးပွားရေးရဲ့ အလားအလာ တိမ်းညွတ်မှုတွေကိုလိုက်ပြီး သူတို့စီးပွားရေးကို အလိုက်သင့်ပြောင်းလဲနိုင်တဲ့အနေအထားနဲ့ ဒေသတွင်းဦးဆောင်မှုရအောင် ကြိုးစားနေတဲ့ အနေအထားကို ရောက်နေပါပြီ။

ဒီခရီးစဉ်မှာ ဒေသတွင်းနိုင်ငံရေးအရ အရေးကြီးတဲ့စကားကိုတော့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့တွေ့ဆုံစဉ်မှာ ပြောသွားတာဖြစ်ပါတယ်။ အဲဒါကတော့ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် နိုင်ငံတကာမျက်နှာစာနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ၌ အာဆီယံကိုယ်စား တက်ကြွစွာ ဦးဆောင်မှုပေးရေးကို ဆွေးနွေးသွားတာ ဖြစ်ပါတယ်။ အပေါ်မှာ တင်ပြခဲ့သလိုပါပဲ။ သူတို့ဟာ မြန်မာနိုင်ငံရဲ့ လူ့စွမ်းအား၊ သယံဇာတအရင်းအမြစ်များကိုသာမက နိုဘယ်ဆုရှင်လည်းဖြစ်၊ ကမ္ဘာသိအရှိန်အဝါရှိသူတစ်ဦး ဒီနိုင်ငံမှာရှိနေတာကိုလည်း မျက်ခြည်ပြတ်မခံဘူးဆိုတဲ့ သဘောပါပဲ။ လက်ရှိအချိန်မှာ အာဆီယံရဲ့ Voice ဟာ အရင်က လီကွမ်ယူ၊ မဟာသီယာတို့ရှိစဉ်ကလိုမဟုတ်ဘဲ အလွန်တိုးနေပါတယ်။ ဒါပေမယ့် နိုင်ငံရေးအရပြောရင် တောင်တရုတ်ပင်လယ်လိုကိစ္စမျိုးက အာဆီယံကို အကျဉ်းအကျပ်ထဲကို ရောက်သွားစေနိုင်တာဖြစ်တယ်။ ဒါကြောင့်ပဲ ကမ္ဘာသိအရှိန်အဝါရှိတဲ့ ပုဂ္ဂိုလ်မျိုးကိုလာပြီး ချဉ်းကပ်တာလို့ယူဆရမှာပါ။

စင်ကာပူအဖို့ပြောရရင် တောင်တရုတ်ပင်လယ်အရေးနဲ့ ပတ်သက်လို့ ပြောဆိုမှုတွေက စည်းကိုကျော်နေခဲ့ပြီလို့ ဆိုရမှာပါ။ ၂၀၁၃ ခုနှစ်က လီရှန်လုံး ဂျပန်ကိုသွားရောက်လည်ပတ်စဉ်ကတည်းက "ဗီယက်နမ်၊ ဖိလစ်ပိုင်တို့နဲ့ ဖြစ်ပွားနေတဲ့ တောင်တရုတ်ပင်လယ်အရေးဖြစ်ဖြစ်၊ ဂျပန်နဲ့ဖြစ်ပွားနေတဲ့ "ဒိုင်အိုယု"ကျွန်းအရေးမှာပဲ ဖြစ်ဖြစ်၊ တရုတ်တို့ဘက်က အင်အားသုံးစွဲမယ်ဆိုရင် တရုတ်တို့ရဲ့ ဂုဏ်သတင်းနဲ့ ကမ္ဘာ့အဆင့်ရပ်တည်မှုတွေ လျော့ကျပျောက်ဆုံးသွားလိမ့်မယ်လို့" ပြောခဲ့တာပါ။

နောက်တစ်ချက်က စင်ကာပူနဲ့ အမေရိကန်ကြား စစ်ရေးမဟာမိတ်ဖွဲ့ထားတာ မဟုတ်ပေမယ့် အမေရိကန်က ချန်ဂီရေတပ်အခြေစိုက်စခန်းအတွက် တိုက်ခိုက်ရေး ရေယာဉ်တွေရောင်းချပေးဖို့ ခွင့်ပြုခဲ့တယ်။ နောက်မကြာသေး ခင်ကပဲ P-8 စပိုင်လေယာဉ်တွေလည်း ရောင်းပေးခဲ့တယ်လို့ဆိုတယ်။ ဒါကိုကြည့်ရင် စင်ကာပူဟာ အမေရိကန်ရဲ့ တရုတ်ထိန်းချုပ်ရေး ပေါ်လစီတွေထဲ ပါဝင်လာနေတာကို ပြသနေတာဖြစ်ပြီး စင်ကာပူဟာ အမေရိကန်ထက်တောင် အာရှ-ပစိဖိတ်ဒေသကို ပိုမိုလွှမ်းမိုးလိုသလို ဖြစ်နေတယ်လို့ တရုတ်ဘက်က ဆိုနေတာဖြစ်တယ်။ ဒီအမြင်တွေက တရုတ်အစိုးရအရာရှိတွေက တရားဝင်ပြောတဲ့အဆင့်မဟုတ်ပေမယ့် တရုတ်စကော်လာတွေနဲ့ လူထုအာဘော်စတာတွေမှာ ပဲ့တင်ထပ်လာတဲ့အမြင်တွေပါ။

ဇွန်လ ၁ ရက်ကပဲ တရုတ်လူမှုသိပ္ပံအကယ်ဒမီမှ သုတေသနမှူးတစ်ယောက်ရဲ့ ဂလိုဘယ်တိုင်းမှာ တရုတ်လိုရေးတဲ့ ဆောင်းပါးတစ်စောင် ဖော်ပြခဲ့တယ်။ ဇွန်လ ၁၀ ရက်မှာ အဲဒီဆောင်းပါးကို အင်္ဂလိပ်ဘာသာပြန်နဲ့ ဖော်ပြခဲ့တယ်။ ဒီဆောင်းပါးမှာ စင်ကာပူရဲ့ တရုတ်အပေါ်ဆက်ဆံမှုဟာ တစ်ဖက်က သံသယထားပြီး တစ်ဖက်က နားလည်မှုတည်ဆောက်လိုတဲ့ သဘောတွေ့ရကြောင်း၊ ဒါဟာနိုင်ငံငယ်တွေက နိုင်ငံကြီးတွေနဲ့ဆက်ဆံရာမှာ ကျင့်သုံးလေ့ရှိတာဖြစ်တဲ့အတွက် အံ့ဩစရာလို့မယူဆကြောင်း၊ ဒါပေမယ့် အလယ်အလတ်နိုင်ငံတွေကအစ တရုတ်နဲ့ နားလည်မှုတည်ဆောက်ရေး အလေးပေးနေချိန်မှာ စင်ကာပူရဲ့ ရပ်တည်ချက်က ထူးခြားနေတယ်လို့ ထင်စရာရှိနေကြောင်း ရေးထားပါတယ်။

နောက်စင်ကာပူအနေနဲ့ တရုတ်ပညာရှင်များနဲ့ လူထုအာဘော်တွေကို အလေးထားသင့်ကြောင်း၊ တရုတ်က စင်ကာပူလုံခြုံရေးကို ခြိမ်းခြောက်နေတယ်လို့ယူဆရင် အဲဒီယူဆချက်ကို ရှင်းရှင်းလင်းလင်းသက်သေပြနိုင်ပါသလားလို့ မေးထားတယ်။ နောက်ဆုံးမှာ တကယ်လို့ တောင်တရုတ်ပင်လယ်မှာ အမေရိကန်နဲ့ တရုတ်တို့ပဋိပက္ခနက်ရှိုင်းလာရင် အမေရိကန်က စင်ကာပူကို ဒီပဋိပက္ခထဲ ဆွဲသွင်းမှာဖြစ်တဲ့အတွက် စင်ကာပူအနေနဲ့ လုံခြုံမှုရှိပါ့မလားဆိုတာ စဉ်းစားဖို့လိုကြောင်း ရေးထားတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တစ်လမတိုင်ခင်ကာလလောက်ကလည်း အမေရိကန်က ဗီယက်နမ်အပေါ် လက်နက်ရောင်းချမှုတားဆီးပိတ်ပင်ထားတာတွေ အားလုံးပယ်ဖျက်ပေးလိုက်တဲ့အတွက် တရုတ်ဘက်က ဆွေ့ဆွေ့ခုန်နေတဲ့ ရေးသားချက်တွေ ပေါ်ထွက်လာခဲ့ပါတယ်။

ပြီးခဲ့တဲ့ရက်ပိုင်းကပဲ အမေရိကန်သူလျှိုလေယာဉ်ကို တရုတ်လေယာဉ်က အန္တရာယ်ဖြစ်လောက်တဲ့ အနီးကပ်ပျံသန်းမှုနဲ့ ဟန့်တားခဲ့တဲ့သတင်းတွေ့ရပါတယ်။ ယခင်နှစ်က ဂျပန်ပင်လယ်မှာလည်း တရုတ်ငါးခိုးဖမ်းတဲ့မော်တော်ကို ဖမ်းရာက တရုတ်မာလိန်မှူးက ဂျပန်သင်္ဘောတွေကို ဝင်တိုက်ပစ်တဲ့ပြဿနာ ဖြစ်ခဲ့ဖူးပါတယ်။ ဒီလိုလေယာဉ်မှူးတစ်ဦး၊ သင်္ဘောမာလိန်မှူးတစ်ဦးရဲ့ မထင်မှတ်တဲ့ပြုမူမှုတွေကြောင့်လည်း စစ်ဆိုတာဖြစ်ပွားနိုင်ကြောင်း အီကောနောမစ်မဂ္ဂဇင်းက ရေးတာလည်းဖတ်ရပါတယ်။ ဆိုလိုတာကတော့ စင်ကာပူဝန်ကြီးချုပ် ပြောတဲ့သဘောက ဒီလိုလိပ်ခဲတည်းလည်း တအုံနွေးနွေး အခြေအနေမှာ အာဆီယံအတွက် လူစွမ်းကောင်းလိုနေတယ်ဆိုတဲ့သဘောပါပဲ။

မြန်မာနိုင်ငံအတွက်တော့ အပြောင်းအလဲတစ်ရပ်ကို အသည်းအသန်နက်ရှိုင်းစွာ ပြုလုပ်နေရတာ ဖြစ်ပါတယ်။ အမျိုးသားရင်ကြားစေ့ရေးဆိုတာကို ဆောင်ရွက်တာနဲ့တစ်ပြိုင်တည်း ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေး စတာတွေကနေ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအထိ သွားကြရမှာပါ။ ဒါကြောင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟာ အလုပ်အများဆုံးပုဂ္ဂိုလ် ဖြစ်ပါတယ်။ အာဆီယံအရေးကတော့ ကမ္ဘောဒီးယားနိုင်ငံ အိမ်ရှင်ဖြစ်တဲ့အလှည့်မှာ တရုတ်ဘက်ကိုလိုက်တယ်ဆိုတဲ့ မပြေလည်မှုတချို့ရှိခဲ့တာဖြစ်တယ်။ မြန်မာနိုင်ငံ ဥက္ကဋ္ဌအလှည့်မှာတော့ ပြဿနာကြီးကြီးမားမားမရှိဘဲ ဖြတ်နိုင်ခဲ့တာဖြစ်တယ်။

ကမ္ဘာ့သမိုင်းမှာ ပါဝါကြီးတချို့မြင့်တက်လာပြီး ပါဝါကြီးတချို့နိမ့်ကြသွားတဲ့အတွေ့အကြုံတွေရှိခဲ့ဖူးတာ ဖြစ်ပါတယ်။ ဒီလိုအချိန်တွေမှာ နိုင်ငံငယ်တွေအနေနဲ့ နေတတ်ဖို့၊ ပြောတတ်ဖို့၊ ရပ်တည်တတ်ဖို့လိုတာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ကတော့ အိမ်နီးချင်းနိုင်ငံတွေနဲ့ နှစ်ထောင်ချီတဲ့ဆက်ဆံမှုသမိုင်းကြောင်းရှိတာကြောင့် ကိုယ့်တိုင်းပြည်အတွက်ရော အာဆီယံအတွက်ပါ မှန်ကန်စွာရပ်တည်သွားနိုင်လိမ့်မယ်လို့ ယုံကြည်ရပါတယ်။ ဒါပေမယ့် အလုပ်တွေ အင်မတန်များတဲ့ကြားက ကြီးလေးတဲ့တာဝန်တွေ ထပ်ပိလာမှာကို စိုးရိမ်ကြောင်း တင်ပြရတာဖြစ်ပါတယ်။ ။

---

### ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် အသိပညာပေးဟောပြော

**ရန်ကုန် ဇွန် ၁၂**

ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ကလေး အလုပ်သမားဆန့်ကျင် တိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၈၇)ရပ်ကွက် အမက(၅) ကျောင်းခန်းမ၌ အသိပညာပေးဟောပြောပွဲကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသော မြို့နယ်ဌာနဆိုင်ရာများ၊ ကမ္ဘာ့ကုလသမဂ္ဂ ILO အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင် ရပ်မိရပ်ဖများ၊ အသင်းအဖွဲ့အစည်းများ၊ ကလေးသူငယ်များနှင့် မိဘများကို ဒုတိယမြို့နယ်ပညာရေးမှူး ဆရာကြီး ဦးသက်လင်းဦးက အဖွင့်အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ILO မှ Mr.SELIM BENAISSA က ကမ္ဘာ့ကလေး အလုပ်သမားနှင့်ပတ်သက်၍ သိသင့်သိထိုက်သည့် ILO အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရတနာ့မေတ္တာအဖွဲ့ Project Manager က ကလေးသူငယ်စောင့်ရှောက်မှုအကြောင်းအရာများနှင့် ဒေါ်မြမဥ္စူက ကျောင်းနေအရွယ်ကလေးများ ကျောင်းတက်နိုင်ရေး ပူးပေါင်းပါဝင်နိုင်ရေး အကြောင်းအရာများကို ရှင်းလင်းပြီး ကလေးသူငယ်များအား ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ ILO မှ Mr. SELIM BENAISSA နှင့် ရတနာ့မေတ္တာအဖွဲ့က လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။ **(ဦးကျော်မောင်)**

---

### စိန်ရွှေရတနာပမာ တထင်းထင်း

(မဟာကဗျာ ဒွေးချိုးကြီး)

* ဆရာကြီးမှိုင်းရဲ့
အခါခါ အပြီးနှိုင်းခဲ့တဲ့
မြန်မာမှာ
မဟာဒီမိုကရေစီလှိုင်းစီးလို့
တစ်ဆိုင်းပြီး တစ်ဆိုင်းပြီး
အသိုင်းကြီး အဝိုင်းကြီးများနဲ့(နှင့်)
ပိုင်းစည်းခြားဖွဲ့လာပြီနော့ ...။

* အခုနေ အခါမှာဗျာ ...
မှုမပွေပါလေ ...
ဇမ္ဗူသပြေတွေ တို့မြေမှာနီညိုဝင်းသလိုပါ့
ရှေးက စည်ဗဟိုရ်သံချိုညင်းသလိုပါပဲ
တို့ပြည်ထောင်ညီအစ်ကိုမောင်နမတစ်သင်းတွေလည်း
တစ်ချိန်ချိန်ခါ တမှိန်မှိန်နဲ့
မမှိန်တမှိန် မလင်းမရှင်းရာက
ကမ္ဘာမှာ တရှိန်ရှိန်ထိုးထွက် တိုးတက်ခြင်းတွေနဲ့
တထိန်ထိန်ဝေဖြာကာ
စိန်ရွှေရတနာပမာ တထင်းထင်း
တောက်လင်းလို့ လာပါပေ့ါ ...။ ။

**မိုးနောင်(ကောလင်း)**

# တောင်ကုတ်ချောင်းအတွင်းမိုးကြီးရေလျှံ၍ လူလေးဦးသေဆုံး



**စစ်တွေ ဇွန် ၁၂**
ဇွန် ၁၀ ရက် ည ၁၂ နာရီ မှစ၍ တောင်ကုတ်ချောင်းအတွင်း မိုးကြီးရေလျှံ၍ တောင်ကုတ်တစ်မြို့နယ်လုံးနီးပါး ရေလွှမ်းမိုးလျက်ရှိသည်။ ဇွန် ၁၁ ရက် ညနေ ၆ နာရီခန့်တွင် တောင်ကုတ်မြို့နယ် ဝက်ကျိတ်ကျေးရွာအောက်ပိုင်းနေ ဒေါ်ဖြူဖြူ(၄၂)နှစ်၊ဒေါ်ဖြူဖြူလွင်(၄၇)နှစ်၊ မဦးလှကျော်ခင်(၁၉)နှစ်နှင့် မချိုချိုစန်း(ခ)ဇီးကွက်မ (၂၀)နှစ်တို့ လေးဦးသည် ဝက်ကျိတ်ကျေးရွာအောက်ပိုင်းနှင့် အထက်ပိုင်းကြားရှိ ရေလျှံနေသော ပေ ၁၅၀ခန့် အကျယ်ရှိသည့် လယ်ကွင်းပြင်အားဖြတ်၍ ဝက်ကျိတ်ကျေးရွာ အထက်ပိုင်းရှိ အမကမူလွန်ကျောင်းသို့ ဖြတ်ကူးစဉ် ရေစီးဖြင့် မျောပါပျောက်ဆုံးသွားကြောင်း သိရသည်။

၎င်းတို့လေးဦးအား ဇွန် ၁၂ ရက် နံနက် ၉ နာရီတွင် တောင်ကုတ်မြို့နယ်ရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများစုပေါင်း၍ရှာဖွေရာ နံနက် ၉ နာရီ မိနစ် ၂၀ တွင် ၎င်းရွာနှင့် ပေ ၂၀၀ ခန့်ဝေးသည့် ခနိတောထဲ၌ ရုပ်အလောင်းသုံးလောင်းအားလည်းကောင်း၊ နံနက် ၉ နာရီ ၂၅ မိနစ်တွင် ဝက်ကျိတ်ကျေးရွာနှင့် ပေ ၃၀၀ ခန့်ဝေးသည့် ခနိတောထဲမှ ရုပ်အလောင်းတစ်လောင်းအားလည်းကောင်း ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

**(ပြည်နယ်ပြန်/ဆက်)**

# ရေကြီးရေလျှံမှုများကြောင့် လမ်းသွားလမ်းလာများ အခက်အခဲဖြစ်

**ရန်ကုန် ဇွန် ၁၂**
ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက်ရှိ (၆)လမ်းနှင့် လမ်းအချို့နေရာများ၌ ယခုရက်ပိုင်းအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် လမ်းများပေါ်၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေပြီး ရေမြောင်းများပိတ်ဆို့မှုဖြစ်ပေါ်ကာ ရေစီးရေလာမကောင်းမွန်သည့်အတွက် လမ်းသွားလမ်းလာ သက်ကြီးရွယ်အိုများ၊ ကျောင်းသား ကျောင်းသူနှင့် ရပ်ကွက်နေပြည်သူများ ဖြတ်သန်းသွားလာရာတွင် အခက်အခဲဖြစ်နေကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-(စိုးဝင်း-MLA)**



# ဥက္ကံမြို့ ရေဝင်ရောက်သည့်နေရာများရှိ ပြည်သူများအား ရဲတပ်ဖွဲ့မှကူညီ

**ရန်ကုန် ဇွန် ၁၂**
ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး တဘူးလှဆည်ရေလျှံမှုကြောင့် ဥက္ကံချောင်းရေလျှံကာ ဇွန် ၁၁ ရက် ည ၇ နာရီခွဲခန့်တွင် တိုက်ကြီးမြို့နယ် ဥက္ကံမြို့ မင်းရဲကျော်စွာရပ်ကွက် ရန်ကုန်-ပြည်ကားလမ်းဘေးရှိ ဘိုးဘွားရိပ်သာအတွင်းနှင့် ဥက္ကံမြို့ ဥက္ကံရွာမကျေးရွာအုပ်စု ညောင်ဝိုင်းရပ်ကွက်အတွင်းသို့ အမြင့်နှစ်ပေခန့်ထိ ချောင်းရေဝင်ရောက်ခဲ့သည်။

ထိုသို့ရေများဝင်ရောက်ခဲ့သဖြင့် ယင်းနေ့ညတွင် ဘိုးဘွားရိပ်သာရှိ အဘိုး ၁၄ ဦးနှင့် အဘွား ၁၂ ဦးတို့အား ဥက္ကံမြို့ အနော်ရထာရပ်ကွက်ရှိ ဝတ်ကျောင်းဓမ္မာရုံသို့လည်းကောင်း၊ ညောင်ဝိုင်းရပ်ကွက်နေ အိမ်ထောင်စု ၁၉ စု၊ နေအိမ် ၁၉ လုံးရှိ လူ ၆၉ ဦးတို့အား ဥက္ကံရွာမကျေးရွာရှိ အမက(မူလွန်)ကျောင်းသို့လည်းကောင်း ခေတ္တပြောင်းရွှေ့နေရာချထားပေးခဲ့ပြီး တိုက်ကြီးမြို့နယ် ဥက္ကံနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များလည်း ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# သစ်ပင်ပြိုလဲ၍ နေအိမ်တစ်လုံး ပျက်စီး

**ဘူးသီးတောင် ဇွန် ၁၂**
ဘုရားပြင်အောင်ပအုပ်စု ကံ့ကော်မြိုင် (နတလ)ကျေးရွာ၌ ဇွန် ၁၀ ရက် နံနက် ၁၀ နာရီတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သစ်ပင်ပြိုလဲ၍ နေအိမ်တစ်လုံးပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ သစ်ပင်ပြိုလဲ၍ ကံ့ကော်မြိုင် (နတလ)ကျေးရွာနေ ဦးအောင်လှကြီး၏ အလျား ၁၈ပေ၊ အနံ ၁၈ ပေ၊ အမြင့် ၁၅ ပေရှိ ပျဉ်ခင်း၊ သွပ်မိုး၊ ထရံကာနေအိမ် ပျက်စီးဆုံးရှုံးခဲ့ပြီး လူ၊ တိရစ္ဆာန် သေဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# ဘူးသီးတောင်မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေတိုက်စားပြီး လမ်းနှင့်တံတားများ ပျက်စီး

**ဘူးသီးတောင် ဇွန် ၁၂**
ဘူးသီးတောင်မြို့နယ်တွင် ဇွန် ၁၀ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေတိုက်စားပြီး ဂူတာပြင်ကျေးရွာအုပ်စုအတွင်း လမ်းနှင့် တံတားများ ပျက်စီးခဲ့ကြောင်း သိရသည်။

ထိုသို့ ရေတိုက်စားမှုကြောင့် ကျောက်စာတိုင်ကျေးရွာရှိ အလျားပေ ၁၀၀၊ အနံခြောက်ပေ၊ အမြင့် ၁၅ ပေရှိ သစ်သားချောင်းကူးတံတားမှာ ရေတိုက်စားမှုကြောင့် မျောပါသွားပြီး ကျောက်စာတိုင်ကျေးရွာနှင့် ဂူတာပြင်ကျေးရွာသို့ ဆက်သွယ်ထားသည့် အလျား ၁၀ ပေ၊ အနံ ငါးပေ၊ အမြင့် ငါးပေရှိ ရေကျော်တံတားငယ် နှစ်စင်းမှာလည်း ပျက်စီးသွားခဲ့သည်။ ထို့နောက် ကျောက်စာတိုင်ကျေးရွာနှင့် ဂူတာပြင်ကျေးရွာသို့ ဆက်သွယ်ထားသည့် မြေသားလမ်းမှာလည်း ရေတိုက်စားမှုကြောင့် ၅၀ ရာခိုင်နှုန်းခန့် ပျက်စီးခဲ့ပြီး ဂူတာပြင်ကျေးရွာအုပ်စုအတွင်းရှိ သရက်တောင်ကျေးရွာအနီး အင့ူမော်လမ်းမကြီးပေါ်ရှိ ကျောက်များမှာ ပေ ၄၀ခန့် ရေတိုက်စားမှုကြောင့် မျောပါပျက်စီးသွားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# ရေကြီးရေလျှံမှုကြောင့်ပျက်စီးခဲ့သောလမ်းတံတားများ အမြန်ဆုံးပြုပြင်ဆောင်ရွက်

**ကသာ ဇွန် ၁၂**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူးမြို့များတွင် ဇွန် ၈ ရက်ညကရွာသွန်းခဲ့သောမိုးကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည်။ ယင်းရေကြီးရေလျှံမှုများကြောင့် လမ်းတံတားများပျက်စီးခဲ့ရသည်။

ပျက်စီးခဲ့သော လမ်းတံတားများအား ဒေသခံပြည်သူများသွားလာမှုလွယ်ကူစေရန်အတွက် ဝန်းသိုမြို့နယ်လမ်းဦးစီးဌာနက ဆင်ကုန်း-ဝန်းသို-ပင်လည်ဘူးလမ်း မိုင်(၂၀/၃၄)ကြား တံတားအမှတ် (၃/၂၁) မောင်းကော်တံတား၊ ပင်လည်ဘူးဘက်ခြမ်းတံတားချဉ်းကပ်မြေ ရေတိုက်စားမှုအား မြေသားပြန်လည်ဖို့ခြင်း၊ ဆင်ကုန်း-ဝန်းသို-ပင်လည်ဘူးလမ်း မိုင်(၂၇/၆/၆-၂၇/၇)ကြားတံတားအမှတ် (၆/၂၈) ပေ ၃၀ အုတ်စီကမ်းကပ်ခုံ RC Slab တံတား၊ ဝန်းသိုဘက်ခြမ်းအုတ်ကမ်းကပ်ခုံနိမ့်ကျမှုအား လမ်းခွဲဖောက်လုပ်ပေးခြင်းများဆောင်ရွက်ပေးလျက်ရှိသည်။ ပြန်လည်တည်ဆောက်ရမည့် တံတားအား ဘေလီသံပေါင်များ မန္တလေးသို့မှာယူထားရှိပြီးဖြစ်ကြောင်း ယနေ့ရောက်လာပါကလုပ်ငန်းများ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်းသိုမြို့နယ်လမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**(ကသာပြန်/ဆက်)**

*** ဘိုကလေးမှ**
၂၀၁၄ ခုနှစ်တွင် ဆတ်ကျွန်းရန်မခကျေးရွာဘုန်းတော်ကြီးကျောင်းမှ ကိုရင်လေးတစ်ပါးနှင့် ၂၀၁၅ ခုနှစ်တွင် ဆတ်ကျွန်းရေကမြင်းကျေးရွာမှ ရွာသားတစ်ဦးနှင့် ယခုနှစ်တွင် ဆင်အိုင်ကျေးရွာမှ မခိုင်ခိုင်ဦးတို့ဖြစ်ကြသည်။ ထိုသို့နှစ်စဉ်မိကျောင်းကိုက်ခံနေရသောကြောင့် သတိပြုနေထိုင်ကြရန်လိုကြောင်း ဒေသခံများက ပြောသည်။

ဘိုကလေးမြို့နယ် မိန်းမလှကျွန်းဝန်းကျင်တွင် သဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်ဌာနမှ ယမန်နှစ်က "မိကျောင်းအန္တရာယ်ရှိသည်၊ ရေထဲမဆင်းရ" ဆိုင်းဘုတ်များစိုက်ထူထားသည့်ကြားမှ ထိုသို့ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မခိုင်ခိုင်ဦးတွင် လူမမယ်သားလေးနှစ်ဦး ကျန်ရစ်ခဲ့သည်။

**(ဌေးနိုင်-ဘိုကလေး)**



# ကျွန်းစုမြို့ပေါ်ရှိရပ်ကွက်များ တိုးချဲ့ရေပေးရေး ရေပိုက်များပို့ဆောင်

**ကျွန်းစု ဇွန် ၁၂**
ကျွန်းစုမြို့နယ်၌ JACA (ODA Loan) ချေးငွေဖြင့် ကျွန်းစုမြို့ပေါ်ရှိ ရပ်ကွက်နေပြည်သူများကို တိုးချဲ့ရေပေးဝေနိုင်ရန်အတွက် ရေသွယ်တန်းရန်ပိုက်လုံး အလုံး ၂၀၀၀ ကျော်ကို ကျွန်းစုမြို့သို့ပို့ပြီး ဒေသခံပြည်သူများ ရေရရှိရေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါရေပေးဝေရေးလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် JACA (ODA Loan) ချေးငွေဖြင့် Oriental Consaltant ကုမ္ပဏီ၏ ဂျပန်ပညာရှင်များပါဝင်သောအဖွဲ့မှဦးစီး၍ ကတ္တလူကျေးရွာ နဝရတ်ရေအိုင်မှ ခုနစ်မိုင်ခန့်အကွာအဝေးရှိ ကျွန်းစုမြို့သို့ ပေ ၃၀၀၀၀ ကျော်သွယ်တန်းမည်ဖြစ်ရာ အလျား ၁၉ ပေရှိ ငါးလက်မ ပိုက် ၁၀၈၃ လုံး၊ ခြောက်လက်မ ပိုက် ၉၄၉ လုံးနှင့် ဆက်စပ်ပစ္စည်းများရောက်ရှိနေပြီဖြစ်သည်။ ယင်းပိုက်လုံးများ အရည်အသွေးပြည့်မီခြင်းရှိ၊ မရှိ ပိုက်လုံးအစများကို ဖြတ်တောက်ကာ Oriental Consaltant ကုမ္ပဏီ၏ ဂျပန်ပညာရှင်များပါဝင်သောအဖွဲ့ဆီပေးပို့ပြီး အဆိုပါပညာရှင်များကလက်ခံမှ အသုံးပြုသွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းညွန့်က ပြောကြားသည်။ **ရန်နိုင်(ပြန်/ဆက်)**

World Blood Donor Day 14 June 2016
Blood Connects us all
"တို့အားလုံးအသက်၊ သွေးဖြင့်ဆက်"

# ကျုံးဘေး၌ ဆိတ်များ စည်းကမ်းမဲ့လွှတ်ကျောင်းခြင်းသည် နန်းမြို့ရိုးနှင့် ကျုံးအလှကို အကျည်းတန်စေ

**မန္တလေး ဇွန် ၁၂**
နိုင်ငံတကာခရီးသွားဧည့်သည်များသည် မန္တလေးမြို့သို့ ရောက်သည်နှင့် ကျုံးတော် နန်းမြို့ရိုးနှင့် ရွှေနန်းတော်တို့ကို အားထားလေ့လာကြသည်။ နန်းမြို့ရိုးနှင့် ကျုံးအလှမှာ မန္တလေးမြို့ဂုဏ်ဆောင် မန္တလေးသင်္ကေတတစ်ခုပင်ဖြစ်သည်။ ထိုမျှအထိ အရေးပါသောနေရာဖြစ်သည့် ကျုံးဘေးတွင် ဆိတ်များကို စည်းကမ်းမဲ့လွှတ်ကျောင်းသည့်မြင်ကွင်းမှာ အကျည်းတန်မြင်ကွင်းဖြစ်နေသည်။

မြို့တော်တွင် လေးဖက်လေးတန်မြို့ရိုးကာရံထားသည်။ မြို့ရိုးတစ်ဖက်လျှင် တာ ၆၀၀ စီခွဲကာ ကိုက်ပေါင်း ၂၂၁၆ ကိုက်စီဖြင့် တည်ဆောက်ထားပြီး လေးဖက်လေးတန်စုစုပေါင်းတာ ၂၄၀၀ (၅ မိုင် ၁ ဖာလုံ)စတုရန်းကွက်ကျ တည်ဆောက်ထားပုံမှာ စနစ်ကျလှသည်။ မြို့ရိုးတစ်ဖက်လျှင် တစ်မိုင် နှစ်ဖာလုံစီရှည်ပြီး ရှေးခေတ်မြို့ရိုးများ လုပ်ထုံးလုပ်နည်းအတိုင်း အုတ်၊ ရွံ့တို့ဖြင့်စီကာ ခိုင်ခံ့အောင် တည်ဆောက်ထားပုံမှာ စိတ်ဝင်စားဖွယ်နည်းပညာများကို ယနေ့တိုင်ပြသနေသည့် အဖိုးတန်သမိုင်းအမွေအနှစ်ပင်ဖြစ်သည်။



ကျုံးအလှ နန်းမြို့ရိုးအလှများမှာ ဆိတ်များ၊ ဆိတ်ချေးများကြောင့် ညစ်ပေကာ မြို့ဂုဏ်သိက္ခာ မြို့တော်သန့်ရှင်းမှုအတွက် အပြစ်ပြောစရာဖြစ်လာမည်ဖြစ်သည်။ကျုံးနှင့် နန်းမြို့ရိုးအနီး စည်းကမ်းမဲ့စွာ ဆိတ်ကျောင်းခြင်းများကို ရှောင်ရှားသင့်လှပေသည်။

မန္တလေးနန်းမြို့ရိုးနှင့် ကျုံးတော်မှာ မန္တလေးဂုဏ်တစ်ရပ်ဖြစ်နေပြီး အများစုစိတ်ဝင်တစားလေ့လာသောနေရာပင်ဖြစ်သည်။ လေးထောင့်စတုရန်းတည်ထားသော

ထိုနန်းမြို့ရိုး ကျုံးတော်များကြောင့်သာ မန္တလေး ဟု ဂုဏ်ယူနိုင်ခြင်းဖြစ်ပြီး နိုင်ငံတကာခရီးသွားများ စိတ်ဝင်စားမှုကိုရရှိခြင်းဖြစ်သည်။ ယခုအခါ ကျုံးဘေးတွင် စည်းကမ်းမဲ့ဆိတ်လွှတ်ကျောင်းခြင်းမှာ မြို့အလှကို ထိခိုက်စေနိုင်ခြင်းကြောင့် စည်းကမ်းမဲ့ဆိတ်လွှတ်ကျောင်းမှုကို ရှောင်ရှားဖို့လိုအပ်ပါသည်။ **(တိမ်တမန်)**




❖ **ကျောဖုံးမှ**

နန်နင်း-အာဆီယံ နိုင်ငံတကာနဂါးလှေလှော်ပြိုင်ပွဲကို ဇွန် ၁၁ ရက် တစ်ရက်တည်းသာ ကျင်းပခဲ့ခြင်းဖြစ်ပြီး မြန်မာအဖွဲ့မှာ ဝင်ရောက်ယှဉ်ပြိုင်သည့် ပြိုင်ပွဲနှစ်ခုစလုံး၌ အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာလှေလှော်အဖွဲ့အတွက် ရွှေတံဆိပ်ဆုများကို အမျိုးသားမီတာ(၂၀၀) ၁၂ တက်လှော်နှင့် အမျိုးသားမီတာ(၅၀၀)၁၂ တက်လှော်ပြိုင်ပွဲတို့တွင် ရယူပေးနိုင်ခဲ့ခြင်းဖြစ်ပြီး ထိုင်းအသင်းမှာ ငွေတံဆိပ်ဆုများသာ ရယူနိုင်ခဲ့သည်။

ယင်းပြိုင်ပွဲကို အာဆီယံအသင်းများနှင့် တရုတ်ကလပ်အသင်း စုစုပေါင်း ၁၇ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ကို အသစ်ပြန်လည်ဖွဲ့စည်းပြီးနောက်ပိုင်း ပထမဆုံးယှဉ်ပြိုင်သည့် နိုင်ငံတကာပြိုင်ပွဲတွင် ရွှေတံဆိပ်ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။



ရတနာပုံနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားနေစဉ်။

○ **ရတနာပုံအသင်းမှ**

ရန်ပိုင်၊ ရှိုင်းသူရတို့ဖြင့် ပွဲထွက်ခဲ့သည်။ ထိပ်သီးနှစ်သင်းတွေ့ဆုံသောပွဲ ဖြစ်သောကြောင့် ပွဲစကတည်းက အပြန်အလှန် ဂိုးသွင်းခွင့်များ ရခဲ့သည်။ ၁၄ မိနစ်တွင် ရန်ကုန်အသင်း ဂိုးစရခဲ့ပြီး ကျော်ကိုကိုက ပြစ်ဒဏ်ဘောကို ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာ ပိုမိုအကြိတ်အနယ်ရှိလာခဲ့ပြီး ဂိုးသွင်းခွင့်များ အပြန်အလှန်ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ပထမပိုင်းပြီးခါနီးတွင် ရတနာပုံအသင်း ချေပဂိုးနှင့် အနိုင်ဂိုးရခဲ့ပြီး လှိုင်းဘိုဘိုက ၄၃၊ ၄၅ မိနစ်တွင် သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနှစ်ဂိုးစလုံးကို အောင်သူက ဖန်တီးပေးခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ရတနာပုံအသင်းက ခံစစ်ကို ဦးစားပေးကစားခဲ့ပြီး ရန်ကုန်အသင်းမှာ တိုက်စစ်ကို အပြောင်းအလဲလုပ်ခဲ့သော်လည်း ချေပဂိုးရအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။ ပွဲပြီးခါနီးတွင် ရတနာပုံအသင်း ပင်နယ်တီကန်ခွင့်ရခဲ့သော်လည်း လှိုင်းဘိုဘိုလွဲချော်ခဲ့၍ ဟက်ထရစ်ရမည့် အခွင့်အရေးနှင့် လွဲချော်သွားခဲ့ရသည်။

အခြားပွဲစဉ်တွင် မုံရွာကွင်း၌ ဇေယျာရွှေမြေအသင်းက ချင်းယူနိုက်တက်အသင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့ပြီး ကျောက်တိုင်ကွင်း၌ ဧရာဝတီနှင့် ဇွဲကပင်အသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။ တန်းဆင်းဇုန်အတွင်းမှ Southern နှင့် Horizon အသင်းတို့ပွဲတွင် Southern အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ပွဲစဉ် ၁၃ အပြီးတွင် ရတနာပုံအသင်းက ၃၅ မှတ်ဖြင့် ထိပ်ဆုံး၌ဦးဆောင်နေပြီး ရန်ကုန်အသင်းက ၂၂ မှတ်၊ ဟံသာဝတီနှင့် ဧရာဝတီအသင်းတို့က ၂၁ မှတ်စီ၊ ဇေယျာရွှေမြေနှင့် မကွေးအသင်းတို့က ၁၉ မှတ်စီ၊ ရှမ်းယူနိုက်တက်နှင့်ချင်းယူနိုက်တက်အသင်းတို့က ၁၈ မှတ်စီ၊ ဇွဲကပင်အသင်းက ၁၅ မှတ်၊ ရခိုင်အသင်းက ၁၁ မှတ်၊ Southern အသင်းက ၁၀ မှတ်၊ Horizon အသင်းက ငါးမှတ်တို့ ရရှိထားသည်။

❒

# အလားအလာရှိပြီး လုပ်ငန်းတိုးချဲ့ဆောင်ရွက်ဖို့ အစီအမံကောင်းတွေရှိတဲ့ SMEs တွေကို ငွေချေးပေးတယ်

**ရန်ကုန် ဇွန် ၁၂**
နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်မှာ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အထူးအရေးပါပြီး အဆိုပါကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ငွေကြေး၊ နည်းပညာနှင့် အခြေခံလိုအပ်ချက်များစွာ ရှိနေသည်။ တီထွင်ကြံဆနိုင်ကာ လုပ်ငန်းအပေါ် ဦးဆောင်နိုင်သည့် လုပ်ငန်းရှင်ကောင်းများစွာပေါ်ထွက်ရန် လိုအပ်သလို စွန့်ဦးတီထွင်နိုင်ပြီး ကောင်းမွန်သော အနာဂတ်စီးပွားရေးဗျူဟာများရှိသူ လုပ်ငန်းရှင်ငယ်များအတွက်လည်း ထိုက်သင့်သောရင်းနှီးငွေများ ပံ့ပိုးပေးရန် လိုအပ်မည်ဖြစ်သည်။ ယင်းကြောင့် CGI (Credit Guarantee Insurance) စနစ်ကို အသုံးပြု၍ SMEs လုပ်ငန်းများ ချေးငွေရရှိနိုင်ရေး အသိပေးဆွေးနွေးပွဲတွင် ဒေါ်အေးအေးဝင်း( ညွှန်ကြားရေးမှူးချုပ်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန) နှင့် တွေ့ဆုံမေးမြန်းခဲ့မှုများကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**မေး။ ။စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအနေနဲ့ ဆောင်ရွက်နေတဲ့လုပ်ငန်းပိုင်းတွေ ပြောပြပေးပါ။**

ဖြေ။ ။စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအနေနဲ့ကတော့ မြန်မာနိုင်ငံမှာရှိတဲ့ စက်မှုလုပ်ငန်းတွေ၊ ဥပဒေတွေနဲ့အညီ အခုဆိုရင် ၁၉၉၀ ပုဂ္ဂလိက စက်မှုလုပ်ငန်းဥပဒေ၊ လျှပ်စစ်ဥပဒေ၊ ဘွိုင်လာဥပဒေတွေနဲ့အညီ စစ်ဆေးပေးတာတွေ၊ ကြီးကြပ်ပေးတာတွေ လုပ်ပေးနေပါတယ်။ ဒီဌာနရဲ့လက်အောက်မှာ အသေးစားနဲ့ အလတ်စားလုပ်ငန်းများ (SMEs) ဖွံ့ဖြိုးတိုးတက်ရေးဌာနဆိုတာ ရှိပါတယ်။ အသေးစားနဲ့ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနအနေနဲ့ကတော့ အသေးစား၊ အလတ်စားလုပ်ငန်းတွေ၊ လုပ်ငန်းရှင်တွေရဲ့ လူ့စွမ်းအားအရင်းအမြစ်တွေတိုးတက်အောင် လူ့စွမ်းအားအရင်းအမြစ်တွေ တိုးတက်အောင်ဆိုတဲ့နေရာမှာ အဓိကကလုပ်ငန်းရှင်တွေပေါ့။ စွန့်ဦးတီထွင်သူတွေဟာ တကယ့်ကိုထိရောက်ပြီး လုပ်နိုင်စွမ်းရှိတဲ့သူတွေဖြစ်မှ သူတို့လုပ်ငန်းကို ကိုင်တွယ်နိုင်မယ်။ အဲဒါကြောင့် သူတို့ရဲ့ Capacity တွေ မြင့်တက်အောင်လုပ်တယ်။ သူတို့ရဲ့ သတင်းအချက်အလက်၊ ဗဟုသုတ၊ နိုင်ငံတကာအဆင့် ဆက်သွယ်ဆောင်ရွက်မှုတွေ ဒါတွေရလာအောင်လို့ လုပ်ပေးပါတယ်။ ဈေးကွက်ချဲ့ထွင်ခြင်းတွေ ပြုလုပ်လာနိုင်အောင်၊ ဝန်ဆောင်မှုတွေကို ဆောင်ရွက်နိုင်အောင် ဒီလိုမျိုးတွေလည်း ဆောင်ရွက်ပေးတယ်။ SMEs တွေ လိုအပ်နေတဲ့ ငွေကြေးကဏ္ဍကိုလည်း ပံ့ပိုးပေးပါတယ်။

**မေး။ ။ငွေကြေးကဏ္ဍကို ပံ့ပိုးပေးတဲ့နေရာမှာ ဘယ်လိုပုံစံမျိုးနဲ့ ပံ့ပိုးပေးပါသလဲ။**

ဖြေ။ ။ပံ့ပိုးတဲ့အခါမှာ နိုင်ငံတော်ကနေပြီးတော့ ချေးငွေတွေ ချပေးတာရှိတယ်။ ဒီလိုချပေးတဲ့အခါ ဥပဒေအရ၊ ပေါ်လစီတောင်းဆိုချက်အရ နဂိုက SMEs ဌာနကထောက်ခံပြီး ချေးတဲ့စနစ် တစ်ခါလုပ်ခဲ့တယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ခွဲဝေရရှိအောင်ဆိုပြီး ခွဲဝေပြီး ဒေသဆိုင်ရာအာဏာပိုင်တွေနဲ့ပေါင်းပြီး အလားအလာရှိတဲ့ SMEs တွေကို ငွေချေးတာတွေ လုပ်ပါတယ်။

**မေး။ ။အခု ဆောင်ရွက်တဲ့ CGI (Credit Guarantee Insurance) စနစ်ကိုအသုံးပြုပြီး ချေးငွေပေးမယ့်အကြောင်း ပြောပြပေးပါ။**

ဖြေ။ ။အခု CGI (Credit Guarantee Insurance) စနစ်ကိုသုံးပြီး စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနက အာမခံလုပ်ငန်းရယ်၊ အသေးစားနှင့်အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနရယ်၊ စီဘီဘဏ်ရယ် ပေါင်းပြီးတော့ ဆောင်ရွက်ပေးပါတယ်။ SMEs တွေကို သွားစစ်ဆေးကြည့်ပြီး တကယ်ကိုမှန်ကန်ပြီး အလားအလာရှိတယ်ဆိုရင် အန်တီတို့ဌာနက ထောက်ခံပေးရတာဖြစ်ပါတယ်။ SMEs ဖြစ်ကြောင်း မှတ်ပုံတင်ထုတ်ပေးတာပေါ့။ SMEs ဖြစ်ကြောင်း ထုတ်ပေးလိုက်တယ်ဆိုရင် ဒါနဲ့ ဘဏ်ကိုသွားပြီး ဘဏ်နဲ့ချိတ်ဆက်ပြီးတော့ အာမခံအနေနဲ့ ဆောင်ရွက်ရပါတယ်။ အာမခံအပေါင်ပစ္စည်း တင်ပြတဲ့အခါ မြင်တဲ့အဆောက်အအုံတွေကိုမှ မဟုတ်ပါဘူး။ တခြားမြင်တဲ့ စက်ပစ္စည်းတွေ၊ ကားတွေ၊ လုပ်ငန်းလည်ပတ်နေတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ဒါတွေကို တင်ပြပြီးတော့ ကြည့်ပါတယ်။ သူတို့ရဲ့ အလားအလာ၊ စီးပွားရေးမဟာဗျူဟာတွေကိုကြည့်ပြီး ချေးငွေဆောင်ရွက်ပေးတာပါ။ ဥပမာ သပိတ်လုပ်ငန်းဆိုရင် အပေါင်ပစ္စည်းတောင် ပြစရာမလိုဘဲနဲ့ ကျပ်သိန်း ၂၀၀ ချေးပေးတယ်။ အလားအလာရှိပြီး လုပ်ငန်းတိုးချဲ့ဆောင်ရွက်ဖို့ အစီအမံကောင်းတွေရှိတဲ့ SMEs တွေကို ငွေချေးပေးတယ်။ သူ့ရဲ့ဈေးကွက်ကလည်း အထိုက်အလျောက်ရှိတယ်ဆိုရင် ဒါကို ဘဏ်ကလည်း ယုံကြည်စိတ်ချပြီးတော့ ချေးတာပါ။ ဘဏ်တွေရဲ့ ယုံကြည်စိတ်ချရမှုတွေ၊ အာမခံလုပ်ငန်းရဲ့ ယုံကြည်စိတ်ချရမှုတွေရရှိဖို့က လုပ်ငန်းရှင်တွေ ပိုလိုတယ်။ ဒါကိုထဲထဲဝင်ဝင်သိအောင် ဒီနေ့ပွဲလေးကို ကျင်းပရခြင်းဖြစ်ပါတယ်။

**မေး။ ။ချေးပေးတဲ့ ငွေပမာဏနဲ့ အတိုးနှုန်းအနေနဲ့ ဘယ်လိုရှိပါလဲ။**

ဖြေ။ ။ချေးပေးခဲ့တဲ့ ပမာဏအနေနဲ့ သက်တမ်းတစ်လျှောက်မှာ ကျပ်သိန်း ၅၀၀၀ အထိကို ချေးပေးခဲ့ဖူးပါတယ်။ နောက်ပိုင်း equal share လိုတယ်။ တောင်းဆိုတဲ့အခါ ကျပ်သိန်း ၁၀၀၀ အထိ အမြင့်ဆုံးချေးခဲ့ပါတယ်။ အနည်းဆုံး ပမာဏကတော့ Microfinance Bank တွေလည်းရှိတယ်၊ Micro Law တွေလည်း ရှိတဲ့အတွက်ကြောင့် ကျပ်သိန်း ၁၀၀ အောက်ကိုတော့ မစဉ်းစားပါဘူး။ အနည်းဆုံးတော့ ကျပ်သိန်း ၁၅၀ လောက်လာချေးကြတာ ဖြစ်ပါတယ်။ အတိုးနှုန်းကတော့ CGI ကတော့ နည်းနည်းလေးအတိုးနှုန်းများပါတယ်။ သူက ပုံမှန်အတိုးနှုန်း ၁၂ ရာခိုင်နှုန်းကို CGI ကနေပြီးတော့ ထပ်ပြီးတော့ အာမခံရတဲ့အတွက် အပေါင်ပစ္စည်းပေါ်မူတည်ပြီးတော့ သတ်မှတ်တာပေါ့။ အဲဒီမှာလည်း အမျိုးမျိုးသတ်မှတ်တာပေါ့။ ၁ ဒသမ ၅ ရာခိုင်နှုန်းကနေ ၂ ဒသမ ၅ ရာခိုင်နှုန်းအထိ ရှိတယ်။ ဒါလည်း အမျိုးမျိုးပါပဲ။ နိုင်ငံတကာမှာလည်း ဒီအတိုင်းပါပဲ။ သိပ်ပြီးတော့ ကောင်းတဲ့လုပ်ငန်း၊ အလားအလာအလွန်ကောင်းတယ်၊ ဈေးကွက်ရှိတယ်၊ ယုံကြည်စိတ်ချရတယ်ဆိုရင်တော့ အတိုးနှုန်းတွေ လျှော့ယူတာပေါ့။ CGI နဲ့ လုပ်တဲ့ဟာကတော့ ဒီလိုပါပဲ။ တစ်ရာခိုင်နှုန်းကနေ လေးရာခိုင်နှုန်းလောက်အထိ သတ်မှတ်ထားကြပါတယ်။

**မေး။ ။ စိတ်ဝင်စားတဲ့ SMEs လုပ်ငန်းရှင်တွေအနေနဲ့ ဘယ်လို ဆက်သွယ်ရပါမလဲ။**

ဖြေ။ ။အဓိကကတော့ ရန်ကုန်မှာ အသေးစားနဲ့ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန (ရုံးချုပ်)ကို တက္ကသိုလ်ရိပ်သာလမ်းသစ်မှာ ဖွင့်လှစ်ထားပါတယ်။ ပထမဆုံး လာရမှာတော့ SMEs ဌာနကိုပါပဲ။ ဒီမှာ လုပ်ငန်းမှတ်ပုံတင်ပြီး၊ မပြီးပြန်စစ်မယ်။ အန်တီတို့အနေနဲ့ သူတို့ကို ထောက်ခံချက် ထုတ်ပေးလိုက်တာပါ။ ဒါကလည်း နိုင်ငံတကာနဲ့အတူတူပါပဲ။ နိုင်ငံတကာမှာလည်း သတင်းအချက်အလက်စနစ်တွေက အလွန်ကောင်းတဲ့အတွက် အချက်အလက်တွေ အကုန်ယူထားတယ်။ ရလာတဲ့အချက်အလက်တွေကိုလည်း ဌာနတွေအားလုံးကို ဖြန့်လိုက်တယ်။ အဲဒီအတွက်ကြောင့် ဘာမှမသိတဲ့ SMEs ကိုတော့ မချေးပါဘူး။ တကယ်ကိုနားလည်ပြီး၊ သိပြီးတော့ လုပ်ငန်းကို ဘယ်လိုတိုးချဲ့ရမလဲ၊ စီးပွားရေး မဟာဗျူဟာတွေကောင်းမွန်တာကိုကြည့်ပြီး ချေးပေးတာပါပဲ။ နိုင်ငံတကာမှာလည်း ဒီလိုပါပဲ။



ဒေါ်အေးအေးဝင်း
(ညွှန်ကြားရေးမှူးချုပ်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန)

**မေး။ ။SMEs ကဏ္ဍတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံတကာက ပူးပေါင်းဆောင်ရွက်တာတွေ ရှိပါသလား။**

**ဖြေ။ ။ရှိပါတယ်။** အခုလက်ရှိ လုပ်နေတာကတော့ ဂျာမနီနိုင်ငံ GIZ တို့၊ UK တို့၊ ILO တို့၊ ကနေဒါနိုင်ငံ၊ နယ်သာလန်တို့ နည်းပညာလွှဲတာတွေ အများကြီးလာလုပ်ပေးနေပါတယ်။ အာလူးနဲ့ ကြက်သွန်ကို တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ထုတ်နိုင်အောင် လာလုပ်ပေးဖို့ရှိပါတယ်။ စဥ့်အိုးလုပ်ငန်းကိုလည်း လုပ်ပေးဖို့ရှိပါတယ်။ အလားအလာကောင်းပါတယ်။ အခုအချိန်မှာ ဒါလေးတွေ ပြန်ခေတ်စားလာတယ်ဆိုတော့ နည်းပညာတွေနဲ့ ဒီကဏ္ဍတွေတိုးတက်ဖို့ လိုပါတယ်။ ဒါတွေနဲ့ ပူးပေါင်းနေသလို အစိုးရသစ်လက်ထက်မှာ ဒီကဏ္ဍကို ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အထူးစိတ်ဝင်စားတာတွေရှိပါတယ်။ ကမ်းလှမ်းဆွေးနွေးနေတာတွေ ရှိပါတယ်။

ဆုနှင်းလဲ့



## ရွှေ့လျားဓာတ်မှန်စက်ကြီးများဖြင့် တီဘီရောဂါကွင်းဆင်းရှာဖွေ၍ အခမဲ့ဆေးကုသပေး

**နေပြည်တော် ဇွန် ၁၂**
နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပုသိမ်ကြီးမြို့နယ် တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့၊ ပျဉ်းမနားမြို့နယ် တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့တို့ ပူးပေါင်း၍ ရက် ၁၀၀ စီမံချက်အရ ရွှေ့လျားဓာတ်မှန်စက်ကြီးများဖြင့် တီဘီရောဂါ ကွင်းဆင်းရှာဖွေ၍ ဆေးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇွန် ၉ ရက်တွင် ကျွန်းရောင်းကျေးရွာအုပ်စု လေသာကျေးရွာနှင့် ကျည်တောင်ကျေးရွာအုပ်စု စည်ပင်သာယာကျေးရွာတွင်လည်းကောင်း၊ ဇွန် ၁၀ ရက်တွင် ပြည်စံအောင်ရပ်ကွက်တွင်လည်းကောင်း ကွင်းဆင်း၍ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် အထွေထွေကျန်းမာရေးနှင့် ပတ်သက်၍ လာရောက်ပြသသူ ၃၂၂ ဦး၊ တီဘီရောဂါသံသယရှိ လူနာ ၁၃ ဦးအား သလိပ်စစ်ခြင်းနှင့် တီဘီရောဂါပိုးတွေ့ရှိ လူနာနှစ်ဦးအား ဆေးကုသခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **စိုးသူအောင်(ပြန် /ဆက်)**

## မဘိမ်း၌ တောင်သူလယ်သမားများအား စိုက်ပျိုးနည်းပညာများဖြန့်ဝေ

**မဘိမ်း ဇွန် ၁၂**
မဘိမ်းမြို့နယ်ရှိ တောင်သူလယ်သမားများ စွမ်းဆောင်ရည်မြင့်မားစေရေးအတွက် စိုက်ပျိုးနည်းပညာပေး သင်တန်းကို ယနေ့ နံနက် ၈ နာရီခွဲက မဘိမ်းမြို့နယ်ခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်မြတ်မွန်နှင့် မြေအသုံးချရေး တာဝန်ခံ၊ မျိုးစေ့တာဝန်ခံ၊ သီးနှံပိုးမွှားကာကွယ်ရေး တာဝန်ခံနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထွန်းမျိုးသန့်တို့က စပါးပင်ကြီးထွားမှု သက်တမ်းအလိုက် ဓာတ်မြေဩဇာ ထည့်သွင်းနည်းစနစ်၊ သဘာဝမြေဩဇာ ပြုလုပ်နည်းများ၊ အောင်မြင်သော စပါးမျိုးရွေးချယ်နည်းစနစ်များ၊ စပါးတွင်ကျရောက်သော ပိုးမွှားရောဂါများနှင့် ဘက်စုံကာကွယ်ရေးနည်းစနစ်များအပြင် SRI (System of Rice Intensification) စပါးစိုက်ပျိုးနည်းစနစ်များအကြောင်းကို ပရိုဂျက်တာဖြင့် အသိပညာပေး ဆွေးနွေးကြသည်။

အဆိုပါ သင်တန်းသို့ မဘိမ်းမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့်ကျေးရွာများမှ တောင်သူလယ်သမား ၆၀ ကျော်တက်ရောက်ခဲ့ကြပြီး သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းရာ စိုက်ပျိုးရေးဝန်ထမ်းများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။ အခမ်းအနားသို့ တက်ရောက်လာသူများကို စိုက်ပျိုးနည်းပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ထိန်လင်းဦး(ပြန်/ဆက်)**



# မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ချစ်ကြည်ရေးစက်ဘီးစီး

**ကော့သောင်း ဇွန် ၁၂**

မြန်မာ (ကော့သောင်း)-ထိုင်း (ရနောင်း)နှစ်နိုင်ငံနယ်စပ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ချစ်ကြည်ရေး စက်ဘီးစီးနင်းပွဲကို ဇွန် ၁၂ ရက် နံနက် ၈ နာရီက ကော့သောင်းမြို့ နာရီစင်ရှေ့တွင် စတင်ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားသို့ ကော့သောင်းခရိုင်အုပ်ချုပ်ရေးမှူးနှင့် ရနောင်းခရိုင်အုပ်ချုပ်ရေးမှူး၊ မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံတောင်ပိုင်းခရိုင်များမှ စက်ဘီးစီးအဖွဲ့ဝင်များ တက်ရောက်သည်။

စက်ဘီးစီးအဖွဲ့ဝင်များ နေရာယူပြီး ကော့သောင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သက်က အမှာစကားပြောကြားသည်။ ထို့နောက် ထိုင်းနိုင်ငံ ရနောင်းခရိုင် အုပ်ချုပ်ရေးမှူး Mr. Suriyun Kanjanasilp က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ချစ်ကြည်ရေး စက်ဘီးစီးနင်းပွဲကို ဖွင့်လှစ်ပေးခဲ့သည်။




အဆိုပါ ချစ်ကြည်ရေးစက်ဘီးစီးနင်းပွဲတွင် ထိုင်းနိုင်ငံတောင်ပိုင်းခရိုင်များမှ စက်ဘီးစီးသမား ၄၀၀ ခန့်ပါဝင်ပြီး၊ မြန်မာနိုင်ငံ ကော့သောင်းခရိုင်အတွင်းရှိ မလိဝမ်းကျေးရွာသို့ ၂၈ မိုင် ခရီးကို စီးနင်းကြသည်။

အဆိုပါ စက်ဘီးစီးနင်းပွဲကို အာဆီယံမိသားစုဝင် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲရေး၊ နှစ်နိုင်ငံနယ်စပ်ခရိုင်များမှ ပြည်သူများအချင်းချင်း အပြန်အလှန်ခရီးသွားလာမှု၊ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးရည်ရွယ်၍ ကော့သောင်းခရိုင်မှ အိမ်ရှင်အဖြစ်လက်ခံကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# လမ်းပေါ်နေကလေးများ၊ တောင်းရမ်းစားသောက်သူများ၊ ခိုကိုးရာမဲ့များနှင့် စောင့်ရှောက်သူမဲ့မသန်စွမ်းသူများအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်ရေးဆွဲ

**ရန်ကုန် ဇွန် ၁၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော လူမှုရေးဒုက္ခခံစားနေရသူများ၊ ကလေးသူငယ်၊ လူငယ်၊အမျိုးသမီး၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းခြင်း၊ မဟာဗျူဟာများ ချမှတ်ခြင်း၊ လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ဇွန် ၁၀ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း၌ ပြုလုပ်သည့် ရန်ကုန်မြို့ရှိ လမ်းပေါ်နေကလေးများနှင့် တောင်းရမ်းစားသောက်သူများ၊ ခိုကိုးရာမဲ့များ၊ စောင့်ရှောက်သူမဲ့ မသန်စွမ်းသူများအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်မူကြမ်းနှင့်ပတ်သက်သည့် ဆွေးနွေးပွဲမှသိရသည်။

ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးက "လမ်းပေါ်နေကလေးတွေ၊ တောင်းရမ်းစားသောက်သူတွေ၊ ခိုကိုးရာမဲ့၊ စောင့်ရှောက်သူမဲ့ မသန်စွမ်းသူတွေအတွက် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက် ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပါ။ တတိယအကြိမ်ဆွေးနွေးပြီးမှ အတည်ဖြစ်မှာပါ။ ရန်ကုန်နဲ့ မန္တလေးမှာ လောလောဆယ် ရက် ၁၀၀ စီမံကိန်းမှာ ဆောင်ရွက်မယ့်ကိစ္စဖြစ်တဲ့အတွက် ရန်ကုန်မှာလုပ်သလို မန္တလေးမှာလည်း လုပ်မှာဖြစ်ပါတယ်။ ဒီနေ့ဆွေးနွေးတာတွေကို ပြန်လည်သုံးသပ်ပြီး မှတ်တမ်းလုပ်ထားပြီး နေပြည်တော်ကို ပြန်တင်မှာပါ။ တက်ရောက်လာတဲ့သူတွေက အကြံပြုကြတယ်။ ဆွေးနွေးကြတယ်။ သင့်တော်တဲ့ အကြံဉာဏ်တွေဆိုရင် ထည့်သွင်းရေးဆွဲမှာပါ" ဟုပြောသည်။

အဆိုပါလုပ်ငန်းစီမံချက်သည် လမ်းပေါ်နေကလေးများနှင့် တောင်းရမ်းစားသောက်သူများ၊ ခိုကိုးရာမဲ့များ လျော့နည်းပပျောက်စေရန်နှင့် လမ်းပေါ်နေ ကလေးများနှင့် တောင်းရမ်းစားသောက်သူများ၊ ခိုကိုးရာမဲ့များ၊ မသန်စွမ်းသူများ၏ ဘဝလုံခြုံမှုရှိစေရန်၊ ဘဝအရည်အသွေးနှင့် လူနေမှုဘဝ မြှင့်တင်ပေးနိုင်ရန်၊ အခမ္ဗအနိုင်ကျင့်စေခိုင်းခြင်း၊ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းများ ဆောင်ရွက်နေမှုများကို ဖော်ထုတ်အရေးယူနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါဆွေးနွေးပွဲသို့ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြန်မာနိုင်ငံ စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း၊ *UNICEF*၊ *Save the Children*၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအဖွဲ့ချုပ်နှင့် အရပ်ဘက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**(သီသီမင်း)**

# ပရမ်းပတာပျောက် ချမ်းသာရောက်

လွန်ခဲ့သော ၁၀ နှစ်ကျော်က ပရမ်းပတာမောင်းနှင်နေသည့် ကားများအကြား ပရမ်းပတာ သွားလာလမ်းကူးနေသူများကို ငေးကြည့်စိုးရိမ်မိရင်း ပရမ်းပတာစကားလုံးက ရင်ထဲတိုးဝှေ့သွားသည်။

ရန်ကုန်မြို့လယ် လူ၊ ကား၊ ကုန်တင်ကုန်ချ အလွန်ရှုပ်သော လမ်းသွယ်တစ်ခုနှင့် လမ်းမကြီးထောင့်တွင် နွမ်းနွမ်းပါးပါး ကွမ်းယာသည် အမျိုးသမီးက ပလက်ဖောင်းပေါ်မဟုတ် လမ်းသွယ်ပေါ် ကွမ်းယာဗန်းစင်ခင်းထားသဖြင့် လမ်းကြောပိုမိုပိတ်ဆို့စေသည်ကို ကြည့်ရင်း-

"သြော်- အသိနည်းဆင်းရဲလို့ ခုလို ပရမ်းပတာခင်းရောင်းတာပဲ" တွေးလိုက်မိစဉ်-

ထိုလမ်းသွယ်ထဲမှ သားနားပြောင်လက်သည့် ယာဉ်မောင်းက ဝေါခနဲမောင်းထွက်လာသော ကားအကောင်းစားကြီးကို ယာဉ်ကြောကျပ်သည့်လမ်းကြီးအပေါ် ရပ်ထားသည့် ယာဉ်များအရှေ့၌ ယာဉ်ကြောတစ်ထပ်ပိုးကာ ရပ်လိုက်ပြီး ထိုကွမ်းယာဆိုင်ဆီ ကွမ်းဆင်းဝယ်တော့-

"သြော် လူရည်လည်လူချမ်းသာလည်း ခုလိုပရမ်းပတာရပ်တာပဲ။ အတူတူနဲ့အနူနူ ပရမ်းပတာတွေပါပဲ"ဟု တွေးရင်း ပရမ်းပတာစကားလုံးက ရင်ထဲကလိပါသည်။

လမ်းသွယ်ထောင့် ကွက်လပ်တစ်ခုတွင် သံတိုင်၊ သံကိုင်း၊ သံမိုးတို့ဖြင့် မဏ္ဍပ်လိုလို၊ သံတဲလိုလိုဆောက်သည်ကို ကြည့်ကာ "ဘယ့်နှယ် လမ်းပေါ်ဘာများ ဆောက်ပါလိမ့်" စဉ်းစားမရစဉ် မကြာပါ။ ထိုသံတဲကို ဖျက်လိုက်ကြသည်ကို တွေ့တော့မှ "ဘာဆောက်တာလဲ၊ ဘာကြောင့် ပြန်ဖျက်တာလဲ" မေးကြည့်ရာ "ဆွမ်းလောင်းအသင်းမဏ္ဍပ် ဆောက်တာ။ စည်ပင်ဥပဒေငြိလို့ ပြန်ဖျက်ပေးရတယ်" ဖြေလာတော့ "သြော် မဆောက်ခင် စဉ်းစားကြဖို့ကောင်းတယ်" တွေးမိရင်း ပရမ်းပတာစကားလုံးက ခေါင်းထောင်ထလာပြန်ပါသည်။

လွန်ခဲ့သောနှစ်က ရေဘေးသင့်ပြည်သူများအတွက် လူငယ်များ တက်တက်ကြွကြွ သွားလာအလှူခံကြသည်ကိုကြည့်ရင်း"အများအကျိုးအတွက် နိုးကြားတက်ကြွကြပေတယ်" ဟု ဝမ်းမြောက်မိပါသည်။ တစ်နေ့ပလက်ဖောင်းပေါ် လမ်းလျှောက်လာရာ အလှူခံတစ်ဖွဲ့က ပလက်ဖောင်းပေါ်ရော လမ်းမဘေးစပ်မှာပါ အသံချဲ့စက်များ၊ အသံအိုးများချလျက် အလှူခံနေကြသည်ကို ရှောင်ကွင်းလျှောက်ရင်း လမ်းမကြီးအလယ်ထိရောက်သည်မို့ စိတ်ထဲထင့်သွားသည်။ လျှပ်စစ်ဝါယာကြိုးများကလည်း လူလွတ်အောင်မချိတ်ဘဲ ပလက်ဖောင်းတစ်လျှောက် ရှည်လျားရှုပ်ထွေးချထားပြန်သည်။ အလှူခံသူများကလည်း ကားကြိုကားကြားကွေ့ဝိုက်ကူးလူး အလှူခံနေကြသည်။ "အင်း ကောင်းတာလုပ်လည်း ပရမ်းပတာ" ဟု မေတ္တာဒေါသောတွေးရင်း ပရမ်းပတာစကားလုံးက ရင်ထဲဆို့နင့်စေပြန်သည်။

သို့နှင့် မိမိကိုယ်ကိုလည်းကောင်း၊ သူဖုန်းစားမှ မဟာဘာညာအထိလည်းကောင်း၊ အမှိုက်ကစ ပြာသာဒ်အထိလည်းကောင်း၊ မှန်ကင်းမှ ထင်းသို့လည်းကောင်း၊ အရပ်ဆယ်မျက်နှာကိုလည်းကောင်း၊ ဆူကြုံနိမ့်မြင့် အပေါင်းကို လည်းကောင်း ပရမ်းပတာစကားမှန်ဘီလူးဖြင့် မြင်ကွင်းကျယ်ချဲ့ကြည့်မိရာ "ဟာ -ကောင်းတာလုပ်လည်း ပရမ်းပတာ၊ မကောင်းတာလုပ်လည်း ပရမ်းပတာ၊ ဘုရားကယ်ပါ" ဟုတွေးရင်း လွန်ခဲ့သောနှစ်တွေတစ်လျှောက် ကိုယ့်နဖူးကိုယ်ထုနေမိရာမှာ ယခုတော့ မျှော်လင့်ချက်သန်းပြီ။

မည်သို့ပင် ပရမ်းပတာဖြစ်စေ လူတို့သည် ထိုပရမ်းပတာကို ကျော်လွှားရုန်းထွက်ဖို့ ကြိုးစားကြသည်ဟု ယုံကြည်မိသည်။ ထိုကြိုးစားမှုသည် မိုးနတ်မင်းအပေါ်မှာတည်သလို ကိုယ်စီကိုယ်င လက်ထဲ၌လည်း တည်ပါသည်။ နိုင်ငံသူနိုင်ငံသားများကိုယ်တိုင် လက်သန်းနှင့်သာမက လက်ချောင်း၊ လက်ဝါး၊ လက်မောင်း၊ လက်ပြင်၊ ပခုံး၊ လက်ရုံး၊ ခြေသလုံး၊ ကြွက်သားခွန်အား၊ နှလုံး၊ ဦးနှောက်များပါ ထပ်မံထည့်ပေါင်းလာလျှင် တို့ပြည်ထောင်စုမြန်မာနိုင်ငံသည် ပရမ်းပတာပျောက် ချမ်းသာရောက်ရမည်မှာ မလွဲဧကန်။ **(မိုးထွန်း)**

# ကျောင်းတက် ကျောင်းဆင်း လမ်းကူး လမ်းရှင်း

**စစ်ကိုင်း ဇွန် ၁၂**

စစ်ကိုင်းမြို့ မြို့ပေါ်ကျောင်းများတွင် ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ် မကျရောက်စေရေး စစ်ကိုင်းမြို့ အမှတ်(၁၀၅) ယာဉ်ထိန်းတပ်စုမှူးရုံးမှ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များသည် ကျောင်းဆင်း၊ ကျောင်းတက်ချိန်များတွင် လမ်းကူးပေးခြင်း၊ လမ်းရှင်းပေးခြင်းများ လုပ်ဆောင်ပေးလျက်ရှိသည်။ ဒု-တပ်ကြပ်မျိုးဝင်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများအား လမ်းကူးပေးနေသည်ကို ဇွန် ၉ ရက်က မြင်တွေ့ရသည်။ အထက(၁)၊ အမက(၁)နှင့် ချင်းစုကျောင်းလမ်းများသည် နေ့စဉ်ယာဉ်ကြောရှုပ်ထွေးသည့် နေရာတစ်ခုဖြစ်ပြီး ယခင်က လမ်းညွှန်ဆိုင်းဘုတ်များထားပေးသော်လည်း ယနေ့အချိန်တွင် ဆိုင်းဘုတ်များ မရှိတော့ကြောင်း သိရသည်။

ယာဉ်ထိန်းတပ်ဖွဲ့ဝင်များမှာ မြို့ပေါ်ကျောင်းအနီး လူရှုပ်ထွေးရာနေရာများသာ ကူညီလမ်းရှင်းပေးနိုင်သော်လည်း အလှမ်းဝေးသည့်နေရာများတွင် ယာဉ်ထိန်းအင်အားမမျှတသည့်အတွက် မရှင်းပေးနိုင်သည့်နေရာများရှိသည်။

မြို့ပေါ်ကျောင်းအများစု၏ ဝင်ပေါက်၊ ထွက်ပေါက်များတွင် လူကူးမျဉ်းကျားများ ထားပေးရန်လိုအပ်လျက်ရှိသည်။

**(၅၃၀)**

■

# မုဒုံ အထက(၁)နှင့်(၂) အောင်ချက်မြင့်မား

**မုဒုံ ဇွန် ၁၂**

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မွန်ပြည်နယ် မုဒုံမြို့နယ်မှ ကျောင်းသားကျောင်းသူ ၁၉၅၅ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ ၁၀၇၁ ဦး အောင်မြင်ခဲ့ပြီး အောင်ချက်ရာခိုင်နှုန်း ၅၄ ဒသမ ၇၈ ရာခိုင်နှုန်းရှိသည်။

ယင်းတို့အနက် မုဒုံ အထက(၁)မှ ၆၀၂ ဦး ဝင်ရောက်ဖြေဆိုရာ ၃၈၇ ဦး အောင်မြင်သည်။ အောင်မြင်သူများတွင် ခြောက်ဘာသာဂုဏ်ထူး လေးဦး၊ ငါးဘာသာဂုဏ်ထူး ၁၁ ဦး၊ လေးဘာသာဂုဏ်ထူး ၂၄ ဦး၊ သုံးဘာသာဂုဏ်ထူး ၂၄ ဦး၊ နှစ်ဘာသာဂုဏ်ထူး ၃၄ ဦးနှင့် တစ်ဘာသာဂုဏ်ထူး ၈၅ ဦး စုစုပေါင်း ဂုဏ်ထူးဖြင့်အောင်မြင်သူ ၁၈၂ ဦးရှိပြီး အောင်ချက်ရာခိုင်နှုန်းမှာ ၆၄ ဒသမ ၂၉ ဖြစ်သည်။

အလားတူ မုဒုံ အထက(၂)မှ ၁၅၇ ဦး ဝင်ရောက်ဖြေဆိုရာ ၉၈ ဦး အောင်မြင်သည်။ အောင်မြင်သူများတွင် လေးဘာသာဂုဏ်ထူး နှစ်ဦး၊ သုံးဘာသာဂုဏ်ထူး လေးဦး၊ နှစ်ဘာသာဂုဏ်ထူး ရှစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူး ၃၀ စုစုပေါင်း ဂုဏ်ထူးဖြင့်အောင်မြင်သူ ၄၄ ဦးရှိသည်။ အောင်ချက်ရာခိုင်နှုန်းမှာ ၆၂ ဒသမ ၄၂ ဖြစ်ကြောင်းနှင့် မွန်ပြည်နယ်တွင် မုဒုံမြို့နယ်သည် အောင်ချက်အကောင်းဆုံး (အောင်ချက် ၃၉ ဒသမ ၃၇ ရာခိုင်နှုန်း)ဖြစ်ကြောင်း သိရသည်။ **ကိုချစ်(မုဒုံ)**

# (၅၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတင်းမီဒီယာများတက်ရောက်နိုင်

**နေပြည်တော် ဇွန် ၁၂**

(၅၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဇွန် ၂၄ ရက်မှ ဇူလိုင် ၆ ရက်အထိ ကျင်းပမည်ဖြစ်ရာ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် ဇွန် ၂၄၊ ၂၅၊ ၂၆ ရက်တို့တွင် အဆိုပါပြပွဲသို့ ဝင်ရောက်သတင်းရယူနိုင်မည်ဖြစ်ပြီး ကျန်ရက်များတွင်မူ ပြပွဲဆိုင်ရာအချက်အလက်များနှင့် ပတ်သက်၍ ညနေ ၄ နာရီခွဲတွင် မဏိရတနာကျောက်စိမ်းခန်းမအပြင်ဘက်ရှိ နဝရတ်ကိုးသွယ်ဂိတ်၌ သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် ဝင်ခွင့်ကတ်ပြုလုပ်နိုင်ရေးအတွက် ဇွန် ၂၀ ရက် နောက်ဆုံးထား၍ သတ်မှတ်ပုံစံဖြည့်စွက်ကာ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန နေပြည်တော်သို့ ပေးပို့ရန်နှင့် သတ်မှတ်ပုံစံများအား မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းတို့တွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း ၀၆၇-၄၁၂၂၅၊ ၀၆၇-၄၁၂၂၆ တို့သို့လည်းကောင်း၊ (၅၃)ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲ စီမံရေးရာကော်မတီ ဖုန်း ၀၆၇-၄၁၄၄၉၇၊ ၀၆၇-၄၁၄၄၉၈ တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

# ၂၅ နှစ် ကျော်က စိတ်ကူးကို အကောင်အထည်ဖော်ခဲ့သည့် ဂျက်ကီချန်း၏ Skiptrace ဇာတ်ကား




ကမ္ဘာကျော် အက်ရှင်မင်းသားကြီး ဂျက်ကီချန်း၏ ဇာတ်ကားသစ်ဖြစ်သည့် Skiptrace အမည်ရှိ ဟောင်ကောင်-တရုတ်-အမေရိကန် အက်ရှင် ဇာတ်မြူးကားအတွက် ထုတ်လုပ်ရေးလုပ်ငန်းများကို အချိန်နှစ်နှစ်ကြာအောင် ဆောင်ရွက်ခဲ့ရကြောင်း၊ ယင်းဇာတ်ကားရိုက်ကူးရန် စိတ်ကူးရရှိခဲ့သည်မှာ ဆယ်စုနှစ်နှစ်စုမျှပင် ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပသည့် ယင်းဇာတ်ကား၏ ပရီမီးယားရှင်းပွဲတွင် ဂျက်ကီချန်းက ထည့်သွင်းပြောကြားခဲ့သည်။

"ဒီဇာတ်ကားကို ပုံဖော်ဖို့အတွက် စိတ်ကူးက လွန်ခဲ့တဲ့ ၂၅ နှစ်ကတည်းက ရှိခဲ့တာပါ။ နောက်ပြီးဒီဇာတ်ကားကိုပုံဖော်ရာမှာ တရုတ်ယဉ်ကျေးမှုဓလေ့ထုံးစံနဲ့ ကမ္ဘာ့ယဉ်ကျေးမှုတို့ကို ဘယ်လိုယှဉ်တွဲ ပေါင်းစပ်မလဲဆိုတာကိုလည်း အမြဲအိပ်မက်မက်စဉ်းစား နေခဲ့တာပါ"ဟု ၎င်းက ဆိုသည်။

ထို့အပြင် ယင်းဇာတ်ကား ရိုက်ကူးနေစဉ်အတွင်း မင်းသား ဂျက်ကီချန်းအတွက် အသက်အန္တရာယ်ရှိသည်အထိ ထိခိုက်အနာတရဖြစ်မှုမျိုးဖြစ်ပွားခဲ့ကြောင်း၊ ရေပြင်အတွင်း၌ ရိုက်ကူးရေးဆောင်ရွက်စဉ် ကြီးမားလှသော လှိုင်းလုံးကြီးများကြောင့် ဖောင်နှင့်ကွဲကာ ရေထဲ မျောပါခဲ့ရသဖြင့် ရေကူးမကျွမ်းကျင်သူ ဂျက်ကီချန်းအတွက် အသက်အန္တရာယ်နှင့်ရင်ဆိုင်ခဲ့ရပုံကို အဆိုပါအခမ်းအနားတွင် ပြောသည်။

"ဖောင်က ရေအလျဉ်နဲ့ ကျွန်တော့်ဘက် ပြန်ရောက်လာလို့သာပေါ့။ အသက်နဲ့ကိုယ်မြဲနေတာ။ အဲဒီအချိန်တုန်းက အရမ်းကို တုန်လှုပ်ခဲ့ပါတယ်"ဟု ဂျက်ကီချန်းက ပြောသည်။

ထို့အပြင် အက်ရှင်မင်းသားကြီး ဂျက်ကီချန်းက ၎င်းအနေဖြင့် အက်ရှင်ဇာတ်ကားများကို အလွန်အင်မတန် နှစ်သက်သော်လည်း အကြမ်းဖက်မှုကို မလိုလားပါကြောင်း၊ အက်ရှင်ဇာတ်ကားများ ရိုက်ကူးသည့်အခါ သွေးထွက်သံယိုခန်းများ မပါဝင်စေရန် အမြဲစဉ်းစားတွေးတောခဲ့ကြောင်း၊ တရုတ်ကိုယ်ခံပညာအကြောင်းဖော်ပြသည့် ဇာတ်ကားများတွင် အကြမ်းဖက်မှုများမပါဝင်ရန် အလို့ငှာ အက်ရှင်ဟာသဇာတ်မြူးကားများသည်သာ အသင့်တော်ဆုံးဖြစ်ကြောင်း ၎င်း၏ အယူအဆကို ပြောပြခဲ့သည်။

Skiptrace ဇာတ်ကားသည် အငြိမ်းစားစုံထောက် တစ်ဦးက အမေရိကန် ဝါရင့်လောင်းကစားသမားတစ်ဦးနှင့် အုပ်စုဖွဲ့မိကာ မှုခင်းရေးရာကိစ္စများကို စုံစမ်းရှာဖွေဖော်ထုတ်သည့် အက်ရှင်ဇာတ်ကားတစ်ကားဖြစ်သည်။

ယင်းဇာတ်ကားတွင် တရုတ်မင်းသမီး ဖန်ပင်းပင်းနှင့် အမေရိကန်မင်းသား Johnny Knoxville တို့ ပါဝင်သရုပ်ဆောင်ထားကြကာ လာမည့် ဇူလိုင် ၂၂ ရက်တွင် စတင်ဖြန့်ချိပြသသွားမည်ဖြစ်သည်။

မျိုးစန္ဒာမောင်-စုစည်းသည်





# INNO CITY ကိုရီးယားဖျော်ဖြေပွဲမှရရှိသည့် အမေရိကန်ဒေါ်လာတစ်သိန်းအား မြန်မာနိုင်ငံ ကြက်ခြေနီအဖွဲ့သို့ လှူဒါန်း

INNO CITY Love Sharing Concert ကိုရီးယားဖျော်ဖြေပွဲကြီးကို ဇွန် ၁၁ ရက် ညနေ ၆နာရီခွဲမှစ၍ မြန်မာအီးဗင့်ပါ့ခ်တွင် ကျင်းပခဲ့သည်။ ကိုရီးယားနာမည်ကျော် အဆိုတော်များဖြစ်သော Sအဖွဲ့၊ Monsta X အဖွဲ့၊ ဧည့်သည်အဆိုတော် Jeong Seon၊ လက်ရှိပရိသတ်အများစု လက်ခံအားပေးလျက်ရှိသော Badkiz အဖွဲ့၊ ကိုရီးယားနိုင်ငံတွင် တိုက်ရိုက်အသံထုတ်လွှင့်မှုများ၌ နာမည်ကြီးသည့် So Chan Whee နှင့် ရိုးရာသီချင်းဖြစ်သည့် Arirang ကို ခေတ်ပေါ်တေးဂီတဖြင့် ဖန်တီးသီဆိုခဲ့သည့် Apera အဖွဲ့တို့က ဖျော်ဖြေခဲ့ကြခြင်းဖြစ်သည်။

Badkiz အမျိုးသမီးတေးသံရှင်အဖွဲ့မှလည်း မြန်မာသီချင်းတစ်ပုဒ်ဖြစ်သည့် မူရင်းတေးသံရှင် တူးတူးသီဆိုထားသည့် 'မပြောင်းလဲတဲ့အချစ်'သီချင်းကို မြန်မာလိုသီဆိုခဲ့ရာ ပရိသတ်အားပေးမှု တစ်ခဲနက်ရရှိခဲ့သည်။

အဆိုပါဖျော်ဖြေပွဲအတွက် လက်မှတ်တစ်စောင်လျှင် ငွေကျပ် ငါးသောင်းသတ်မှတ်ထားကာ ရရှိခဲ့သည့်ငွေကြေးများထဲမှ အမေရိကန်ဒေါ်လာ တစ်သိန်းကို INNO CITY မှ မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ လိုအပ်သည့်နေရာများတွင် သုံးစွဲနိုင်ရန်လှူဒါန်းခဲ့သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှလည်း အဆိုပါရန်ပုံငွေများကို လူနာတင်ယာဉ်ဝယ်ရန် အဓိကအသုံးပြုသွားမည်ဖြစ်ပြီး ကြက်ခြေနီအသင်း၏ အဝေးပြေးလမ်းကယ်ဆယ်ရေးတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးသာလှရွှေက ပြောသည်။

"ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံကို လာရောက်ခွင့်ရတာ အလွန်ဝမ်းသာမိပါတယ်။ ဒီကပရိသတ်တွေက အဲဒီလောက်အထိ ကျွန်တော်တို့ကို အားပေးမယ်လို့ မထင်ထားဘူး။ အခုလိုအားပေးတဲ့အတွက်ကြောင့် ကျေးဇူးတင်ပါတယ်။ နောက်အခွင့်အရေးရရင် မြန်မာနိုင်ငံကို ထပ်ပြီးတော့ လာချင်ပါတယ်။ ဒီကပရိသတ်တွေရဲ့ ရင်ခွင်ထဲကနေမထွက်ချင်အောင် ဖမ်းစားထားပါတယ်"ဟု Monsta X အဖွဲ့က ပြောသည်။

နာမည်ကြီးအမျိုးသမီးအဆိုတော်အဖွဲ့ဖြစ်သည့် SISTAR အဖွဲ့မှလည်း "မင်္ဂလာပါ။ လေဆိပ်မှာကတည်းက ပရိသတ်တွေ အများကြီး လာကြိုတာတွေ့ရလို့ ဝမ်းသာပါတယ်။ မြန်မာနိုင်ငံကို ပထမဆုံးလာဖူးတာမို့ နောက်တစ်ခါလာနိုင်အောင်လည်း ကြိုးစားသွားမှာပါ။ ကျေးဇူးတင်ပါတယ်" ဟု ဆိုသည်။

သတင်း-ခင်ဇာလီ၊ဓာတ်ပုံ-ဖြူ




# ယမန်နှစ်က ဖျက်သိမ်းခဲ့ရသည့် ဖျော်ဖြေပွဲအစား အခမဲ့ဖျော်ဖြေပွဲ အစားထိုးကျင်းပပေးမည့် တေးသံရှင်နှင့် အသံနည်းပြ ကင်ယွန်ဝူး

တောင်ကိုရီးယားတေးသံရှင်နှင့် အသံပိုင်းဆိုင်ရာ နည်းပြတစ်ဦးဖြစ်သူ ကင်ယွန်ဝူးသည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၁၈ ရက်က ရုတ်တရက်ဖြစ်ပေါ်ခဲ့သည့် အသံပိုင်းဆိုင်ရာပြဿနာကြောင့် ဖျက်သိမ်းခဲ့ရသည့် ဂီတဖျော်ဖြေပွဲအစား အခမဲ့ဖျော်ဖြေပွဲတစ်ခုကို ပြန်လည်ကျင်းပပေးမည်ဖြစ်ကြောင်း သိရသည်။

တေးသံရှင် ကင်ယွန်ဝူးအနေဖြင့် လာမည့် ဩဂုတ် ၁၆ ရက်တွင် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ Olympic Park Gymnastics Stadium တွင် Thank You အမည်ရှိ တစ်ကိုယ်တော် အခမဲ့ဖျော်ဖြေပွဲကို ကျင်းပပေးသွားမည်ဖြစ်ပြီး ပရိသတ်များကိုလည်း တက်ရောက်အားပေးရန် ဖိတ်ခေါ်ထားကာ အခြားမြို့နှစ်မြို့တွင်လည်း ဖျော်ဖြေပွဲနှစ်ခုကို ဆက်တိုက်ကျင်းပသွားရန်ရှိကြောင်း သိရသည်။

တေးသံရှင်တစ်ဦးလည်းဖြစ်သူ ကင်ယွန်ဝူးသည် ဆိုးလ်အနုပညာကောလိပ်မှ အသံပိုင်းဆိုင်ရာ နည်းပြတစ်ဦးလည်းဖြစ်ကာ တောင်ကိုရီးယား၏ အင်န်တာတိန်းမန့်ရှိုးအများအပြားတွင်လည်း အစီအစဉ်တင်ဆက်သူအဖြစ် ပါဝင်ပေးလျက်ရှိသည်။

## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၃- ၆ -၂၀၁၆ (တနင်္လာနေ့)]

### MRTV- 4

၅း၀၀ ပဌာန်းပါဠိတော်+ရတနသုတ်
၅း၂၀ MRTV-4 သတင်း
၅း၄၀ "အလေးထားခြင်းနှင့်မြတ်ဗုဒ္ဓသာသနာ"တရားတော် [ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ]
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၉၁)
၇း၃၀ MRTV-4 သတင်း
၈း၀၀ "မင်္ဂလာပါ"The Morning Show
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၁၈)
၁၀း၁၅ ခေတ်သစ်ပျိုမေ
၂း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်"(အပိုင်း- ၄၃)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၉၂)
၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်"(အပိုင်း-၄၄)
၈း၀၀ MRTV-4 သတင်း
၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၁၉)
၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နက္ခတ်ပညာရှင် (ဂျန်းယောလ်ရှီးလ်)(အပိုင်း-၁၅)

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ ပြည်သူတို့ရဲ့စကားသံများ
၈း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၉း၃၅ "အဖိုးတန် မြန်မာ့သဘာဝသယံဇာတ" (အင်ကြင်းကျောက်)
၁၀း၃၅ စိုက်ပျိုးရေးရာအဖြေရှာအစီအစဉ် "တန်ဖိုးမြင့်ထုတ်ကုန်များ အကြောင်းသိကောင်းစရာ"
၁၁း၁၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၁၂)
၁း၂၅ မြန်မာ့အငြိမ့်သဘင်ရေစီးကြောင်း "မိုးနတ်သူဇာအငြိမ့်"
၂း၀၀ "နတ်လူသာစုခေါ်စေသော်"
၂း၃၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ "နောက်နှောင်းဆီကကောက်ကြောင်းဂီတ"(ဂီတရိပ်သာ) (အပိုင်း-၁၅၈)
၃း၁၅ Tasty Trip
၄း၁၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (မြန်မာစာအထူးပြု) (ဘာသာဆောင်းပါးများပို့ချချက်-၂)
၄း၃၅ လူမှုစီးပွားမြင်ကွင်းများ
၅း၁၅ "၂၀၁၆ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့"
၅း၃၅ Yes or No Talk Show
၆း၃၅ ဥပဒေရေးရာအဖြာဖြာ "စေတနာအရင်းခံ"
၆း၅၀ "စောင့်ရှောက်ကာကွယ် ဆင်ရိုင်းကမ္ဘာငယ်"
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါ ဂင်ချီ" (အပိုင်း-၃၉)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၉း၀၀ ပြည်တွင်းသတင်း၊ MCN Debate နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၁၃) "နေမဝင်အလှများ" (ဦးမြင့်စိုးနှင့် တွေ့ဆုံခြင်း) (အပိုင်း-၅)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ -အဖွင့် -မိုးလေဝသအစီအစဉ် -ပြည်သူ့နီတိ "ပွဲညွှန့်"
၆း၃၀ MRTV Entertainment Music
၆း၄၀ ကာတွန်းအစီအစဉ် "Barbie in the Pink Shoes" (အပိုင်း-၃)
၇း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ရွှေရောင်လွှမ်းတဲ့နေ့သစ်ဆီ" (အပိုင်း-၁၇)
၇း၄၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "အချစ်စစ်ရဲ့ အလှတရား" (အပိုင်း-၆၅)
၈း၃၀ MRTV Entertainment Music
၉း၂၀ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
၉း၄၀ ကျောက်ကြီးမီးမျှောပွဲ
၉း၅၀ တေးဂီတအစီအစဉ်
၁၀း၀၀ မြန်မာဗီဒီယိုဇာတ်လမ်း "လည်ဆွဲရှိုက်သံ"
၁၂း၀၀ အစီအစဉ်ပြီး၏။

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါမည်။**



# ဝေလအသင်း အဖွင့်ပွဲစဉ်အနိုင်ရရှိခဲ့သော်လည်း အင်္ဂလန်အသင်းမှာ သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရ

ဝေလအသင်းနှင့် အင်္ဂလန်အသင်းတို့၏ ယူရိုပြိုင်ပွဲ အုပ်စု(B) အဖွင့်ပွဲစဉ်များအဖြစ် ဝေလအသင်းသည် ဆလိုဗက်ကီးယားအသင်းနှင့်လည်းကောင်း၊ အင်္ဂလန်အသင်းသည် ရုရှားအသင်းနှင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားခဲ့ကြသည်။

ယင်းသို့ ယှဉ်ပြိုင်ကစားခဲ့ကြရာတွင် ဝေလအသင်းမှာ ဆလိုဗက်ကီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အင်္ဂလန်အသင်းမှာမူ ရုရှားအသင်းနှင့် တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည်။ ဝေလအသင်းသည် ၅၈ နှစ်ကြာ ယူရိုပြိုင်ပွဲဝင်ခွင့်နှင့်လွဲခဲ့ရပြီးနောက် ယခုယူရို ၂၀၁၆ ပြိုင်ပွဲတွင် ပြန်လည်ဝင်ခွင့်ရရှိခဲ့ပြီး အဖွင့်ပွဲစဉ်တွင်လည်း နိုင်ပွဲဖြင့် အဖွင့်လှခဲ့သည်။

ဝေလအသင်းနှင့် ဆလိုဗက်ကီးယားအသင်းတို့၏ ပွဲစဉ်တွင် ဝေလအသင်းသည် ပွဲကစားချိန် ၁၀ မိနစ်တွင် တိုက်စစ်မှူး ဂါရတ်ဘေးလ်၏ အလွတ်တည်ကန်ဘောမှတစ်ဆင့် ဂိုးစတင်ရရှိခဲ့ပြီး ဒုတိယပိုင်းပွဲကစားချိန် ၆၁ မိနစ်တွင် ဒူဒါက ဆလိုဗက်ကီးယားအသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူပေးနိုင်ခဲ့သည်။

ဝေလအသင်းသည် ပွဲကစားချိန် ၈၁ မိနစ်တွင် ကာနူး၏ သွင်းဂိုးထပ်မံရရှိခဲ့ခြင်းကြောင့် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အုပ်စု(B) တွင်လည်း ရမှတ်သုံးမှတ်အပြည့်ရရှိထားကာ ထိပ်ဆုံး၌ဦးဆောင်နိုင်ခဲ့သည်။ ထို့ပြင် ဆလိုဗက်ကီးယားအသင်းအား အနိုင်ရရှိခဲ့ခြင်းကြောင့် ယူရိုပြိုင်ပွဲအဖွင့်ပွဲစဉ်တွင် အနိုင်ရရှိခဲ့သည့် ပထမဆုံးသော ဗြိတိန်အခြေစိုက်အသင်းလည်းဖြစ်လာခဲ့သည်။

အုပ်စု(B)၏ အခြားသောပွဲစဉ်တစ်ပွဲဖြစ်သည့် အင်္ဂလန်အသင်းနှင့် ရုရှားအသင်းတို့၏ ပွဲစဉ်တွင် အင်္ဂလန်အသင်းသည် ပွဲစဉ်တစ်လျှောက်ဖိအားပေးကစားနိုင်ခဲ့သည်။ ဂိုးကန်သွင်းခွင့်အများအပြားရရှိခဲ့သည့်အပြင် ပွဲကစားချိန် ၇၃ မိနစ်တွင် ကိုက် ၂၀ အကွာမှကန်သွင်းခဲ့သည့် အဲရစ်ဒိုင်ယာ၏ အလွတ်တည်ကန်ဘောမှတစ်ဆင့် ဦးဆောင်ဂိုးစတင်ရရှိခဲ့သည်။ ထို့ကြောင့် အဲရစ်ဒိုင်ယာသည် အင်္ဂလန်အသင်းနှင့်အတူ အဓိကပြိုင်ပွဲကြီးများတွင် ဂိုးသွင်းယူနိုင်သည့် စပါးအသင်း၏ ရှစ်ဦးမြောက်ကစားသမားလည်းဖြစ်လာခဲ့သည်။

သို့ရာတွင် နာကျင်အချိန်ပိုတွင် ရုရှားအသင်းခေါင်းဆောင် ဘီရီဇူစကီး၏ ခေါင်းတိုက်သွင်းဂိုးကြောင့် ချေပဂိုး ပြန်လည်ရရှိခဲ့ပြီး အင်္ဂလန်အသင်းနှင့် ရုရှားအသင်းတို့ တစ်မှတ်စီခွဲယူခဲ့ကြသည်။ အင်္ဂလန်အသင်းဦးဆောင်ဂိုး စတင်ရရှိခဲ့သော်လည်း နည်းပြ ရွိုင်းဟော့ဂ်ဆန်သည် ရွန်းနီနေရာတွင် ဝီရှိုင်းယားကိုလည်းကောင်း၊ စတာလင်နေရာတွင် မီနာကိုလည်းကောင်း လူစားလဲကစားစေခဲ့ပြီးနောက် အနိုင်ရလဒ်မှ သရေရလဒ်သို့ပြောင်းလဲသွားခဲ့သည်။

ထို့ကြောင့် အင်္ဂလန်အသင်းအတွက် ယူရိုပြိုင်ပွဲသမိုင်းတစ်လျှောက် အဖွင့်ပွဲအနိုင်မရခဲ့သည့်မှတ်တမ်းဆိုးကို ချေဖျက်နိုင်မည့် အခွင့်အရေးသည်လည်း လွဲခဲ့ရသည်။ အင်္ဂလန်အသင်းသည် ယူရို ၂၀၁၆ ပြိုင်ပွဲ၏ အုပ်စုအဆင့် ဒုတိယပွဲစဉ်အဖြစ် ဝေလအသင်းနှင့် ဇွန် ၁၆ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(အလင်းသစ်)


# အမေရိကန်အသင်းနှင့် ကိုလံဘီယာအသင်း ကိုပါအမေရိကဖလား ကွာတားဖိုင်နယ်တက်လှမ်း

အမေရိကန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ကိုပါအမေရိကဖလားပြိုင်ပွဲ၏ အုပ်စု(A) ပွဲစဉ်များကို ဇွန် ၁၂ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်အမေရိကန်အသင်းသည် ပါရာဂွေးအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် အမေရိကန်အသင်းအတွက် သွင်းဂိုးကို ကလင့်ဒန်ဆေးက သွင်းယူပေးခဲ့ပြီး ပါရာဂွေးအသင်း၏ အားထားရသောကစားသမားတစ်ဦးဖြစ်သည့် ယက်ဒ်လင်းမှာမူ ပွဲကစားချိန် ၄၈ မိနစ်တွင် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။

အမေရိကန်အသင်းသည် ပါရာဂွေးအသင်းအား အနိုင်ရရှိခဲ့ပြီးနောက် အုပ်စုအဆင့်သုံးပွဲကစားခဲ့ရာတွင် ရမှတ်ခြောက်မှတ်ရရှိခဲ့ပြီး ကိုပါအမေရိကဖလားပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ အုပ်စု(A) ၏ အခြားပွဲစဉ်တစ်ပွဲဖြစ်သည့် ကိုလံဘီယာအသင်းနှင့် ကော်စတာရီကာအသင်းတို့ပွဲစဉ်တွင် ကိုလံဘီယာအသင်းသည် ကော်စတာရီကာအသင်းအား နှစ်ဂိုး-သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ယခင်နှစ်ပွဲဆက်အနိုင်ရရှိခဲ့ခြင်းကြောင့် ကိုပါအမေရိကဖလားကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွင် ကိုလံဘီယာအသင်းသည် အုပ်စု(B) မှ ဘရာဇီး၊ ပီရူး သို့မဟုတ် အီကွေဒေါ အသင်းတို့ထဲမှ တစ်သင်းနှင့် ထိပ်တိုက်တွေ့ဆုံရမည်ဖြစ်သည်။

(ငွေကြယ်)



# မည်သည့်အသင်းကိုမှ ကြောက်ရွံ့စရာမလိုကြောင်း ဝေလအသင်းနည်းပြ ခရစ်ကိုးမန်းပြောကြား

ဝေလအသင်းသည် ယူရို ၂၀၁၆ ပြိုင်ပွဲ၏ အုပ်စုအဆင့်အဖွင့်ပွဲစဉ်ဖြစ်သည့် ဆလိုဗက်ကီးယားအသင်းနှင့် ပွဲစဉ်တွင် အနိုင်ရရှိခဲ့ပြီးနောက် ဝေလအသင်းနည်းပြ ခရစ်ကိုးမန်းက ယူရိုပြိုင်ပွဲတွင် မည်သည့်အသင်းကိုမျှ ကြောက်ရွံ့စရာမလိုကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

ဝေလအသင်းသည် ၁၉၅၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှစတင်ကာ အဓိကပြိုင်ပွဲများ ဝင်ခွင့်နှင့်လွဲခဲ့ရသည့်အသင်းဖြစ်ပြီး ယခု ယူရို ၂၀၁၆ ပြိုင်ပွဲသည် ဝေလအသင်းအတွက် အဓိကပြိုင်ပွဲများတွင် ပါဝင်ကစားခွင့်ရရှိခဲ့သည့် ပထမဆုံးအကြိမ်ဖြစ်လာခဲ့သည်။

နည်းပြ ခရစ်ကိုးမန်း၏ ဝေလအသင်းသည် ယူရို ၂၀၁၆ ပြိုင်ပွဲတွင် အုပ်စုတွင်းပြိုင်ဘက်အသင်းများအဖြစ် အင်္ဂလန်အသင်း၊ ဆလိုဗက်ကီးယားအသင်း၊ ရုရှားအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်ခဲ့သည်။

ထိုသို့ကျရောက်ခဲ့ရာတွင် ဝေလအသင်းသည် အုပ်စုအဆင့်အဖွင့်ပွဲစဉ်အဖြစ် ဆလိုဗက်ကီးယားအသင်းနှင့်ကစားခဲ့ရပြီး ဝေလအသင်းက ဆလိုဗက်ကီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ယင်းပွဲစဉ်တွင် အနိုင်ရရှိခဲ့ခြင်းကြောင့် ယူရိုပြိုင်ပွဲ၏ နောက်တစ်ဆင့်တက်လှမ်းနိုင်မည့် ရွှေအခွင့်အရေးကို ရရှိလိမ့်မည်ဟုလည်း နည်းပြခရစ်ကိုးမန်းက ယုံကြည်ထားသည်။ လက်ရှိတွင် ဝေလအသင်းအတွက် အားထားရသည့် တိုက်စစ်မှူးဂါရတ်ဘေးလ်သည် အဖွင့်ပွဲစဉ်တွင် အဖွင့်ဂိုးသွင်းယူပေးထားနိုင်ခဲ့သည့်အပြင် ယူရိုပြိုင်ပွဲတွင်လည်း ဝေလအသင်း၏ မရှိမဖြစ်အရေးပါခဲ့သည့်ကစားသမားတစ်ဦးဖြစ်သည်။ ယူရိုခြေစစ်ပွဲများကစားခဲ့စဉ်ကလည်း ဝေလအသင်းရရှိခဲ့သည့် သွင်းဂိုး ၁၁ ဂိုးတွင် ဂါရတ်ဘေးလ်၏ သွင်းဂိုးသည် ခုနစ်ဂိုးအထိရှိထားခဲ့သည်။

(အလင်းသစ်)

# ရုရှားအသင်းနှင့် သရေပွဲဖြစ်ခဲ့ရခြင်းကို ရှုံးနိမ့်ခြင်းဟုပင် ခံစားရသည်ဟု ရွန်းနီဖွင့်ဟ

အင်္ဂလန်အသင်းအနေဖြင့် ယူရိုအဖွင့်ပွဲစဉ်တွင် ရုရှားအသင်းနှင့် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ခြင်းမှာ အင်္ဂလန်အသင်းအတွက် ရှုံးနိမ့်ခြင်းဟုပင် ခံစားရကြောင်း အင်္ဂလန်အသင်းခေါင်းဆောင် ရွန်းနီက ဖွင့်ဟပြောကြားလိုက်သည်။

အသင်းခေါင်းဆောင် ရွန်းနီသည် ရုရှားအသင်းနှင့်ပွဲစဉ်တွင် အင်္ဂလန်အသင်းဦးဆောင်ဂိုးရရှိအောင် စွမ်းဆောင်ပေးခဲ့ရာတွင် အဓိကနေရာကနေ ပါဝင်ခဲ့သူဖြစ်ပြီး ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီးနောက် အသင်းနည်းပြရွိုင်းဟော့ဂ်ဆန်က ကွင်းလယ်ကစားသမား ဝီရှိုင်းယားနှင့် လူစားလဲကစားခြင်းခံခဲ့ရသူဖြစ်သည်။

"အင်္ဂလန်အသင်းဟာဆိုရင် ရုရှားနဲ့ပွဲစဉ်မှာ အချိန်ပြည့်နီးပါးလောက် ဖိအားပေးကစားနိုင်ခဲ့သလို ဂိုးကန်သွင်းခွင့် အခွင့်အရေးတွေလည်း အများကြီးရရှိခဲ့ပါတယ်။ ဂိုးကံခေခဲ့တာကြောင့် အခွင့်အရေးအများကြီးထဲကနေ တစ်ဂိုးသာရရှိခဲ့တာပါ"ဟု အသင်းခေါင်းဆောင် ရွန်းနီက ဆိုသည်။

အင်္ဂလန်အသင်းသည် အုပ်စုအဆင့် ဒုတိယပွဲစဉ်အဖြစ် ဝေလအသင်းနှင့် ကစားရမည်ဖြစ်ပြီး အဆိုပါပွဲစဉ်တွင်လည်း အကောင်းဆုံးဖိအားပေးကစားသွားနိုင်မည်ဟု ရွန်းနီက မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။



အင်္ဂလန်အသင်းနှင့် ရုရှားအသင်းတို့၏ ပွဲစဉ်တွင် လူစားအပြောင်းအလဲလုပ်ခဲ့သည့် နည်းပြရွိုင်းဟော့ဂ်ဆန်မှာ ဝေဖန်မှုများခံခဲ့ရသည်။

သို့ရာတွင် တိုက်စစ်မှူးရွန်းနီကမူ အင်္ဂလန်အသင်း အနိုင်ရရှိရေးအတွက်သာ အသင်းနည်းပြ ရွိုင်းဟော့ဂ်ဆန်က အပြောင်းအလဲလုပ်ခဲ့ခြင်းဖြစ်ကြောင်း နည်းပြအား ထောက်ခံပြောကြားခဲ့သည်။

(ငွေကြယ်)

# စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းစာမှုန့်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၂**
ခိုလန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇွန် ၁၁ ရက်က ခိုလန်မြို့ ရပ်ကွက်(၂)ရှိ ရွှေတောင်ကြီး ကားဂိတ်တွင်တွေ့ရှိသူ မနန်းမြလူနှင့် မနန်းစံစိန်တို့အား ရှာဖွေရာ ၎င်းတို့ယူဆောင်လာသည့် လက်ဆွဲအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၁၀၀၀ ကို သိမ်းဆည်းရမိသည်။

အလားတူ ဇွန် ၁၀ ရက်က ကျွန်းစုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ကျွန်းစုမြို့နယ် အထက်လအဲကျေးရွာရှေ့ ရေပြင်တွင် ကုန်/ရေခဲတင်လှေကိုရှာဖွေရာ ခရီးသည် ရာဇတ်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၇ ပြားနှင့် မြန်မာငွေကျပ် ၁၂ သိန်းတို့ကို သိမ်းဆည်းရမိပြီး အထက်လအဲကျေးရွာရှိ ၎င်း၏နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၆၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၂၃၇၇ ပြားနှင့် ဘိန်းစာမှုန့် ၂၉၇ ထုပ်(အလေးချိန် ၁၄ ဒသမ ၈၅ ကီလို)တို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ မယ်ယန်း ပူးပေါင်းစစ်ဆေးရေးစခန်းတွင် လော်ရီး မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၇၀ ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



မနန်းမြလူနှင့် မနန်းစံစိန်တို့ နှစ်ဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



# အမှတ် (၂၈)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲ (မုံရွာ)မှ ယင်းမာပင်မြို့နယ်အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**မုံရွာ ဇွန် ၁၂**
မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်သူ့အကျိုးပြုလုပ်ငန်းများအား နိုင်ငံတစ်ဝန်းရှိ ဒေသအသီးသီးတွင် ဆောင်ရွက်လျက်ရှိရာ အမှတ် (၂၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ (မုံရွာ)မှ တပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီး မြင့်ကျော် ဦးစီး၍ ဇွန် ၁၂ ရက် နံနက်ပိုင်းက ပြည်သူ့အကျိုးပြုလုပ်ငန်းများအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် ဘိန်းနွယ်ချောင်ကျေးရွာ အလက(ခွဲ)တွင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။**(အပေါ်ပုံ)**

"ပြည်သူ့အကျိုးပြုလုပ်ငန်းတွေအဖြစ် ယင်းမာပင်မြို့နယ် ဘိန်းနွယ်ချောင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ရှိ ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာရေးနဲ့ ကျောင်းသားကျောင်းသူလေးတွေ ကျန်းမာရေးနဲ့ ပတ်သက်သည့် ရောဂါဘယတွေ မဖြစ်ပွားအောင် ရည်ရွယ်ပြီး ကျောင်းဝင်းအတွင်းရှိ ချုံနွယ်သစ်ပင်များ ရှင်းလင်းခြင်းလုပ်ငန်း၊ ကျောင်းသား ကျောင်းသူတွေ လက်ရှိမှာ အသုံးပြုလျက်ရှိသည့် သန့်စင်ခန်းများနဲ့ ကျောင်းအားကစားကွင်းအတွင်း သန့်ရှင်းရေးပြုလုပ်ခြင်း လုပ်ငန်းတွေကို တပ်ဖွဲ့ဝင်တွေ စုပေါင်းဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို ပူးပေါင်းဆောင်ရွက်တဲ့နေရာမှာ တာဝန်ခံကျောင်းအုပ်ဆရာကြီး ဦးဝင်းအောင်၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများ တပျော်တပါး ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြပါတယ်"ဟု အမှတ်(၂၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ(မုံရွာ)မှ တာဝန်ရှိသူ တစ်ဦးက ပြောသည်

ယင်းကဲ့သို့ ဘိန်းနွယ်ချောင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမှတ်(၂၈) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲ (မုံရွာ)မှ တပ်ဖွဲ့ခွဲမှူး ယာယီ ဒုတိယရဲမှူးကြီး မြင့်ကျော်နှင့် ဌာနချုပ်တပ်ခွဲမှ တပ်ခွဲမှူး ရဲမှူးပြည့်ဖြိုးအောင်တို့ ဦးစီး၍ အရာရှိ ၁၅ ဦး၊ အခြားအဆင့် ၈၅ ဦး စုစုပေါင်း တပ်ဖွဲ့ဝင် ၁၀၀ ဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

❖

## တေဇ(၁၇)မိသားစုဝင်များမှ ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဦးညီမွန်း(လ/ထညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ လားရှိုးမြို့)-နော်တင်မွန်းချစ်တို့၏ သမီးဖြစ်သူ နော်ဇွန်ပွင့်ဦး (သုံးထပ်ကွမ်းလူရည်ချွန်) (ရရ-၁၀၀၄)သည် (၅)ဘာသာဂုဏ်ထူးဖြင့်လည်းကောင်း၊ သူရဦးထင်ကျော်မိုး (ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ကရင်ပြည်နယ်)-ဒေါ်စန်းစန်းဝင်းတို့၏ သား မောင်သိန်းထက်ကျော်(နဥန-၂၈) သည် (၄)ဘာသာဂုဏ်ထူးဖြင့်လည်းကောင်း၊ ဗိုလ်မှူးသက်မျိုးအောင် (အငြိမ်းစား)-ဒေါ်ဥမ္မာဝင်းတို့၏ သားမောင်ဘုန်းခန့်မျိုး(ဆတဥ-၄၃၄)သည် (၃)ဘာသာဂုဏ်ထူးဖြင့်လည်းကောင်း၊ ဒုတိယဗိုလ်မှူးကြီး သူရလှိုင်ထွန်းဦး(သကမ၂/၃၀၀)-ဒေါ်ခိုင်ဆွေလင်းတို့၏သား မောင်ရဲထက်အောင်(နဥန-၂၇၈)သည် (၂)ဘာသာဂုဏ်ထူးဖြင့်လည်းကောင်း၊ ဒုတိယဗိုလ်မှူးကြီးကျော်ဝင်းနိုင်(အငြိမ်းစား)-ဒေါ်စိုးစိုးလွင်တို့၏သား မောင်နိုင်ထက်အောင်(ဆဒဂ-၅၅၄)သည် (၂)ဘာသာဂုဏ်ထူးဖြင့်လည်းကောင်း၊ ဒုတိယဗိုလ်မှူးကြီးခိုင်ထွန်းဆောင်(အငြိမ်းစား) (ညွှန်ကြားရေးမှူးစက်မှုကြီးကြပ်နှင့် စစ်ဆေးရေးဦးစီးဌာန၊ မွန်ပြည်နယ်)-ဒေါ်ချိုမာအောင်တို့၏သမီး မကြည်ဖြူခိုင်ထွန်း(မရမ-၁၁၁၇)သည် (၁)ဘာသာဂုဏ်ထူးဖြင့်လည်းကောင်း၊ ဗိုလ်မှူးသိန်းဇော်(အငြိမ်းစား)-ဒေါ်ယဉ်မေသန်းတို့၏သားမောင်ဉာဏ်လင်းမြင့် (ဆလမ-၃၆၉)သည် (၁)ဘာသာဂုဏ်ထူးဖြင့်လည်းကောင်း၊ အောင်မြင်ကြသည့်အပြင် တေဇ(၁၇)မိသားစုဝင်များ၏ သားသမီး(၃)ဦးသည် တက္ကသိုလ်ဝင်စာမေးပွဲတွင် နှစ်ချင်းပေါက်အောင်မြင်မှုများ အသီးသီးရရှိသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်ဆတက်ထမ်းပိုး အောင်မြင်မှုများဆွတ်ခူးနိုင်ပါရန် ဆန္ဒပြုအပ်ပါသည်။

**တေဇ(၁၇)မိသားစု**

ဆရာပိုင်(ပိုင်သချ်ာ)ကိုယ်တိုင်ဦးစီးတည်ထောင်သော
YC
ဉ၊၁၀တန်းဘာသာစုံ ဇွန် တန်းခွဲသစ်
ကျောင်းအကျက်
အဆင့်မြင့်စာသင်ဝိုင်း
နေ့လည်(၁း၃၀)နာရီမှညနေ(၄း၃၀)ထိ
မြန်မာ ■ ဂုဏ်ထူးဦးသိန်းနိုင်
အင်္ဂလိပ် ■ ဦးနေအုပ်(စိန်ပေါလ်)
အင်္ဂလိပ် ■ ဦးတင်ကို
သချ်ာ ■ ဆရာပိုင်(ပိုင်သချ်ာ)
ဓာတု ■ ဦးမြင့်ဝင်းကျော်
ရူပ ■ ဦးဆက်မွန်
ဇီဝ ■ ဒေါက်တာမြသိန်း
ဘောဂ ■ စိုင်းထွန်းအောင်
ဆိပ်ကမ်းသာလမ်း(အလယ်)၊ ရန်ကုန်မြို့။ Ph: 09-73105201

### အမည်ပြောင်း

ဗိုလ်တထောင်မြို့နယ်နေ ဦးဇော်သိန်းဝင်း[၁၂/ဗတထ(နိုင်)၀၀၀၅၉၅]၏ သားဖြစ်သူ အထက(၂) ဗိုလ်တထောင်၊ နဝမတန်း(c) (Bio) တွင် ပညာသင်ကြားနေသော မောင်သူရိန်ထူးဇော်ကို မောင်လင်းထူးစံဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်လင်းထူးစံ**

### "93 St Condo ရောင်းရန်"

မြန်မာ့ဂုဏ်ရည်လမ်းမကြီးနှင့် ၉၃လမ်းထောင့်တွင်ရှိသော ပေ(၃၀×၅၀) အကျယ်ရှိ ၉ထပ်တိုက်သစ်တွင် ဒုတိယထပ်မှ Penthouse အထိ တိုက်ခန်းများ ရောင်းရန်ရှိသည်။

ဖုန်း-၀၉-၅၀၁၁၉၁၄၊ ၀၉-၅၀၂၇၂၁၁

### ပြင်ဆင်ဖတ်ရှုပါရန်

၃-၅-၂၀၁၅ ရက်နေ့ ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၃)ကန့်ကွက်နိုင်ကြောင်းကြော်ငြာတောင်ဥက္ကလာပမြို့နယ်ဒေါ်အေးအေးမော်+၁၈၈ပိုင်ဆိုင်မြေပုံကူးတွင်ဒေါ်အေးအေးမော်(၁၂/ဥကတ(နိုင်)၀၁၆၆၉၆)ဦးဝင်းကျော်(၁၂/ဥကတ(နိုင်)၀၁၆၆၉၈)တို့ကသားသမီးများတော်စပ်ကြောင်း ဖြည့်စွက်ဖတ်ရှုပါရန်။

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

သုခမ္မမဏိဇောတရဦးမြင့်စိုးထွန်း(မန်နေဂျင်းဒါရိုက်တာ၊ ရွှေဂေဟာကုမ္ပဏီ) နှင့် ဒေါ်ချိုချိုသင်း (မန်နေဂျင်းဒါရိုက်တာ၊ ရွှေမဟာစိုးကုမ္ပဏီလီမိတက်)တို့၏သမီးလေး မချိုသဥ္ဇာစိုး[Grade-11(A) အထက-၁၊ ဒဂုံ]သည် တက္ကသိုလ်ဝင်စာမေးပွဲကို (၆)ဘာသာဂုဏ်ထူးနှင့်အောင်မြင်ခဲ့ကြောင်းသိရှိရပါ၍ မိသားစုနှင့်ထပ်တူ အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။


**ဦးအေးမင်း(မန်နေဂျင်းဒါရိုက်တာ၊ ရွှေနှစ်လှိုင်ကုမ္ပဏီလီမိတက်)-ဒေါ်ချိုချိုလှိုင်မိသားစု**

၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမဟု လူသိများပြီး နိုင်ငံပေါင်းစုံကျယ်ကျယ်ပြန့်ပြန့်ပါဝင်သော စီးပွားရေးလမ်းကြောင်းတစ်ခုကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ ရှီကျင့်ဖျင်က စတင်အဆိုပြုခဲ့ပြီး တောင်တရုတ်ပင်လယ်၊ တောင်ပစိဖိတ်သမုဒ္ဒရာ၊ အိန္ဒိယသမုဒ္ဒရာများနှင့် တစ်ဆက်တစ်စပ်တည်းရှိနေသည့် အရှေ့တောင်အာရှဒေသနိုင်ငံများ၊ ပင်လယ်သမုဒ္ဒရာကျွန်းနိုင်ငံများ၊ အရှေ့အာဖရိကနိုင်ငံများ၊ မြေထဲပင်လယ် မြောက်ပိုင်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည့် အစီအစဉ်ဖြစ်ပါသည်။ အဆိုပါ ပိုးလမ်းမကြီးအကြောင်းကို စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦးက ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုအမည်ဖြင့် ရေးသားထားသည်များကို ကြေးမုံစာဖတ်ပရိသတ်များအတွက် အခန်းဆက်ဆောင်းပါးများအဖြစ် ဖော်ပြလိုက်ပါသည်။
(စာတည်း)



# ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု (၁၃)

(တက္ကသိုလ် ဟန်စိုးဦး)




**(SDR တွင် လက်ရှိပါဝင်နေသည့် ငွေကြေးများ၏ အချိုးအစားနှင့် ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် တရုတ်ယွမ်ငွေ ပါဝင်လာပြီးနောက် ရှိလာမည့် ငွေကြေးအချိုးအစားပြဇယား)**

တောင်တရုတ်ပင်လယ်မှာ နောက်ဆုံးဖြစ်ပေါ်ခဲ့တဲ့ ဖြစ်စဉ်တွေကိုကြည့်ရင် အငြင်းပွားနေတဲ့ နန်ရှာကျွန်းစု (Nansha Islands) ရေပြင်မှာ တရုတ်နိုင်ငံက လေဆိပ်သစ်တစ်ခုဆောက်လုပ်ခဲ့ပြီး လေဆိပ်သို့ အရပ်ဘက်လေယာဉ်တွေ ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း ဆင်းသက်ပျံသန်းမှုပြုလုပ်ခဲ့တာကို ဗီယက်နမ်နိုင်ငံနဲ့ ဖိလစ်ပိုင်နိုင်ငံတို့က ကန့်ကွက်ခဲ့ပါတယ်။ တရုတ်နိုင်ငံကလည်း သူ့ရဲ့ အချုပ်အခြာအာဏာပိုင်နယ်မြေအတွင်းမှာ ပြုလုပ်တာဖြစ်တဲ့အတွက် လုပ်ပိုင်ခွင့်ရှိကြောင်း ချေပခဲ့ပါတယ်။ ဒါ့အပြင် နန်ရှာကျွန်းစုအနီးရှိ လေပိုင်နက်အတွင်းကို ဖိလစ်ပိုင်နိုင်ငံက စစ်ဘက်လေယာဉ်များ အကြိမ်ပေါင်းများစွာ ဝင်ရောက်ခဲ့တာကိုလည်း တရုတ်နိုင်ငံက ကန့်ကွက်ခဲ့ပါတယ်။ အလားတူ တရုတ်တိုင်ပေရဲ့ ခေါင်းဆောင်ဖြစ်တဲ့ မာ့ရင်ကျိုး (Ma Ying-jeou) ဟာ အငြင်းပွားနေတဲ့ နန်ရှာကျွန်းစုအတွင်းရှိ တိုင်ပင်ကျွန်း(Taiping Island)ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၈ ရက်က သွားရောက်လည်ပတ်ခဲ့တဲ့အတွက် ဗီယက်နမ်နိုင်ငံက ကန့်ကွက်ခဲ့ပါတယ်။ အမေရိကန်နိုင်ငံကလည်း ဒီလိုသွားရောက်လည်ပတ်မှုဟာ နယ်မြေအငြင်းပွားမှု ဖြေရှင်းရေးအတွက် အထောက်အကူမဖြစ်စေတဲ့လုပ်ရပ်တစ်ခုအဖြစ် ပြစ်တင်ခဲ့ပါတယ်။ တရုတ်နိုင်ငံကလည်း တရုတ်နိုင်ငံရဲ့ ဘိုးဘွားဘီဘင်အဆက်ဆက်ပိုင်ဆိုင်မှုဖြစ်တဲ့ နန်ရှာကျွန်းစုကို ကာကွယ်စောင့်ရှောက်ရေးဟာ တိုင်ဝမ်ရေလက်ကြား တစ်ဖက်တစ်ချက်မှာ နေထိုင်နေကြတဲ့ တရုတ်လူမျိုးတွေရဲ့ တာဝန်တစ်ရပ်ဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။ ဗီယက်နမ်နိုင်ငံကလည်း ယခုအခါ တရုတ်နိုင်ငံနဲ့ နယ်မြေပိုင်ဆိုင်မှုအငြင်းပွားနေတဲ့ တောင်တရုတ်ပင်လယ်ဒေသအတွင်းမှာ လူလုပ်ကျွန်းတွေ တည်ဆောက်နေပါတယ်။ ဖိလစ်ပိုင်နဲ့ အမေရိကန်အကြား တောင်တရုတ်ပင်လယ်အတွင်းမှာ ပူးတွဲရေတပ်ကင်းလှည့်မှုတွေပြုလုပ်ဖို့လည်း နှစ်နိုင်ငံအကြား ညှိနှိုင်းဆွေးနွေးမှုတွေ ရှိနေပါတယ်။ ဒါကြောင့် တောင်တရုတ်ပင်လယ်အရေးကိစ္စဟာ တရုတ်နိုင်ငံရဲ့ ပင်လယ်ရေကြောင်း ပိုးလမ်းမစီမံကိန်းအတွက် အခက်အခဲနဲ့ စိန်ခေါ်မှုတွေ အချိန်မရွေး ဖြစ်လာနိုင်တဲ့ အနေအထားမှာရှိနေပါတယ်။

## ရရှိခဲ့သည့် အောင်မြင်မှုများ

ရပ်ဝန်းတစ်ခုလမ်းကြောင်းတစ်ခု မဟာဗျူဟာရဲ့ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ် (၅) ရပ်ထဲမှာ တရုတ်နိုင်ငံသုံး ယွမ်ငွေကို ကမ္ဘာသုံးငွေကြေး တစ်ခုဖြစ်လာစေရေးဟာလည်း အချက်တစ်ရပ်အဖြစ် ပါဝင်တယ်ဆိုတာ ဒီဆောင်းပါးရဲ့အစပိုင်းမှာ ဖော်ပြခဲ့ပါတယ်။ ဒီကဏ္ဍမှာ တရုတ်နိုင်ငံ ရရှိခဲ့တဲ့ အောင်မြင်မှုကတော့ တရုတ်နိုင်ငံရဲ့ ယွမ်ငွေကို အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund-IMF) ရဲ့ Special Drawing Rights-SDR စာရင်းထဲကို ထည့်သွင်းကြောင်း IMF ရဲ့ အကြီးအကဲဖြစ်တဲ့ Ms. Christine Lagarde က ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်က ကြေညာခဲ့ခြင်းပဲဖြစ်ပါတယ်။ SDR စာရင်းထဲမှာ အမေရိကန်ဒေါ်လာ၊ ယူရိုငွေကြေး၊ ဂျပန်ယန်းငွေနဲ့ ဗြိတိန်နိုင်ငံက ပေါင်စတာလင်ငွေတို့ ပါဝင်ပြီးသားဖြစ်တဲ့အတွက် တရုတ်ယွမ်ငွေဟာ ပဉ္စမမြောက် SDR စာရင်းဝင် ငွေကြေး ဖြစ်လာခဲ့ပါတယ်။

SDR ဟာ IMF က ၁၉၆၉ ခုနှစ်မှာ စတင်ကျင့်သုံးခဲ့တဲ့ နိုင်ငံတကာ သီးသန့်ရန်ပုံငွေတစ်ရပ် (International Reserve Asset) ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်နောက်ပိုင်း နိုင်ငံတကာကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာကိုသာ အဓိကအသုံးပြုခဲ့ကြရာမှ ၁၉၆၀ ပြည့်နှစ်ကာလများအတွင်း ဒေါ်လာ ငွေကြေးအကျပ်အတည်းဖြစ်ပွားပြီးနောက်ပိုင်း အပြည်ပြည်ဆိုင်ရာ ငွေဖြစ်လွယ်မှု (International Liquidity) ပိုမိုကောင်းမွန်လာစေရေးအတွက် SDR ကို ဖန်တီးဖော်ထုတ်ခဲ့တာဖြစ်ပါတယ်။ SDR ဟာ IMF အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံချင်းစီရဲ့ သီးသန့်ရန်ပုံငွေကို အထောက်အကူပြုနိုင်ဖို့ဖြစ်ပါတယ်။ IMF အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံချင်းစီရဲ့ ထည့်ဝင်ငွေပမာဏအပေါ်မူတည်ပြီး SDR ကိုလည်း ပြန်လည်ခွဲဝေသတ်မှတ်ပေးတာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလအထိ IMF က အဖွဲ့ဝင်နိုင်ငံတွေအပေါ် ခွဲဝေသတ်မှတ်ပေးခဲ့တဲ့ SDR ပမာဏဟာ ၂၀၄ ဒသမ ၁ ဘီလီယံ (ဒေါ်လာ ၂၈၀ ဘီလီယံခန့်) ရှိပါတယ်။

SDR ရဲ့တန်ဖိုးကို လက်ရှိအချိန်အထိ သူ့မှာပါဝင်ဖွဲ့စည်းထားတဲ့ ငွေကြေး လေးမျိုးအပေါ် အခြေခံပြီးဆုံးဖြတ်သတ်မှတ်ပါတယ်။ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁ ရက်မှာ တရုတ်ယွမ်ငွေ SDR မှာ တရားဝင်စတင်ပါဝင်လာပြီဆိုရင် သူ့ရဲ့တန်ဖိုးကို ငွေကြေး ငါးမျိုးအပေါ်အခြေခံပြီး သတ်မှတ်သွားမှာဖြစ်ပါတယ်။ SDR ကို ဈေးကွက်မှာ ငွေကြေးတစ်ရပ်အနေဖြင့် သုံးစွဲနိုင်ခြင်းမရှိသော်လည်း SDR ကို ဈေးကွက်မှာလည်ပတ်နေတဲ့ ငွေကြေးတွေနဲ့ လွတ်လပ်စွာလဲလှယ်နိုင်ပါတယ်။ SDR ကိုပိုင်ဆိုင်ထားတဲ့နိုင်ငံတွေအနေနဲ့ နိုင်ငံတကာသုံး ငွေကြေးနဲ့လဲလှယ်နိုင်တဲ့ နည်းလမ်းနှစ်လမ်းရှိပါတယ်။ ပထမနည်းလမ်းကတော့ IMF အဖွဲ့ဝင်နိုင်ငံတွေအချင်းချင်းအကြား နားလည်မှုနဲ့ လဲလှယ်ခြင်းဖြစ်ပြီး ဒုတိယနည်းလမ်းက SDR ကို ရောင်းချဖို့အခြေအနေရှိနေတဲ့အဖွဲ့ဝင်နိုင်ငံဆီကနေ SDR ကိုဝယ်ယူဖို့ အခြေအနေကောင်းတွေရှိနေတဲ့နိုင်ငံကို IMF က တိုက်တွန်းသတ်မှတ်ပေးခြင်းဖြစ်ပါတယ်။ SDR မှာ တရုတ်ယွမ်ငွေပါဝင်လာခဲ့ရင် SDR ရှိ ငွေကြေး ငါးမျိုးရဲ့ ပါဝင်မှု အချိုးအစားတွေက အမေရိကန်ဒေါ်လာက ၄၁ ဒသမ ၇၃ ရာခိုင်နှုန်း၊ ယူရိုငွေက ၃၀ ဒသမ ၉၃ ရာခိုင်နှုန်း၊ တရုတ်ယွမ်ငွေက ၁၀ ဒသမ ၉၂ ရာခိုင်နှုန်း၊ ဂျပန်ယန်းငွေက ၈ ဒသမ ၃၃ ရာခိုင်နှုန်းနဲ့ ဗြိတိန်ပေါင်ငွေက ၈ ဒသမ ၀၉ ရာခိုင်နှုန်းအသီးသီးရှိမှာဖြစ်ပါတယ်။ SDR မှာ တရုတ်ယွမ်ငွေ ပါဝင်လာတဲ့အတွက် SDR ရဲ့ ကမ္ဘာလုံးဆိုင်ရာကိုယ်စားပြုမှုကိုလည်း မြင့်တက်လာစေမှာ ဖြစ်ပါတယ်။

IMF ရဲ့ SDR စာရင်းထဲမှာ တရုတ်နိုင်ငံသုံး ယွမ်ငွေပါဝင်လာခြင်းဟာ ယွမ်ငွေကြေးတန်ဖိုးကို ဈေးကွက်က သတ်မှတ်ဆုံးဖြတ်တာကို အတိုင်းအတာတစ်ခုအထိ ခွင့်ပြုခြင်းအပါအဝင် တရုတ်နိုင်ငံရဲ့ စီးပွားရေးနဲ့ငွေကြေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းတွေကို နိုင်ငံတကာက အသိအမှတ်ပြုလိုက်ခြင်းပဲဖြစ်ပါတယ်။ ဒါ့အပြင် ကမ္ဘာနဲ့အဝှမ်းအသုံးပြုနေတဲ့ ငွေကြေးတွေရဲ့ တာဝန်ကို ယွမ်ငွေကြေးက တစ်တပ်တစ်အား ပါဝင်ထမ်းဆောင်နိုင်စွမ်းရှိနေပြီဆိုတာကိုလည်း ဖော်ပြလျက်ရှိပါတယ်။ ယခုလို ကမ္ဘာ့ထိပ်တန်းငွေကြေးစာရင်းမှာ ပါဝင်လာခဲ့တဲ့အတွက် ယွမ်ငွေကြေးနဲ့ထုတ်ဝေတဲ့ ငွေချေးစာချုပ်တွေထုတ်ဝေဖို့ ပိုမိုအားပေးရာရောက်သလို တရုတ်နဲ့ သူ့ရဲ့ ကုန်သွယ်ဖက်နိုင်ငံတွေအကြား ကုန်သွယ်မှုမှာ တတိယငွေကြေးတစ်ရပ်ကို အမှီပြုစရာမလိုဘဲ ယွမ်ငွေကြေးနဲ့သာ ပေးချေဆောင်ရွက်လာနိုင်မှာဖြစ်ပါတယ်။ တရုတ်နိုင်ငံရဲ့ ယွမ်ငွေကြေးကို ပြည်ပဈေးကွက်တွေမှာ စတင်သုံးစွဲလာတဲ့အချိန်ကတော့ အရှေ့တောင်အာရှ ငွေကြေးအကျပ်အတည်းဒဏ်ကို တရုတ်နိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံတွေ ခံစားနေရတဲ့ ၁၉၉၀ ပြည့်နှစ် နှောင်းပိုင်းကာလတွေမှာဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက အမေရိကန်ဒေါ်လာနဲ့လဲလှယ်ရင် ငွေတန်ဖိုး ကျဆင်းခြင်းမရှိတဲ့ ငွေကြေးဟာ တရုတ်ယွမ်ငွေနဲ့ ဟောင်ကောင်ဒေါ်လာ နှစ်မျိုးပဲ ရှိခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး ယွမ်ငွေကြေးကို နိုင်ငံတကာမှာသုံးစွဲမှု မြင့်မားလာခဲ့ပါတယ်။ တရုတ်နိုင်ငံဟာ ၂၀၁၁ ခုနှစ်မှာ ဂျပန်နိုင်ငံကိုကျော်ဖြတ်ပြီး ကမ္ဘာပေါ်မှာ စီးပွားရေးအရ ဒုတိယအင်အားအကြီးဆုံးနိုင်ငံအဖြစ်ကို ရောက်လာပြီးတဲ့နောက်ပိုင်းမှာ ယွမ်ငွေကို နိုင်ငံတကာမှာ ပိုမိုတွင်ကျယ်စွာ သုံးစွဲလာစေဖို့ ပိုမိုဆောင်ရွက်လာနိုင်ခဲ့ပါတယ်။ အဓိကအားဖြင့် တရုတ်နိုင်ငံရဲ့ စီးပွားရေးနဲ့ ကုန်သွယ်မှု ပမာဏ များပြားလာခြင်း၊ ယွမ်ငွေကြေးလဲလှယ်မှုနှုန်း တည်ငြိမ်ခြင်းနဲ့ နိုင်ငံရဲ့ ဈေးကွက်စီးပွားရေးစနစ်တွေဟာ ယွမ်ငွေကို ကမ္ဘာ့ငွေကြေးဈေးကွက်မှာ ရှေ့တန်းကိုရောက်လာစေဖို့ အထောက်အကူပြုခဲ့တဲ့အချက်တွေ ဖြစ်ပါတယ်။

SDR မှာ ယွမ်ငွေစာရင်းဝင်သွားတဲ့အတွက် ယွမ်ငွေကြေးနဲ့ထုတ်ဝေတဲ့ ငွေချေးစာချုပ်တွေ ပိုမိုထုတ်ဝေရောင်းချနိုင်မှာဖြစ်ပြီး တရုတ်နိုင်ငံဟာ ၁၀ နှစ်တာကာလအတွင်းမှာ နှစ်ထရီလီယံဒေါ်လာလောက် ငွေကြေးတွေ နိုင်ငံတွင်းဝင်ရောက်လာနိုင်တယ်လို့ Morgan Stanley Co. က ခန့်မှန်းထားပါတယ်။ အခုဆိုရင် တောင်ကိုရီးယား၊ ဖိလစ်ပိုင်နဲ့ အင်ဒိုနီးရှားနိုင်ငံတို့ရဲ့ ဗဟိုဘဏ်တွေဟာ သူတို့ရဲ့နိုင်ငံခြားအရန်ငွေကြေးမှာ ယွမ်ငွေကို ပိုမိုတိုးမြှင့်စုဆောင်းထားရှိဖို့ ဆောင်ရွက်လာကြပြီဖြစ်ပါတယ်။ ဒါကြောင့် IMF ရဲ့ SDR စာရင်းမှာ ယွမ်ငွေပါဝင်လာခြင်းဟာ ယွမ်ငွေကြေးကို ကမ္ဘာသုံးငွေကြေးတစ်ရပ်ဖြစ်လာစေဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့ တရုတ်အစိုးရအတွက် ကြီးမားတဲ့ သမိုင်းဝင်အောင်မြင်မှုတစ်ရပ်ဖြစ်ပါတယ်။

တရုတ်အစိုးရအတွက် နောက်ထပ်အောင်မြင်မှုတစ်ခုကတော့ အာရှအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးရင်းနှီးမြှုပ်နှံမှုဘဏ် (Asian Infrastructure Investment Bank-AIIB) ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၆ ရက်က တရားဝင်စတင်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ AIIB ဘဏ်ဖွင့်ပွဲအခမ်းအနားကို တရုတ်နိုင်ငံ သမ္မတ ရှီကျင့်ဖျင်နဲ့ ဝန်ကြီးချုပ် လီခချန်း၊ AIIB ဘဏ်ရဲ့ အဖွဲ့ဝင်နိုင်ငံပေါင်း ၅၇ နိုင်ငံမှ အစိုးရအဖွဲ့အကြီးအကဲများနဲ့ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) နဲ့ အာရှဖွံ့ဖြိုးရေးဘဏ်(ADB) တို့မှ အကြီးအကဲများ၊ ဘဏ်ရဲ့အုပ်ချုပ်ရေးမှူးများ (Board of Governors) ပါဝင်တက်ရောက်ခဲ့ကြပါတယ်။ AIIB ဘဏ်ရဲ့ ဥက္ကဋ္ဌအဖြစ် မစ္စတာကျင်းလီချွန်း (Mr. Jin Liqun) ကို ရွေးချယ်ထားရှိခဲ့ပြီး အုပ်ချုပ်ရေးမှူးများဘုတ်အဖွဲ့ရဲ့ ဥက္ကဋ္ဌအဖြစ် တရုတ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာလျိုကျီးဝေ (Mr. Luo Jiwei) ကို ရွေးချယ်ခဲ့ပါတယ်။

AIIB ဘဏ်ဟာ တရုတ်နိုင်ငံက ဒေါ်လာဘီလီယံ ၅၀ ကမကထပြု ငွေကြေးအရင်းအနှီးထည့်ဝင်ပြီး စတင်တည်ထောင်ဖို့ အဆိုပြုခဲ့တဲ့ နိုင်ငံတကာငွေကြေးအဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ AIIB ဘဏ်ရဲ့ရည်ရွယ်ချက်က အာရှဒေသနဲ့ ဒေသပြင်ပနိုင်ငံများရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်အထောက်အကူပြုသွားဖို့၊ ကမ္ဘာလုံးဆိုင်ရာစီးပွားရေးအုပ်ချုပ်မှု တိုးတက်ကောင်းမွန်လာစေရေးအတွက် အင်အားသစ်တစ်ရပ်ဖြစ်လာစေဖို့ဖြစ်ပါတယ်။ ဒါ့အပြင် တရုတ်နိုင်ငံနဲ့ အရှေ့တောင်အာရှဒေသနိုင်ငံများ၊ အာရှဒေသနိုင်ငံများအကြား ဒေသတွင်းပေါင်းစည်းဆက်နွှယ်မှုလုပ်ငန်းစဉ် (Regional Connectivity) နဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အာရှဒေသရဲ့အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် လိုအပ်နေတဲ့ ငွေကြေးထောက်ပံ့မှုလုပ်ငန်းများ ဆောင်ရွက်သွားနိုင်ရေးဖြစ်ပါတယ်။ အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့ တွက်ချက်မှုအရ ၂၀၁၀ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အကြား အာရှ-ပစိဖိတ်ဒေသရဲ့ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေအတွက် ဒေါ်လာ ရှစ်ထရီလီယံ (ဒေါ်လာ သန်းပေါင်း ရှစ်သန်း) လိုအပ်မှာဖြစ်ပါတယ်။

# ပင်လုံရွာ ရွှေလေးတန်တံတားဖွင့်ပွဲကျင်းပ

**မိုးညှင်း ဇွန် ၁၂**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု ပင်လုံရွာ ရွှေလေးတန်တံတား ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၁ ရက် နံနက် ၉ နာရီက အဆိုပါ တံတားမုခ်ဦးအရှေ့တွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။

အစီအစဉ်အရ မိုးညှင်းမြို့နယ် မဲဆန္ဒနယ် အမှတ် (၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးတင်အေးက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက်မိုးညှင်းမြို့နယ် ကျေးလက်ဦးစီးအရာရှိဦးအေးမင်းနိုင်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ယင်းနောက်ပင်လုံရွာ ရပ်မိရပ်ဖ ကိုယ်စားဦးကျော်တင်ကကျေးဇူးတင်စကားပြောကြားခဲ့ပြီး ပင်လုံရွှေလေးတန် တံတားဖွင့်ပွဲတွင် မြို့ငသာယာဆရာတော် ဦးဉာဏိက၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေး၊ မြို့နယ်ကျေးလက်ဦးစီး အရာရှိ ဦးအေးမင်းနိုင်၊ မြို့နယ် NLD ပါတီနာယက ဦးလှဆောင်၊ ရပ်မိရပ်ဖ ဦးကျော်တင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားအပြီးတွင် မြို့ငသာယာကျောင်းတိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တဉာဏိက ဦးစီးသော ပင့်သံဃာ ၁၀ ပါးထံမှ အန္တရာယ်ကင်းပရိတ်တရားတော်များကို အခမ်းအနား တက်ရောက်လာကြသူများက အတူတကွနာယူကြသည်။

ပင်လုံရွာ ရွှေလေးတန်တံတားသည် ကွန်ကရစ်အုပ်တိုင် မျှော့ခင်းတံတားအမျိုးအစား(သစ်သားခင်း) အလျား ၂၃၄ ပေ၊ အကျယ် ၁၂ ပေ အမြင့် ၁၅ ပေရှိပြီး ကချင်ပြည်နယ် အစိုးရအဖွဲ့ပံ့ပိုးငွေကျပ်သိန်း ၅၀ ဖြင့် မတည်ကာစုစုပေါင်းကုန်ကျငွေကျပ် ၂၆၂ သိန်းဖြင့် အကုန်အကျခံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ တံတားကိုအောင်မြင်စွာဖွင့်လှစ် နိုင်ခဲ့သဖြင့် ပညာရေး၊ လူမှုရေး၊ စီးပွားရေး ဒေသတွင်းကုန်စည်စီးဆင်းဆက်သွယ်သွားလာရေးတို့တွင် အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း ဒေသခံများက သုံးသပ်သည်။

**နီတိုး**

# သစ္စာစီမံချက်ဖြင့် ကျောင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ပေး



**သီပေါ ဇွန် ၁၂**
ရက် ၁၀၀ သစ္စာစီမံချက်အရ သီပေါမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျောက်မဲခရိုင်ဦးစီးမှူး ဦးလှမြင့် (လက်ထောက်ညွှန်ကြားရေးမှူး) သည် ဇွန် ၉ ရက် မွန်းလွဲ ၁ နာရီက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အဆိုပါအထက်တန်းကျောင်းရှိ မြည်လာခန်းမသို့ ရောက်ရှိလာသော ခရိုင်ဦးစီးမှူးနှင့် အဖွဲ့အား သီပေါမြို့နယ်ဦးစီးမှူး ဦးစိုင်းထွန်းအေး၊ ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်ပြုံးနှင့် ဆရာမများ၊ တာဝန်ရှိသူများက ကြိုဆိုပြီးလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ခရိုင်ဦးစီးမှူးဦးလှမြင့်သည် လုပ်ငန်းဆောင်ရွက်နေသောဌာနဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား ရင်းနှီးစွာတွေ့ဆုံအားပေးခဲ့သည်။ **သီပေါကိုလတ်**

# သပွတ်ပင်ကျေးရွာ လူနေအိမ် မြေငှားဂရန်များ ချထားပေးနိုင်ရေးကွင်းဆင်းဆောင်ရွက်



**တံတားဦး ဇွန် ၁၂**
တံတားဦးမြို့နယ်အစိုးသစ်လက်ထက် ရက် ၁၀၀ စီမံချက်အနေဖြင့် ကျေးရွာလူနေအိမ်များအား အခိုင်အမာဖြစ်စေရေး မြေငှားဂရန်များ ချထားပေးနိုင်ရေးအတွက် ကျောက်ဆည်ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝဏ္ဏအောင်၊ တံတားဦးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီနှင့်အဖွဲ့ဝင်များက ဇွန် ၁၀ ရက် မွန်းလွဲပိုင်းက သပွတ်ပင်ကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တံတားဦးမြို့နယ်အနေဖြင့် မြေငှားဂရန်ထုတ်ပေးနိုင်မှုမှာ ကန်ချောကျေးရွာအုပ်စု အေးကြည်ကုန်းကျေးရွာကို မူလရွာရှိမြေဧရိယာ ၂၉ ဒသမ ၆၉ ဧက၊ တိုးချဲ့ရွာမြေဧရိယာ ၅ ဒသမ ၄၉ ဧက စုစုပေါင်းမြေဧရိယာ ၃၅ ဒသမ ၄၅ ဧကကို မြေငှားဂရန်စာချုပ် ၂၀၅ စောင်အား နှစ်အလိုက် ထုတ်ပေးနိုင်ခဲ့ကြောင်း၊ ယခုအခါ ဒီမြို့နယ်အတွင်းရှိကျေးရွာများအနက် သပွတ်ပင်ကျေးရွာအုပ်စု၊ သပွတ်ပင်ကျေးရွာရှိ အိမ်ခြေ ၁၁၂ အိမ် အိမ်ထောင်စု ၁၃၀ ကို ပိုင်ဆိုင်မှုအထောက်မထား ရှိ၊ မရှိ ကျေးရွာမြေတိုင်းစာရေးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ကွင်းဆင်းစစ်ဆေးတိုင်းတာခဲ့ကြသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးတိုင်းတာထားသော စာရွက်စာတမ်းများကို မှန်ကန်မှု အထောက်အထားခိုင်လုံပြီးလျှင် တံတားဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက အများပြည်သူများ ကန့်ကွက်လွှာများကို အကြောင်းကြားကာ ကန့်ကွက်မည့်သူမရှိပါက လူနေအိမ်များကို အိမ်အမျိုးအစားအလိုက် မြေငှားဂရန်များ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

**ရဲတင့် ပြန်/ဆက်**

# မြို့သန့်ရှင်းရေး၊ ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်

**ညောင်လေးပင် ဇွန် ၁၂**
ညောင်လေးပင်မြို့ သန့်ရှင်းရေး၊ မြို့မ(၂)ရပ်ကွက်အတွင်းရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရက် ၁၀၀ စီမံချက်ဖြင့် စုပေါင်းကာ ဇွန် ၁၀ ရက်က စိတ္တသုခလမ်း (မြောက်ပိုင်း)၌ ဆောင်ရွက်ခဲ့ကြသည်။

ရပ်ကွက်အတွင်း စုပေါင်းဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထင်အောင်ဦး၊ အင်ဂျင်နီယာမှူး ဦးတင်အောင်ဌေး ဦးဆောင်၍ စည်ပင်ဝန်ထမ်းများ၊ မြို့မ(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဇာနည်လင်းနှင့် ရပ်မိရပ်ဖများ၊ ရပ်ကွက်နေပြည်သူများစုပေါင်း၍ ချုံနွယ်မြက်သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေမြောင်းများအတွင်းရှိ အမှိုက်များအား ဖယ်ရှားရှင်းလင်းခြင်း၊ ရေမြောင်းများ တူးဖော်ခြင်းများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ရက် ၁၀၀ သစ္စာစီမံချက်ဖြင့် အိမ်ထောင်စုစာရင်းများ ဆောင်ရွက်ပေးနိုင်ရန် ကွင်းဆင်း၍ စာရင်းကောက်ယူ

**မြိတ် ဇွန် ၁၂**
အမျိုးသားမှတ်ပုံတင်ရေးနှင့်နိုင်ငံသားစိစစ်ရေးဦးစီးဌာနမှ ရက် ၁၀၀ သစ္စာစီမံချက်ဖြင့် ရွှေ့ပြောင်းအလုပ်သမားများ နေထိုင်လျက်ရှိကြသည့် ရပ်ကွက်၊ ကျေးရွာ၊ စက်ရုံ၊ အလုပ်ရုံများသို့ ကွင်းဆင်း၍ အိမ်ထောင်စုစာရင်းများ ဆောင်ရွက်ပေးနိုင်ရန် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ရပ်ကွက်၊ ကျေးရွာစုစုပေါင်းရှစ်ခုအား ကွင်းဆင်းစာရင်းကောက်ယူပေးနိုင်ခဲ့ပြီး မြိတ်တောင်ကျေးရွာနှင့် ကန်ဖျားရပ်ကွက်တို့တွင် ဇွန် ၁၀ ရက်က ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားစိစစ်ရေးဦးစီးဌာန အနေဖြင့် အိမ်ထောင်စုစာရင်းဆောင်ရွက်ပေးနိုင်ရန်အတွက် ကွင်းဆင်းစာရင်းကောက်ယူရာ၊ လာရောက်စာရင်းပေး သွင်းသူများ၏ မူလနေထိုင်ရာမြို့နယ်များသို့ အမှန်တကယ်နေထိုင်ခဲ့ခြင်းရှိမရှိ မေးမြန်းပြီး မူလနေထိုင်ရာမြို့နယ်မှ မှန်ကန်မှုရှိကြောင်းပြန်လည်ဖြေကြားလာပါက ခြောက်လအထက်နေထိုင်သူများကို အိမ်ထောင်စုစာရင်း ထုတ်ပေးသွားမည်ဖြစ်ကြောင်း အမျိုးသားမှတ်ပုံတင်ရေးနှင့်နိုင်ငံသားစိစစ်ရေးဦးစီးဌာန မြိတ်မြို့နယ်ဦးစီးဌာနမှူး ဦးခင်လတ်က ပြောသည်။

ယင်းသို့ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားစိစစ်ရေးဦးစီးဌာန မြိတ်မြို့နယ်ဦးစီးဌာနမှူး၊ ဝန်ထမ်းများနှင့် NRC အဖွဲ့တို့ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကွင်းဆင်းဆောင်ရွက်ခဲ့သည့် ရပ်ကွက်၊ ကျေးရွာများမှာ ကျောက်ဖျာကျေးရွာအုပ်စု၊ စန္ဒဝတ်ကျေးရွာအုပ်စု၊ ကလွင်ကျေးရွာအုပ်စု၊ ရေပုန်းရပ်ကွက်၊ ပဆွပ်ကျေးရွာအုပ်စု၊ မဇော့ကျေးရွာအုပ်စု၊ တညက်ကရင်ရွာ၊ သမုတ်ကျေးရွာအုပ်စု၊ မြိတ်တောင်ကျေးရွာအုပ်စုနှင့် ကန်ဖျားရပ်ကွက်တို့ဖြစ်ပြီး ဇွန် ၉ ရက်အထိ အိမ်ထောင်စုပေါင်း ၁၀၀၆ စု၊ လူဦးရေ ၃၃၃၀ ဦးရှိပြီဖြစ်ကြောင်း အမျိုးသားမှတ်ပုံတင်ရေးနှင့်နိုင်ငံသားစိစစ်ရေးဦးစီးဌာနမှ သိရသည်။

**နိုင်ထူး(ပြန်/ဆက်)**

# ဝက်လက်မြို့နယ်အတွင်းရှိပြည်သူများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် တိုင်းရင်းဆေးကုဌာနဖွင့်လှစ်

**ဝက်လက် ဇွန် ၁၂**
စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့၌ တိုင်းရင်းဆေးကုဌာနအသစ်ကို ဇွန် ၆ ရက် ကဖွင့်လှစ်ပေးလိုက်သဖြင့် ဝက်လက်မြို့နယ်အတွင်းရှိပြည်သူများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တိုင်းရင်းဆေးကုဌာန အဆောက်အအုံနှင့် သုံးခန်းတွဲ ဝန်ထမ်းအိမ်ရာကို ၂၀၁၅ ခုနှစ်က စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင်ပြီးစီးကာ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၆၀၀ ဖြင့် မော်ဒန်မန္တလေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်ပေးခဲ့ခြင်းဖြစ်သည်။

ယင်းသို့ တိုင်းရင်းဆေးကုဌာနကို ဖွင့်လှစ်ပေးသဖြင့် ဝက်လက်မြို့နယ်အတွင်းရှိ ပြည်သူများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်တော့မည်ရာ အထူးဝမ်းမြောက်ကြောင်းကို မြို့မိမြို့ဖ ဦးဘမြင့်က ပြောသည်။

တိုင်းရင်းဆေးကုဌာနကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်း၊ တိုင်းရင်းဆေးကုဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ဆွေနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ဆက်လက်၍ အခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် တိုင်းရင်းဆေးကုဌာနတိုင်းဒေသကြီးဦးစီးမှူးက တိုင်းရင်းဆေးကုဌာနဆိုင်ရာအချက်များကို ရှင်းလင်းပြောကြားကာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျွဲ၊ နွားကာကွယ်ဆေး ထိန်တပင် အုပ်စုတွင် ကွင်းဆင်းဆောင်ရွက်

**ညောင်လေးပင် ဇွန် ၁၂**
ညောင်လေးပင်မြို့နယ် ထိန်တပင်ကျေးရွာအုပ်စုတွင် မိုးရာသီ ထွန်ယက်စိုက်ပျိုးချိန်၊ ကျွဲ၊ နွားများတွင်ဖြစ်တတ်သော ရောဂါများမှ ကင်းဝေးစေရန်၊ လည်ချောင်းကွဲရောဂါကာကွယ်ရေးအတွက်အုပ်ချုပ်ရေးမှူးဦးဘိုကော၊ ရပ်မိရပ်ဖဦးတိုးနော်၊ ကိုဆန်းတင်မောင်နှင့် အုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ညောင်လေးပင်မြို့နယ် တိ/မွေးကုဦးစီးဌာန၊ ဆရာပြည့်ဖြိုးအောင် (ပိန်းဇလုပ်)၊ ဆရာစောဘဦး၊ ဆရာမြင့်စိုးနှင့် အုပ်ချုပ်ရေး အဖွဲ့ဝင်များပါသောအဖွဲ့သည်။ ရက် ၁၀၀ စီမံကိန်းအရ နတ်ကတော်ခင်ကျေးရွာတွင်ရှိသော လယ်သမား ၅၀ ၏ ကျွဲ၊ နွားများအား လည်ချောင်းကွဲရောဂါ ကာကွယ်ရေးနှင့် ကြိုတင်ကာကွယ်ရေးဆေးများ ထိုးပေးခဲ့ပြီး အုပ်စုအတွင်းရှိ ကျေးရွာများဖြစ်သော ဇရပ်ခင်၊ နတ်ကတော်ခင်၊ ထိန်တပင် ကျေးရွာများရှိ ကျွဲ၊ နွားများ၊ အိမ်မွေးတိရစ္ဆာန်များအား ကာကွယ်ဆေးများ ထိုးပေးခဲ့သည်။

**စည်သူရဲလွင်**

# အိမ်ခြံမြေဈေးကွက် အခြေအနေကောင်းမည် မျှော်မှန်း

**ရန်ကုန် ဇွန် ၁၂**

လက်ရှိအနေအထားအရ ရန်ကုန်အိမ်ခြံမြေဈေးကွက်သည် အေးစက်နေကာ ပုံမှန်အိမ်ငှားအနေအထားဖြင့် လည်ပတ်နေရခြင်းမှာ မိဘပြည်သူများကအစိုးရသစ်လက်ထက် ဖော်ဆောင်မည့် အိမ်ရာစီမံကိန်းများကို စောင့်ကြည့်နေခြင်းကြောင့် လည်းကောင်း၊ ရောင်းမည့်သူကလည်းဈေးမလျှော့ဘဲ တင်းခံနေခြင်းကြောင့်လည်းကောင်း ဖြစ်သည်ဟု တတိယအကြိမ် မြန်မာနိုင်ငံ၏ အကြီးဆုံးအိမ်ခြံမြေအရောင်းပြပွဲတွင် iMyanmar-House.com အိမ်ခြံမြေဝက်ဘ်ဆိုဒ်မှ MD ဦးနေမင်းသူက ပြောသည်။

သို့သော် ၂၀၁၆ ခုနှစ် နောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုငွေ FDI ၁၂ ဘီလျံခန့် ဝင်ရောက်လာမည်မျှော်မှန်းသဖြင့် ဝင်ရောက်လုပ်ကိုင်လာမည့် နိုင်ငံခြားလုပ်ငန်းရှင်များအတွက် စက်ရုံ၊ ဝန်ထမ်းအိမ်ရာ၊ တိုက်ခန်း၊ ကွန်ဒိုဆောက်လုပ်နေထိုင်ရန် FDI မှ ၃၀ ရာခိုင်နှုန်းအလိုအလျောက်အသုံးပြုရမည်ဖြစ်သဖြင့် အိမ်ခြံမြေဈေးကွက်အခြေအနေ ပြန်ကောင်းရန်မျှော်မှန်းကြောင်း ၎င်းက ပြောသည်။

ရန်ကုန်မြို့တွင် မြေဈေးကြီးမြင့်မှု၊ မြေရှားပါးမှုများ၏အကြောင်းမှာ ဒေါ်လာ၊ ကား၊ ရွှေရင်းနှီးဝယ်ယူမှု ပျက်သွားမှုများကြောင့် အိမ်ခြံမြေလုပ်ငန်းထဲ စုပြုံရင်းနှီးဝင်ရောက်မှုနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ဈေးကောင်းပေးဝယ်၊ ဈေးကစားရောင်းဝယ်မှုများကြောင့်ဟု ပြပွဲကြီးမှူးကျင်းပသူ ဦးနေမင်းသူကဆိုသည်။

ရန်ကုန်မြို့တွင် အခြေခံလူတန်းစားများအတွက် ဆောက်လုပ်ပေးခဲ့သည့် ရွှေလင်ဗန်းအိမ်ရာစီမံကိန်းမှာ တိုက်ခန်းတစ်ခန်း သိန်း ၃၀၀ ပတ်ဝန်းကျင်ဖြစ်သဖြင့် အခြေခံလူတန်းစားများအတွက် အဆင်မပြေနိုင်သဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တန်ဖိုးနည်းအိမ်ရာစီမံကိန်းများ အကောင်အထည်ဖော်လုပ်ဆောင်သွားမည်ဟု သတင်းထုတ်ပြန်ထားသည့်အတိုင်း ကြည့်မြင်တိုင်တစ်ဖက်ကမ်း တွံတေး၊ သန်လျင်၊ မင်္ဂလာဒုံလို နေရာမျိုးတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စွာဖြင့် ရေ၊ မီး၊ ဆေးရုံ၊ ကျောင်း၊ ဈေး၊ ပန်းခြံစသည်ဖြင့် စနစ်တကျ အကွက်ရိုက်၍ မြို့ပြအင်္ဂါရပ်များနှင့်အညီ မြို့နယ်များစွာဖော်ဆောင်၍ ကျပ်သိန်း ၁၀၀၊ ၁၀၀ အောက် အခြေခံလူတန်းစားများအတွက် အိမ်ရာများဖော်ဆောင်ပါက အမှန်တကယ်အိမ်မရှိသူများကို စိစစ်ရောင်းချလျှင် အခြေခံလူတန်းစားပြည်သူများအတွက် မြေ၊ အိမ်ရာပြဿနာများ ပြေလည်နိုင်လိမ့်မည်ဟု ဦးနေမင်းသူက ယင်းနေ့က ထည့်သွင်းပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ် ဇွန် ၁၀ ရက်မှ ၁၂ ရက်ထိ ၃ ရက်တိုင်တိုင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ တပ်မတော်ခန်းမ၌ ဆင်ယင်ကျင်းပပြသရောင်းချသွားမည့် မြန်မာနိုင်ငံ၏ အကြီးဆုံးအိမ်ခြံမြေအရောင်းပြသပွဲကြီးတွင် ဆောက်လုပ်ရေးကုမ္ပဏီပေါင်း ၅၀ ကျော်မှ ကျပ်သိန်း ၃၀၀ မှ ၇၀၀ တန် တိုက်ခန်းများ၊ ကျပ်သိန်း ၁၀၀၀ မှ ၅၀၀၀ တန် ကွန်ဒိုများကို တစ်နှစ်မှ ၈ နှစ်အထိ အရစ်ကျငွေချေစနစ်၊ Bank ငွေချေစနစ်များနှင့် ရောင်းချသွားမည်ဖြစ်ပြီး တက်ရောက်လာသူများအတွက် အိမ်ခြံမြေဗဟုသုတဟောပြောပွဲများ၊ ကံစမ်းမဲများလည်း ပါဝင်မည်ဟု သိရသည်။ **သန်းဦးလှိုင်**

## ကယားပြည်နယ်ဝန်ကြီးချုပ် ဘောလခဲခရိုင် ရှာသစ်မြို့ရှိ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် သွားရောက်တွေ့ဆုံ



**လွိုင်ကော် ဇွန် ၁၂**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ ဇွန် ၁၀ ရက် နံနက် ၁၀ နာရီခွဲက ရှာသစ်မြို့ စတုမာလာဓမ္မာရုံ၌ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် သွားရောက်တွေ့ဆုံခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဖွင့်အမှာစကားပြောကြားရာတွင် ပြည်သူများ လိုလားသည့် တရားဥပဒေစိုးမိုးရေး၊ အဂတိတရားကင်းရှင်းရေးနှင့် ကယားပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့ကဦးဆောင်ပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးနှင့် ပူးပေါင်းကာ ဖော်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဒေသခံပြည်သူများက မြို့ရေပေးဝေရေး၊ လမ်းမီးရရှိရေး၊ လယ်ယာစိုက်ပျိုးရေးအတွက် စိုက်ပျိုးရေရရှိရေးနှင့် လယ်ထွန်စက်ရရှိရေး၊ စာသင်ကျောင်းမြေနေရာရရှိရေးနှင့် သောက်သုံးရေကန်ရရှိရေး၊ ဆရာဝန်အချိန်ပြည့်ရရှိရေး၊ တန်ဖိုးနည်းအိမ်ရာရရှိရေး၊ တိုင်များယိုင်နေပြီဖြစ်သော ရှေးဟောင်းဘုန်းတော်ကြီးကျောင်းများ ပြန်လည်ပြုပြင်ပေးရေးနှင့် အခြားလိုအပ်ချက်များတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပြီး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လေပြင်းတိုက်ခတ်မှုကြောင့် ရှာသစ်(အ. ထ. က) နှစ်ထပ်ကျောင်းဆောင် အမိုးပြိုကျပျက်စီးမှုအား ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် စာသင်ကြားနေမှုများအားလည်းကောင်း၊ တိုက်နယ်ဆေးရုံသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားကာ ရှာသစ်မြို့ဘုန်းတော်ကြီးကျောင်းများရှိ ဆရာတော်ကြီးများအား သွားရောက်ဖူးမြော်ကြည်ညိုခဲ့သည်။ **ပြည်နယ်(ပြန်/ဆက်)**

## ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ကူညီဆောင်ရွက်ပေးနေ

**မတ္တရာ ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့တွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အမှတ်(၉၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စု တပ်ဖွဲ့စိတ်(မတ္တရာ) မှ ကျောင်းတက်၊ ကျောင်းဆင်းချိန်များတွင် အ. ထ. က(၁) ကျောင်းရှေ့တွင် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **စိုးကျော်သူထွေး(မတ္တရာ)**

## ပြည်သူကိုရှေးရှုသော ရဲလုပ်ငန်းစဉ်များ ချပြဆွေးနွေး

**ကျောက်တံခါး ဇွန် ၁၂**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့မရဲစခန်း ရဲရိပ်သာ၌ ဇွန် ၉ ရက် နံနက် ၁၀ နာရီက ပြည်သူကိုရှေးရှုသော ရဲလုပ်ငန်းစဉ်များ ချပြဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ကျောက်တံခါးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနိုင်က ပြည်သူကိုရှေးရှုသော ရဲလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ချပြဆွေးနွေးခဲ့ပြီး ကျောက်တံခါးမြို့မရဲစခန်း ခေတ္တစခန်းမှူး ရဲအုပ်လှမြင့်ဦးက ရက် ၁၀၀ စီမံချက်ကာလအတွင်း နယ်မြေအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးများကို ရဲတပ်ဖွဲ့ဝင်များက နေ့ညဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသော မြို့ပေါ် ၅ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ အထောက်အကူပြုအဖွဲ့နှင့် မြို့မိမြို့ဖများ၊ သတင်းမီဒီယာများက သိရှိလိုသည်များကို အကြံပြုမေးမြန်းကြရာ မေးမြန်းအကြံပြုချက်များကို မြို့နယ်ရဲတပ်ဖွဲ့မှူးက ပြန်လည်ဖြေကြား ရှင်းလင်းခဲ့ကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

## မုံရွာခရိုင်အတွင်း တက္ကသိုလ်ဝင်တန်းစာမေးပွဲ ကျောင်းသူ၊ ကျောင်းသား ၄၀၀၀ ကျော် အောင်မြင်



**မုံရွာ ဇွန် ၁၂**

၂၀၁၆ ခုနှစ် ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် တက္ကသိုလ်ဝင်တန်းအောင်စာရင်းများကို တစ်နိုင်ငံလုံးတစ်ပြိုင်နက်တည်း ထုတ်ပြန်ကြေညာလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်အတွင်းရှိ စာစစ်ဌာနအသီးသီးမှ တက္ကသိုလ်ဝင်တန်းဖြေဆိုသူ ၁၂၆၆၉ ဦးတွင် အောင်မြင်သူ ၄၅၅၃ ဦးရှိကြောင်း သိရသည်။

"ကျွန်တော်တို့ဆီမှာ ကျောင်းသား၊ ကျောင်းသူတွေကြိုးစားဖြေဆိုခဲ့ကြပေမယ့် ဒီနှစ် အောင်ချက်နည်းတယ်လို့ထင်တယ်။ အခု အောင်စာရင်းလာကြည့်တဲ့သူတွေထဲမှာ စာမေးပွဲအောင်တဲ့သူတွေ ပျော်ကြသလို မအောင်တဲ့သူတွေလည်း ဝမ်းနည်းပြီး ငိုတဲ့သူတွေ ငိုကြတယ်။ ဘဝအတွက် အဆုံးအဖြတ်ပေးတဲ့ စာမေးပွဲဆိုရင်လည်း မမှားဘူးလေ။ ကျွန်တော့်သားကတော့ ဂုဏ်ထူးသုံးဘာသာပါတယ်။ အလွန်ဝမ်းသာပါတယ်။ ဒီနှစ်မှာ စာမေးပွဲကို ကျရှုံးခဲ့သူတွေ ဖွဲ့မလျှော့ဘဲ နောက်နှစ်တွေမှာ ကြိုးစားဖြေဆိုကြဖို့ တိုက်တွန်းပါတယ်"ဟု အောင်စာရင်းလာရောက်ကြည့်ရှုသူ ကျောင်းသားမိဘတစ်ဦးက ပြောသည်။

မုံရွာခရိုင်အတွင်း မုံရွာမြို့နယ်တွင် စာရင်းရှိ ကျောင်းသားဦးရေ ၈၃၈၃ ဦးဖြစ်ရာ ဖြေဆိုသူ ၈၀၅၃ ဦးတွင် အောင်မြင်သူ ၂၉၇၆ ဦး၊ ချောင်းဦးမြို့နယ်တွင် စာရင်းရှိကျောင်းသားဦးရေ ၁၂၉၇ ဦးဖြစ်ရာ ဖြေဆိုသူ ၁၂၅၂ ဦးတွင် အောင်မြင်သူ ၃၁၄ ဦး၊ ဘုတလင်မြို့နယ်တွင် စာရင်းရှိ ကျောင်းသား ၂၀၈၉ ဦးဖြစ်ရာ ဖြေဆိုသူ ၂၀၃၄ ဦးတွင် အောင်မြင်သူ ၈၀၅ ဦး၊ အရာတော်မြို့နယ်တွင် စာရင်းရှိ ကျောင်းသား ၁၃၇၇ ဦးဖြစ်ရာ ဖြေဆိုသူ ၁၃၃၀ ဦးတွင် အောင်မြင်သူ ၄၅၈ ဦးရှိပြီး မုံရွာတစ်ခရိုင်လုံး အောင်ချက်မှာ ၃၅ ဒသမ ၉၄ ရာခိုင်နှုန်းရှိပြီး ဂုဏ်ထူးရရှိမှုအခြေအနေမှာ မုံရွာမြို့နယ်တွင် ခြောက်ဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၂၆ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၄၈ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၅၄ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၈၄ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၄၇၈ ဦး၊ ချောင်းဦးမြို့နယ်တွင် သုံးဘာသာဂုဏ်ထူးရှင်လေးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ငါးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၉ ဦး၊ အရာတော်မြို့နယ်တွင် လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် သုံးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၄ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၆၇ ဦး၊ ဘုတလင်မြို့နယ်တွင် တစ်ဘာသာဂုဏ်ထူးရှင် ၁၈၆ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၈ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၇ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ကိုးဦး၊ ငါးဘာသာဂုဏ်ထူးရှင် တစ်ဦးနှင့် ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး ပေါ်ထွက်ခဲ့ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

## ယာဉ်အန္တရာယ်ကင်းဝေးရန် စည်းကမ်းနှင့်အညီ မောင်းနှင်သွားလာနိုင်ရေး ပညာပေး

**ကျုံပျော် ဇွန် ၁၂**

ပုသိမ်ခရိုင် ကျုံပျော်မြို့နယ်အတွင်း ယာဉ်အန္တရာယ်ကင်းဝေးရေး၊ စည်းကမ်းနှင့်အညီ စနစ်တကျမောင်းနှင်သွားလာနိုင်ရေးအတွက် မော်တော်ဆိုင်ကယ်ယာဉ်များအား အသိပညာပေးဆောင်ရွက်ခြင်းကို ဇွန် ၈ ရက် ညနေပိုင်းက ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ယခုပညာပေးကာလတွင် ဆိုင်ကယ်စီးဦးထုပ်ဆောင်းရန်၊ မေးသိုင်းကြိုးတပ်ရန်၊ နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုရန်တို့ကို အဓိကထား၍ စစ်ဆေးဆောင်ရွက်ခဲ့ပြီး ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်များ ပြည့်စုံစွာထားရှိရေးတို့ကိုလည်း ပညာပေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**

## ပြည်သူများ၏ ကျန်းမာရေးအတွက် အခမဲ့ကွင်းဆင်းကုသ

**ကျုံပျော် ဇွန် ၁၂**

ပုသိမ်ခရိုင် ကျုံပျော်မြို့နယ် တိုင်းရင်းဆေးဦးစီးဌာနက ရက် ၁၀၀ စီမံချက်ဖြင့် ပြည်သူများ၏ကျန်းမာရေးအတွက် အခမဲ့ ကွင်းဆင်းကုသမှုများ၊ ကျန်းမာရေး အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ပေးလျက်ရှိရာ စီမံချက်ကာလအတွင်း ကျေးရွာ ၆ ရွာ ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဦးစီးမှူး ဒေါ်ခိုင်ခိုင်ဝေထံမှ သိရသည်။ လက်ရှိအနေဖြင့် သဲဖြူကျေးရွာနှင့် ဖန်ခါးချောင်ကျေးရွာတို့သို့ သွားရောက်ကုသပေးနိုင်ခဲ့ပြီး သွေးအားနည်းမူးမောခြင်း၊ ကိုယ်လက်ကိုက်ခဲအကြောတက်ခြင်းနှင့် အဆစ်နာသွေးတိုးရောဂါများကို အများဆုံးတွေ့ရှိကုသရကြောင်းနှင့် တိုင်းရင်းဆေးဝါးဖြင့် ကုသခြင်းကို ကျေးလက်နေပြည်သူများ ပိုမိုနှစ်သက်ကြသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**

# ရေပေးဝေရေးလုပ်ငန်းများ ပိုမိုအဆင်ပြေလာတော့မည့် မြောက်နဝင်းဆည်

**ခဲ မြင့်နိုင်(ပြည်)**

မြောက်နဝင်းဆည် ရေသောက်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဂျပန်နိုင်ငံ JICA (ODA) LOAN အကူအညီဖြင့် သုံးနှစ်စီမံကိန်းသတ်မှတ်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၂) မှ တာဝန်ရှိသူများက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြောက်နဝင်းဆည်သည် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ဆီဆုံကျေးရွာအနီး ပဲခူးရိုးမတောင်တန်းအနောက်ခြမ်းမှ စီးဆင်းလာသော မြောက်နဝင်းချောင်းကိုဖြတ်၍ မြေသားနှင့် ရေစစ်ကျောက်နှစ်မျိုးစီပါရှိသော (Zone Type) ရေလှောင်တမံကိုဖို့၍ တည်ဆောက်ထားသောဆည်ဖြစ်သည်။

မြောက်နဝင်းဆည်ကို ၁၉၅၃ ခုနှစ်မှစတင်၍ ဆည်မြောင်းဦးစီးဌာနက ပဏာမစူးစမ်းလေ့လာတိုင်းတာမှုများ ဆောင်ရွက်ခဲ့သည်။ အသေးစိတ်လေ့လာတိုင်းတာခြင်းနှင့် အပြီးသတ်ဒီဇိုင်းပုံစံရေးဆွဲခြင်းကို ဆောင်ရွက်နိုင်ရန် ၂၂-၃-၁၉၆၃ ရက်နေ့တွင် ယူဂိုဆလပ်နိုင်ငံမှ အီနာဂိုပရော့ဂျက် (Energo Project) အင်ဂျင်နီယာအဖွဲ့နှင့် စာချုပ်ချုပ်ဆိုခဲ့ကြသည်။ ၁၀-၄-၁၉၆၇ ရက်နေ့တွင် ဒီဇိုင်းပုံစံနှင့် အသေးစိတ်ခန့်မှန်းခြေစာရင်းတို့ကို ရေးဆွဲပြီး ဆောင်ရွက်ခဲ့သည်။ ထူးခြားမှုမှာ မြောက်နဝင်းရေလှောင်တမံ၏ ချဉ်းကပ်လမ်းကို ၁၆ ပေအကျယ်၊ အရှည် ၁၃ မိုင် ကွန်ကရစ်လမ်းခင်းပေးထားခဲ့၍ ပြည်၊ ပေါက်ခေါင်း၊ အောင်လံမြို့နယ်များရှိ ကျေးရွာနေတောင်သူများ လမ်းပန်းဆက်သွယ်သွားလာရေး လွယ်ကူချောမွေ့ ကောင်းမွန်စေခဲ့သည်။


မြောက်နဝင်းဆည်အား ပြည်မြို့နယ်၊ ပေါက်ခေါင်းမြို့နယ်နှင့် သဲကုန်းမြို့နယ်များအတွင်းရှိ တောင်သူများ၏ သီးနှံလယ်မြေဧရိယာ ၉၆၇၆၉ ဧကသို့ စိုက်ပျိုးရေပေးဝေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ရေလှောင်တမံ၏ ကန်ရေပြည့်ရေလှောင်နိုင်မှုမှာ ၂၉၁၀၀၀ ဧကပေဖြစ်သည်။

ဆည်ရေသောက်စနစ်တူးမြောင်းများသည် နှစ်ပေါင်းလေးဆယ်ခန့် နှစ်စဉ် မိုးစပါးနှင့် နွေစပါးတို့ စိုက်ပျိုးရန်အတွက် တစ်နှစ်ပတ်လုံးနီးပါး စိုက်ပျိုးရေပေးဝေနိုင်ခဲ့သည်။ ယခုအခါ နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ ထိရောက်သော အထူးပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိခဲ့၍ တူးမြောင်းများအတွင်း သဲနုန်းများပို့လာခြင်း၊ ရေမှော်နှင့် သစ်ပင်ငယ်များပေါက်လာခြင်း၊ တူးမြောင်းပေါင်များ နိမ့်ကျပျက်စီးလာခြင်း၊ တူးမြောင်းကွန်ကရစ်၊ အုတ်လိုင်နင်များ ပျက်စီးလာခြင်း၊ တူးမြောင်းများ ပျက်စီးယိုယွင်းလာသဖြင့် ဆည်ရေအပြည့်အဝပေးနိုင်မှုမရှိတော့ခြင်းတို့ကြောင့် ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) ရှိ ဆည်ရေသောက်စနစ်များ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Irrigation Development Project in Western Bago Region) အတွက် ဖြစ်မြောက်နိုင်စွမ်း အခြေအနေ (Feasibility Study) ကို ၂၀၁၂ ခုနှစ် ဩဂုတ်လပထမပတ်မှစတင်၍ ၂၀၁၅ ခုနှစ် မတ်လပထမပတ်အထိ စူးစမ်းလေ့လာမှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြောက်နဝင်းဆည်၏ အထက်ပါယိုယွင်းပျက်စီးနေမှုများကို အဆင့်မြှင့်တင်ပြုပြင်နိုင်ရန်အတွက် ဂျပန်နိုင်ငံ (JICA) ၏ ODA (Offical Development Assistance) LOAN ဖြင့် ဆောင်ရွက်ရန် မြန်မာ-ဂျပန်နှစ်နိုင်ငံသဘောတူစာချုပ် ODA LOAN Agreement No MY-P7 ကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၅ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။ မြန်မာနိုင်ငံ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အင်ဂျင်နီယာများနှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် အတိုင်ပင်ခံအဖွဲ့များ (Consuitant Services) ကို ငှားရမ်းကာ မြောက်နဝင်းဆည်ရေသောက်စနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၁၅ ခုနှစ် မတ်လမှ စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ရက် ၁၀၀ ကာလအတွင်း အယ်နီညိုရာသီဥတုသက်ရောက်မှုကြောင့် ဆည်ရေသောက်ဧရိယာအတွင်းရှိ ဝက်ထီးကန်မြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများတွင် သောက်သုံးရေခန်းခြောက်ခြင်းနှင့် ရေရှားပါးပြတ်လပ်မှုအခက်အခဲများ ကြုံတွေ့နေခဲ့ရသဖြင့် မြောက်နဝင်းဆည် လယ်ယာမြောင်း၏ လက်တံမြောင်း CR (3) နှင့် Sypnon (5) မိုးမှောင်ကျချောင်းမှတစ်ဆင့် ဝက်ထီးကန်မြို့လယ်ကန်ကြီးအတွင်းသို့ ရေလွှတ်ပေးသွင်းခြင်းနှင့် မိုးမှောင်ကျချောင်းအား ရေစီးရေလာကောင်းမွန်အောင် မြေတူးစက်များဖြင့်တူးဖော်ပေးခဲ့၍ ယင်းဒေသတွင် မီးဘေးကာကွယ်ခြင်းနှင့် လူနှင့် ကျွဲနွားတိရစ္ဆာန်တို့အတွက် သောက်သုံးရေများအဆင်ပြေခဲ့ကြောင်း ဒေသခံကျေးရွာပြည်သူများက ပြောကြားကြသည်။

မြောက်နဝင်းမြောင်းများ၏ လက်ယာလက်တံနှင့် လက်ဝဲလက်တံ ရေသောက်ဧရိယာအတွင်းရှိ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ တောင်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်းများပြုလုပ်၍ ဒေသခံတောင်သူများ၏ လိုအပ်ချက်များနှင့် အခက်အခဲများကို ဂျပန်နိုင်ငံ 3(JICA) အကူအညီဖြင့် ထိရောက်စွာဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြောင်းအဆောက်အအုံများ၊ ကျေးရွာတစ်ရွာနှင့်တစ်ရွာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်အတွက် ကျေးရွာချင်းဆက်လမ်းများ ဆောင်ရွက်ပေးခြင်းနှင့် ကြံကား၊ ရိတ်ခြွေစက်၊ ထွန်စက်၊ ဂွန်ဒေါင်းကားသေးနှင့် နွားလှည်းများဖြတ်ကူးနိုင်ရန်အတွက် ၃ တန်၊ ၁၀ တန်၊ ၁၅ တန် အစရှိသည့် မြောင်းဖြတ်တံများ ဆောက်လုပ်ဆောင်ရွက်ပေးခြင်း၊ ၎င်းအပြင် ရာသီဥတုပြောင်းလဲဖြစ်ပေါ်မှုများကြောင့် သဘာဝဘေးအန္တရာယ်ကာကွယ်နိုင်ခြင်းနှင့် မြေဆီလွှာထိန်းသိမ်းရေးအတွက် ဒေသခံတောင်သူများနှင့် အတူတကွပူးပေါင်း၍ ရေသောက်ဧရိယာအတွင်းရှိ မြေလွတ်မြေရိုင်းများတွင် အရိပ်ရသစ်ပင်များစိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး လက်ရှိအခြေအနေတွင် မြောင်းစစ်လမ်းများ မြေနီခင်းခြင်းနှင့် ရေရှည်ခိုင်မာအသုံးပြုနိုင်သည့် လှည်းလမ်းများ ကောင်းမွန်အောင်ဆောင်ရွက်ပေးလျက်ရှိသည်ဟု ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဌာန တည်ဆောက်ရေး (၂) မှ လက်ထောက်ညွှန်ကြားရေးမှူး (၁) ဦးလှဝင်းမြင့်က ပြောကြားသည်။




မြောက်နဝင်းဆည်ရေသောက်စနစ် အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းတွင် (၁) လက်ယာတူးမြောင်းမကြီး ပေတိုင် (၁၆+၂၂၀) မှ ပေတိုင် (၅၅+၇၀၀)၊ (၂) လက်ယာလက်တံမြောင်းခွဲအမှတ် ၅ မှ အမှတ် ၁၃ ထိနှင့် (၃) လက်ဝဲလက်တံမြောင်းခွဲအမှတ် ၁ မှ ၅ ထိတို့၏ တူးမြောင်းပုံစံကျတူးဖော်ခြင်းလုပ်ငန်း၊ သဲနုန်းတူးဖော်ခြင်းလုပ်ငန်း၊ ကွန်ကရစ်လိုင်နင်လုပ်ငန်း၊ အုတ်လိုင်နင်လုပ်ငန်း၊ တူးမြောင်းအဆောက်အအုံသစ်ဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းများ၊ ချဉ်းကပ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများနှင့် အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လက်ရှိအခြေအနေအထိ ၁၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

မြောက်နဝင်းဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်း၏ ၂၀၁၆-၂၀၁၇ ခုနှစ် ရက် ၁၀၀ အတွင်း လုပ်ငန်းများပြီးမြောက်အောင် ဆောင်ရွက်ပြီးစီးပါက လျာထားသည့် လက်တံမြောင်းခွဲအလိုက် စိုက်ပျိုးဧရိယာ ၇၅၆၄ ဧကကို ရေပေးဝေနိုင်မည်ဖြစ်သည်။ ဂျပန်နိုင်ငံ JICA (ODA) LOAN အကူအညီဖြင့် ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများ ပြီးစီးပါက နွေစပါးကိုနှစ်စဉ်ပျမ်းမျှ ၂၁၇၇၉ ဧက စိုက်ပျိုးနိုင်ခဲ့ရာမှ ၁၀၄၀၃ ဧကထိ တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နှစ်စဉ်နွေစပါး ဧက ၃၂၁၈၀ အထိ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ရေပေးဝေခြင်းလုပ်ငန်းများ ပိုမိုအဆင်ပြေလာမည်ဖြစ်၍ ဒေသခံကျေးရွာပြည်သူ တောင်သူဦးကြီးများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာပြီး ဆင်းရဲနွမ်းပါးမှုများ လျော့ကျကာ လမ်းပန်းဆက်သွယ်ရေးများလည်း ကောင်းမွန်လာတော့မည်ဖြစ်၍ ဝမ်းသာပီတိဖြစ်ရကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

■

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြှင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၃/၂၀၁၆) သင်တန်းဆင်းပွဲကျင်းပ

**ရွှေဘို ဇွန် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့ ရန်ကြီးအောင်ခန်းမ၌ ဇွန် ၉ ရက် နံနက် ၉ နာရီက ရွှေဘိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးပြီးပို့ချသင်ကြားပေးခဲ့သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြှင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၃/၂၀၁၆)သင်တန်းဆင်းပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက သင်တန်းဆင်းပွဲအမှာစကားပြောကြားခဲ့ပြီး ရွှေဘိုခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ပို့ချသင်ကြားမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် သင်တန်းသူများချုပ်လုပ်ထားသောဝတ်စုံများကို သီရိမင်္ဂလာဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအားလည်းကောင်း၊ ဇိနမာန်အောင်ဘုန်းတော်ကြီးသင်ကျောင်းသူများအားလည်းကောင်း၊ ရွှေဘိုမြို့နယ် အုန်းပေါက်ကျေးရွာအမှတ်(၈) ရေလည်ကျောင်းမှ ဘုန်းတော်ကြီးသင်ကျောင်းသား၊ ကျောင်းသူများအားလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး သီရိမင်္ဂလာဘိုးဘွားရိပ်သာရှိ ဘိုးဘွားများကို ရွှေဘိုခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်တုတ်မှလှူဒါန်းသည့် သင်တန်းသူများချုပ်လုပ်သော အင်္ကျီများကို ပေးအပ်လှူဒါန်းခဲ့ရာ ဘိုးဘွားရိပ်သာအုပ်ချုပ်သူ ဒေါ်ခင်စိန်က လက်ခံရယူခဲ့သည်။

ထူးချွန်သင်တန်းသူများကို ရွှေဘိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ပေးအပ်ချီးမြှင့်ရာ ပထမဆုကိုစည်သာကျေးရွာမှ သင်တန်းသူ မဇင်မွန်အေး၊ ဒုတိယဆုရရှိသူမြင်းကသာကျေးရွာမှ သင်တန်းသူ မအေးသန္တာနှင့်တတိယဆုကို ကော့ရွာမှ သင်တန်းသူ မမြတ်လေးနွယ်တို့က ရရှိခဲ့ကြပြီး သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်နှင့် သင်ထောက်ကူပစ္စည်းများပေးအပ်ခဲ့သည်။

ဆက်လက်ပြီး သင်တန်းနည်းပြနှစ်ဦးနှင့် သင်တန်းခေါင်းဆောင်တို့ကို အမှတ်တရပစ္စည်းများပေးအပ်ခဲ့ရာ သင်တန်းနည်းပြ ဒေါ်ကျော့ကျော့ခိုင်က လက်ခံရယူခဲ့ကြောင်း သိရသည်။ ။

**စိုးသီဟ(ပြန်/ဆက်)**

## ခန္တီးမြို့နယ် နန်စီပွန်ရွာမှ နာဂတိုင်းရင်းသူ သုံးမွှာပူး မိခင်အား ထောက်ပံ့ငွေများပေးအပ်

**ခန္တီး ဇွန် ၁၂**

ခန္တီးမြို့နယ် ပဒူးမုန်းကျေးရွာအုပ်စု နန်စီပွန်ရွာမှ သုံးမွှာပူးမိခင် နာဂတိုင်းရင်းသူ ဒေါ်အေးအေးလှိုင်(ခ)ဒေါ်ဆူးမားအား လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန လူမှုဝန်ထမ်းဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့က ထောက်ပံ့ငွေများပေးအပ်ပွဲကို ဇွန် ၉ ရက် ညနေ ၅ နာရီက ခန္တီးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ထောက်ပံ့ငွေကျပ်တစ်သိန်းနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့ငွေကျပ် ငါးသိန်းတို့ကို ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မာဖြူနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းအုပ်ဆရာမကြီး ဒေါ်စောဥမ္မာဝါတို့က သုံးမွှာပူးမိခင် ဒေါ်ဆူးမားအား ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အဆိုပါထောက်ပံ့ပေးအပ်ပွဲသို့ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မာဖြူ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ကျော်လွင်၊ ခေတ္တဆေးရုံအုပ်ကြီး ဒေါက်တာအေးအေးကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ နာဂတိုင်းရင်းသူ ဒေါ်ဆူးမားသည် သုံးမွှာပူးမိန်းကလေးများကို မွေးဖွားသန့်စင်ခဲ့ကြောင်း သိရသည်။

**စန်းလွင်ဦး(ခန္တီးပြန်/ဆက်)**

## ရက် ၁၀၀ စီမံချက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဇွန် ၁၂**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော ကုလားဝဲကျေးရွာ ဖွံ့ဖြိုးရေးရေကန်၊ ရွှေဘုန်းတော်ပွင့်ရေကန်နှင့် နန္ဒဝန်ရေကန် မြေသားရေကန် အနက်နှိုက်ခြင်းလုပ်ငန်းများ၏ မြေသားရေကန်များအတွင်း ရေစုဆောင်းရရှိမှုအခြေအနေ၊ ကန်ပေါင်ပေါ်တွင် စပါးမျိုးစေ့ကြဲ၍ မြေထိန်းနိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် ကိုယ့်အားကိုယ်ကိုး ရေကန်ခြံစည်းရိုးကာရံခြင်း ဆောင်ရွက်မည့် အခြေအနေတို့အား သန်လျင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဇွန် ၁၀ ရက်တွင် ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# "ကိုယ့်သားသမီးကို ချစ်ကြရာဝယ်"

မောင်ကြေးနီ(မုံရွာ)

လောကမှာ ကိုယ်မွေးထားတဲ့သားသမီးတွေကို မချစ်တဲ့ မိဘရယ်လို့ မရှိနိုင်ဘူးလို့ ကျွန်တော်ထင်ပါတယ်။ ကိုယ့်သားသမီးကို တကယ်ချစ်ရင် လူတော်လူကောင်းတစ်ယောက်ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးတတ်ဖို့ ချစ်တတ်ဖို့ပဲ အရေးကြီးပါတယ်။ ဒါပေမယ့် ကိုယ့်သားသမီးကို ပြုစုပျိုးထောင်ရာမှာတော့ မိဘအများစုဟာ ကိုယ့်သားသမီးကို မခိုင်းရက်မပြုရက် မရိုက်ရက်နဲ့ ရေသာခို အချောင်လိုက်စိတ်တွေ ဖြစ်ပေါ်စေတဲ့ 'ကျွန်' စိတ်ဖြစ်အောင်ပဲ အချစ်လွန်တတ်ကြပါတယ်။ 'ကျွန်' စိတ်ဆိုတာက တာဝန်ယူမှု၊ တာဝန်ခံမှုမရှိဘဲ သူများခိုင်းမှလုပ်တတ်တဲ့စိတ်ကို ဆိုတာပါ။ အဲဒီလို ကျွန်စိတ်ရှိတဲ့ သားသမီးမျိုးဟာ သူများခိုင်းတာဆို မှန်တယ်၊ မှားတယ်ဆိုတဲ့ ဝေဖန်ပိုင်းခြားနိုင်မှု ဦးနှောက်လည်း မရှိပါဘူး။ ဘဝတန်ဖိုးကိုလည်း ဘာမှနားမလည်ဘူး။ သူ့ရဲ့ကျွန်စိတ်က မိဘတွေနဲ့ မျိုးရိုးတစ်ခုလုံးကို ဂုဏ်သိက္ခာညှိုးနွမ်းအောင် ကောင်းကောင်းဒုက္ခပေးတတ်တာပဲ ရှိပါတယ်။

အခု ကျွန်တော့ပတ်ဝန်းကျင်မှာ မိသားစုနှစ်စုရှိပါတယ်။ မိသားစုတစ်စုက သားသမီးတွေကို အလိုလိုက်ပြီး စနစ်တကျ မခိုင်းတတ်တဲ့ မိသားစုတစ်စုနဲ့ သားသမီးတွေကို စနစ်တကျ ခိုင်းတတ် ဆုံးမတတ်တဲ့ မိသားစုတစ်စုပါ။ အလိုလိုက်တဲ့မိသားစုက သာမန်တောသူတောင်သားမိသားစုပါ။ သမီးကလေးသုံးယောက်နဲ့ သားလေးတစ်ယောက် မွေးထားပါတယ်။ အငယ်ဆုံးမွေးတဲ့ကလေးက သားလေးမို့ မြန်မာ့ယဉ်ကျေးမှုထုံးစံအရ ရှင်ပြုစရာ၊ အားကိုးစရာရပြီဆိုပြီး ဝမ်းသာအားရနဲ့ အချစ်ပိုကြပါတယ်။ ဖွားအေကြီးကလည်း မြေးဦးလေးက ယောကျ်ားလေးဆိုတော့ အလိုလိုက်လိုက်တာ သူ့မြေးလေးဘာလုပ်လုပ် အပြစ်မပြောရဘူး။ မိဘတွေက တောသူတောင်သားတွေဆိုတော့ ပညာအခြေခံကလည်းနည်း၊ အတွေးအခေါ် အမြော်အမြင်ကလည်းနည်း၊ စာကလည်းဘာစာမှမဖတ်နဲ့ ကိုယ့်သားသမီးကို သူ့အသက်အရွယ်အလိုက် နိုင်တဲ့ဝန်ကို ထမ်းဖို့ စနစ်တကျ တာဝန်မပေးတတ်ဘူး။

ကလေးက အသက်သာကြီးလာတာ မိဘကို ကူညီလုပ်ကိုင်ရကောင်းမှန်းမသိတော့ ဘာမှမလုပ်တတ်တော့ဘူး။ အတွေးအခေါ် အမြော်အမြင်လည်းဘာမှမရှိတော့ မိဘရဲ့လက်ရှိဘဝအခြေအနေနဲ့ ကိုယ့်ဘဝအခြေအနေမှန်ကိုလည်း နားမလည်တော့ဘူး။ ပြီးခဲ့တဲ့ ပညာရေးမူဝါဒအရ မအောင်မနေရစနစ်နဲ့ အတန်းတင်ပေးခဲ့တာတောင် စတုတ္ထတန်းထိပဲ ကျောင်းထားလို့ရခဲ့တယ်။ ကလေးက မနေချင်ဘူးဆိုတော့ အလိုလိုက်ပြီး မထားကြတော့ဘူး။ ဘာအတန်းပညာမှမရှိတော့ တောင်သူလယ်ယာ မလုပ်ချင်လို့ ကုမ္ပဏီအလုပ်လျှောက်ရာမှာလည်း ကာယအလုပ်ပဲ ရခဲ့တယ်။

မိဘကတော့ သားလေးအလုပ်ရပြီဆိုတော့ မရှိတာရှိတာအပထား အကြွေးယူလို့ရတာ အကုန်ယူပြီး သားလေး ထမင်းချိုင့်မှာ သူများတကာနဲ့ယှဉ်ရင် မျက်နှာမငယ်ရအောင် နေ့စဉ်ဟင်းကောင်းနဲ့ ထည့်ပေးရှာပါတယ်။ ဘဝတန်ဖိုးကို နားမလည်တဲ့သူဆိုတော့ မကြာပါဘူး။ ပင်ပန်းလို့ဆိုပြီး အလုပ်ကထွက်ပစ်လိုက်တယ်။ မိဘကတော့ သားဒီအလုပ်မကြိုက်ရင်လဲ ဟိုအလုပ်လုပ်ပါလားဆိုပြီး ရှာပေးပါတယ်။ ဒါလည်း မိဘရဲ့ဘဝအခြေအနေမှန်ကို မသိတဲ့သူဆိုတော့ ကြာကြာမလုပ်ဘူး။ အလုပ်သာ လက်ကြောတင်းအောင်မလုပ်ချင်တာ သူတောင်းတဲ့ငွေမရရင်တော့ အရက်သောက်လာပြီး အိမ်တွင်းပစ္စည်းတွေကို ဟိုဟာပေါက်ခွဲ ဒီဟာပေါက်ခွဲ လုပ်သေးတာ။

နောက်ဆုံး မိန်းမပါယူလာပြီး အိမ်ပေါ်တောင်ခေါ်တင်ထားလိုက်သေးတယ်။ မိဘကတော့ 'တောင်းစုတ်ပလုံးစုတ်သာ ပစ်ရိုးထုံးစံရှိတယ်၊ သားဆိုးသမီးဆိုးကို ပစ်ရိုးထုံးစံမရှိဘူးဆိုတဲ့' ရှေးမြန်မာများရဲ့ အတွေးအခေါ်မျိုးနဲ့ တင်ကျွေးထားပါတယ်။ ဒီလိုသားသမီးမျိုးကို မပစ်ရဲသ၍တော့ ဝဋ်ရှိသလောက် မိဘတွေခံရဦးမှာပါ။ ဒါဟာ ကိုယ်မွေးထားတဲ့သားသမီးကို စနစ်တကျမချစ်တတ်တာလို့ ဆိုရမှာပါ။

စနစ်တကျခိုင်းတတ်တဲ့ မိသားစုမှာကတော့ သားနှစ်ယောက် သမီးနှစ်ယောက်ရှိတယ်။ အကြီးဆုံးကသား၊ ဒုတိယကသမီး၊ တတိယကသား၊ အငယ်ဆုံးကသမီး။ အဖေအမေတွေက ပညာတတ်တွေ မဟုတ်ကြပါဘူး။ ကုမ္ပဏီမှာ လုပ်တဲ့ သာမန်ဝန်ထမ်းတွေပါပဲ။ ဆင်းရဲပါတယ်။ တစ်လနဲ့တစ်လ အလျှင်မီအောင်၊ အကြွေးမတင်အောင် မိဘနှစ်ပါးစလုံး အပြင်အလုပ်တွေပါ တွဲဖက်ပြီး ရုန်းကန်ကြရပါတယ်။ မိဘတွေပညာရေးက ဘုန်းကြီးကျောင်း ပညာရေးလောက်ပဲ သင်ခဲ့ရတာပါ။ ဒါပေမယ့် သားသမီးကို ပြုစုပျိုးထောင်တဲ့နေရာမှာတော့ စနစ်တကျရှိလှပါတယ်။ နံနက် ၅ နာရီထိုးတာနဲ့ အားလုံးအိပ်ရာက ထရတယ်။ ကြီးစဉ်ငယ်လိုက် သောက်ရေအိုးနိုင်တဲ့အရွယ်က သောက်ရေအိုးလှယ်ရတယ်။ ထမင်းအိုးနိုင်တဲ့အရွယ်က ထမင်းအိုးဆန်ဆေးတည်ရတယ်။ တံမြက်စည်းနိုင်တဲ့သူက တံမြက်စည်းလှဲရတယ်။ ဘယ်သားသမီးမှ အလကားမနေရဘူး။ သူ့အရွယ်နဲ့သူ နိုင်တဲ့ဝန်ကို ပေးထားတယ်။

အလုပ်တွေအားလုံးပြီးရင် ကျောင်းစာတွေလုပ်ရတယ်။ ကျောင်းစာတွေပြီးမှ ကျောင်းမသွားခင်စပ်ကြားဆော့ကစားရတယ်။ ထမင်းစားရာမှာလည်း မိသားစုအားလုံး အတူတူစားရတယ်။ အလယ်မှာတည်ထားတဲ့ ဟင်းပန်းကန်ကို အဖေအမေအရင်ဆယ်ပြီးမှ ကျန်တဲ့သားသမီးတွေက ကြီးစဉ်ငယ်လိုက် ဆယ်ရတယ်။ ဟင်းကဒါအကုန်ပဲလို့ မိဘကပြောထားရင် ကိုယ်ရနိုင်တဲ့ ဝေစုလောက်ပဲ ဆယ်ရတယ်။ ပိုမဆယ်ရဘူး။ မူလတန်းအရွယ်ကလေးကိုတော့ မိဘက တစ်ခါတည်း ဝေစုခွဲဆယ်ပေးတယ်။ အဲဒီအရွယ်က ဇွန်းမကိုင်ရဘူး။ ဇွန်းကိုင်ရတဲ့ အကြီးတွေလည်း ကိုယ့်ဝေစုထက် ပိုဆယ်စားရင် ထမင်းဝိုင်းပြီးရင် အဖေလုပ်သူရဲ့ ဘဝနဲ့ချိပြီး အဆုံးအမခံရတယ်။

'တစ်ကိုယ်ကောင်းမဆန်ဖို့၊ ညီမျှတဲ့စိတ်ထားထားဖို့၊ တစ်ယောက်နဲ့တစ်ယောက် ညှာတာတဲ့စိတ်ရှိဖို့ အားလုံးအတွက် တိုင်းပြီးချက်ထားတာကို မင်းတစ်ယောက်တည်းစားလိုက်တော့ ကျန်တဲ့သူတွေက ဘာသွားစားမှာလဲ။ ဒီလိုတိုင်းချက်မှလည်း ဝင်ငွေနဲ့ထွက်ငွေ မျှမှာ၊ ဝင်ငွေနဲ့ထွက်ငွေမျှတအောင်မစားဘဲ စည်းကမ်းမရှိစားလိုက်ရင် ကျန်တဲ့ရက်တွေက ဘာသွားစားမလဲ။ အဓိကက ကိုယ့်ဘဝရဲ့ အခြေအနေကို နားလည်ရမယ်။ ဒီအိမ်ရဲ့မိသားစုဝင်ငွေ ဘယ်လောက်ရှိတယ်ဆိုတာ နားလည်ရမယ်။ ဒီအိမ်ရဲ့ ဝင်ငွေကိုလဲ ပွင့်ပွင့်လင်းလင်းပြောထားပြီးပြီပဲ။ ဝင်ငွေရှာရာမှာလည်း ကိုယ့်လုပ်အားရဲ့ တန်ရာတန်ကြေးမဟုတ်ဘဲ အချောင်ရလာတဲ့ငွေကို မမက်မောစေချင်ဘူး။ သူများအပေါ် ကလိန်ကကျစ်ကျပြီး ရှာလာတဲ့ငွေကို တချို့က လူရည်လည်တယ်လို့ အလွဲဂုဏ်ယူတတ်ကြတယ်။ ရိုးသားတဲ့စိတ်ကိုပဲ ဂုဏ်ယူစေချင်တယ်။ စိတ်ရင်းကောင်းတာကိုပဲ ဂုဏ်ယူစေချင်တယ်။ မှန်ကန်တဲ့အတွေးအခေါ်မျိုး တွေးတတ်စေချင်တယ်။ မှန်တဲ့ဘက်ကအမြဲရပ်တည်ဝံ့တဲ့ သားသမီးတစ်ယောက် ဖြစ်စေချင်တယ်။ လူရည်လည်တယ်ဆိုတာထက် ဗဟုသုတပြည့်စုံတဲ့ ရိုးသားသူတစ်ယောက် ဖြစ်စေချင်တယ်။ မိဘက သားသမီးတွေအပေါ်မှာ အဲဒီလို စနစ်တကျဆုံးမတတ်တော့ သားသမီးတွေကလည်း ဘာပြီးရင်ဘာလုပ်ရမယ်ဆိုတာ ကိုယ့်တာဝန်ကို နားလည်နေကြတယ်။

ဒါပြီးရင် ဟိုဟာလုပ်ရမယ်ဆိုတာ သိနေတော့ ထမင်းစားပြီးရင်လည်း ကိုယ်စားထားတဲ့ပန်းကန်တွေကို ကိုယ့်ဟာကိုအသီးသီးဆေးရတယ်။ မိဘပန်းကန်ကိုတော့ အလှည့်ကျဆေးကူရတယ်။ နောက်ဆုံး စနစ်ကျအောင်ခိုင်းတတ်တဲ့ မိဘတွေရဲ့ သားသမီးတွေဟာ ကိုယ့်ဘဝကို အနည်းဆုံး အလယ်အလတ်အဆင့်မှာ ရပ်တည်နိုင်ကြပြီး မိဘတွေကိုလည်း မကြောင့်မကြ ခေါ်ထားနိုင်ကြပါတယ်။ ဒါဟာ သားသမီးကိုဆုံးမရာမှာ စနစ်တကျချစ်တတ်၊ စနစ်တကျ ပြုစုပျိုးထောင်တတ်တဲ့ အကျိုးကျေးဇူးတွေပါ။

ဒါပေမဲ့ အခုလက်ရှိမှာတော့ မိဘတွေအတွက် သားသမီးကို ပြုစုပျိုးထောင်ရာမှာ ကိုယ့်ပတ်ဝန်းကျင်မှာ ရိုးသားဂုဏ်နဲ့ ကြီးပွားလာတဲ့သူလို့ လက်ညှိုးညွှန်ပြ စံထားစရာ နည်းပါးလှတာ၊ ပညာတတ်တစ်ယောက်ဖြစ်လာတဲ့ လူငယ်တွေရဲ့ ရိုးသားတဲ့အနာဂတ်တွေ ပျောက်နေတာဟာ ဝမ်းနည်းစရာကောင်းလှပါတယ်။ အာဏာရှင်စနစ်ဆိုးကြီးရဲ့ ပယောဂကြောင့် တချို့သောလူငယ်တွေဟာ အာဏာပိုင်တွေနဲ့ ပူးပေါင်းပြီး ခရိုနီဘဝခံယူတာကမှ မြန်မြန်စီးပွားဖြစ်လာတာကို မြင်တွေ့နေရတော့ စီးပွားရေးဘက်မှာ ရေသာခိုအချောင်ရတဲ့ နည်းလမ်းတွေဘက်ကိုပဲ အားကျနေကြတာ တွေ့နေရပါသေးတယ်။ အကြံအဖန်ဆိုတဲ့ စကားလုံးကို ရှက်ရမှန်းမသိ အားကျနေကြပါသေးတယ်။ အဂတိတရားလေးပါးနဲ့ ရှာဖွေထားတဲ့စည်းစိမ်ဥစ္စာတွေနဲ့ ထင်ပေါ်ကျော်ကြားလာတာကိုလည်း ရှက်စရာလို့ မမြင်တော့ဘဲ ဒီလိုလူမျိုးတွေကိုပဲ နေရာကောင်းရတယ်၊ လူရည်လည်တယ်လို့ ထင်မှတ်မှားနေကြပါသေးတယ်။

လူငယ်မျိုးဆက်သစ်တွေ စာရိတ္တတွေ ပျက်ပြားကုန်အောင် နှစ်ငါးဆယ်ကျော်လောက် အာဏာကိုရယူထားတဲ့ အာဏာရှင်များနဲ့ တစ်ကိုယ်ကောင်းဆန် အတ္တသမား ခရိုနီလက်တစ်ဆုပ်စာရဲ့ နိုင်ငံ့စီးပွားရေးတစ်ခုလုံးကို လက်ဝါးကြီးအုပ်ပုံဖော်ထားမှုကြောင့်လည်း လူငယ်တချို့ စာရိတ္တတွေ ပျက်ပြားလာရတာပါ။ ဒါတွေကို ကျော်လွှားဖို့အတွက် စည်းစနစ်ကျတဲ့ ထိန်းကျောင်းမှုတွေနဲ့ မိဘနေရာမှာရှိနေတဲ့ NLD အစိုးရသစ်က အချိန်ယူ၍ ပဲ့ပြင်ဆုံးမရမှာ ဖြစ်ကြောင်း။ ။

> ကိုယ့်သားသမီးကို ပြုစုပျိုးထောင်ရာမှာတော့ မိဘအများစုဟာ ကိုယ့်သားသမီးကို မခိုင်းရက်၊ မပြုရက်၊ မရိုက်ရက်နဲ့ ရေသာခိုအချောင်လိုက်စိတ်တွေဖြစ်ပေါ်စေတဲ့ 'ကျွန်' စိတ်ဖြစ်အောင်ပဲ အချစ်လွန်တတ်ကြပါတယ်။ 'ကျွန်' စိတ်ဆိုတာက တာဝန်ယူမှု၊ တာဝန်ခံမှုမရှိဘဲ. . .

# နှမ်းစိုက်ပျိုးအောင်မြင်သည့်နေရာများသို့ ပျားမွေးမြူရေးပုံးများထားခြင်းဖြင့် ပျားလုပ်ငန်းအဆင်ပြေ

မန္တလေး ဇွန် ၁၂

ပျားပုံးများကို ပန်းပေါသည့်နေရာများသို့ ရွှေ့ပြောင်းချပေးကာ ပျားရည်ရရှိအောင် ပြုလုပ်ကြရသည်။ အဓိကအားဖြင့် ပန်းပေါသော တောင်ကြီး၊ ပြင်ဦးလွင်၊ ထီးချိုင့်တို့တွင် သွားရောက်ရသည်လည်း ရှိသည်။ အညာဒေသတွင်မူ ပျော်ဘွယ်၊ ရမည်းသင်း၊ မန္တလေး၊ စဉ့်ကိုင်၊ ကျောက်ဆည်နယ်တို့တွင် ပျားပုံးများချပေးထားရသည်။ ယခုအခါ အမရပူရမြို့နယ်နှင့် စဉ့်ကိုင်မြို့နယ် နှမ်းများကောင်းသည့်နေရာများတွင် ပျားပုံးများ ချထားလျက်ရှိသည်။

ပျားမွေးမြူရေးလုပ်ငန်းသည် အရင်းကြီးသလိုပင် အနုစိတ်ရသောလုပ်ငန်းပင်ဖြစ်သည်။ ပျားအကောင်တစ်ရာ၏ အဆိပ်သည် မြွေတစ်ကောင်၏အဆိပ်နီးပါး ပြင်းသည်ဟု ဆိုသည်။ အများစုမှာ ပန်းမပေါသည့်မတ်လမှစကာ ပန်းမပေါသည့်ကာလများတွင် သကြားကျွေးကာ မွေးမြူကြရသည်။ ဝါဆိုလလောက်မှစကာ သကြားကျွေးမှုရပ်ပြီး ပန်းဝတ်ရည်ကို စုပ်ယူစေကာ တော်သလင်းလလောက်အရောက်တွင် ပျားရည်ထုတ်ယူလေ့ရှိသည်။ ပျားရည်သည် တစ်လလျှင်နှစ်ကြိမ် သုံးကြိမ်ခန့် ထုတ်ယူပြီး ပျားပုံး ၂၅ ပုံးတွင် လေးကြိမ်အထိ ပျားရည်ထုတ်ယူပါက တစ်ပီပါအထိရနိုင်သည်။

ပျားရည်သည် ဆေးဖက်ဝင်ပြီး အထူးသဖြင့် ပန်းသုံးဆင့်ပျားနှင့် နေကြာပျားတို့သည် ဆေးဖက်ပိုဝင်သည်။ လက်ရှိကာလတွင် နောက်ဆုံးပေါ်နည်းပညာသစ်များနှင့် မွေးမြူခြင်းများလည်း ပြုလုပ်လာသည်။ နိုင်ငံခြားဝင်ငွေကိုဖော်ဆောင်ပေးသော ပျားမွေးမြူရေးလုပ်ငန်းသည် စိတ်ဝင်စားစရာကောင်းသလို စိုက်ပျိုးရေးလုပ်ငန်းတွင်လည်း ဝတ်မှုံကူးပေးသည့်အတွက် တောင်သူများအတွက် အဆင်ပြေကြောင်း သိရသည်။




ပျားမွေးမြူရေးလုပ်ငန်းသည် နိုင်ငံခြားဝင်ငွေရရှိအောင် စွမ်းဆောင်ပေးသည့်လုပ်ငန်းပင်ဖြစ်သည်။ ယခင်ခေတ်အခါက ကျေးရွာများတွင် ပျားရှာသူ၊ ပျားဖွတ်သူများရှိကြသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသောကာလတွင် ပျားကို စီးပွားဖြစ်မွေးမြူလာကြသည်။ ပျားမွေးမြူရာတွင်ပျားအိမ်၊ ပျားသေတ္တာများဖြင့် မွေးမြူကြပြီး စိတ်ဝင်စားစရာကောင်းလှသည်။

ပျားတစ်ပုံးတွင် ဖရိန်ဟုခေါ်သော ပျားသလက်ရှစ်ချပ်ပါရှိသည်။ ပျားဥပျားကောင်စုစုပေါင်း တစ်သိန်းမျှဖြင့် ပျားပုံးတစ်ပုံးကို လည်ပတ်ကြရသည်။ ပျားပုံးထဲတွင် ပျားထီးပျားဘုရင်မ၊ လုပ်သားပျားနှင့် သက်ကြီးပျားတို့ပါဝင်ကြသည်။ ပျားထီးသည် မိတ်လိုက်ပြီး သေသွားတတ်သည်။ လုပ်သားပျား၏သက်တမ်းမှာ တစ်လခန့်ရှိပြီး ပျားဘုရင်မ၏သက်တမ်းမှာ ခုနှစ်နှစ်အထိရှိသည်ဟု သိရသည်။

တိမ်တမန်

# စိုက်ပျိုးရေးနှင့် မွေးမြူရေး ပညာပေးသင်တန်းများ ဖွင့်လှစ်

သရက်ချောင်း ဇွန် ၁၂

ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်သည့် စော်ဖျားကျေးရွာအုပ်စု စော်ဖျားကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဇွန် ၉ ရက် နံနက်ပိုင်းက စိုက်ပျိုးရေးနှင့်မွေးမြူရေးပညာပေးသင်တန်းကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ထားဝယ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေသိန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုးတို့က သင်တန်းဖွင့်လှစ်ပေးရခြင်းနှင့်ပတ်သက်ပြီး အဖွင့်မိန့်ခွန်းပြောကြားရာတွင် အစိုးရသစ် ရက် ၁၀၀ ကာလအတွင်း အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးခဲ့သည့် သင်တန်းဖြစ်ကြောင်း၊ ဤသင်တန်းကို စိတ်ပါဝင်စားစွာဖြင့် တက်ရောက်လာကြသည့် သင်တန်းသား၊ သင်တန်းသူများအနေဖြင့် စိတ်ရှည်လက်ရှည်ဖြင့် သင်ယူကြရန်လိုကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ယနေ့ဖွင့်လှစ်သည့် စိုက်ပျိုးမွေးမြူရေးသင်တန်းသည် သရက်ချောင်းမြို့နယ်အတွင်း နှစ်ကြိမ်မြောက်ဖွင့်လှစ်နိုင်ခဲ့သည့် သင်တန်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

သင်တန်းကို ရက်တိုခြောက်ရက်ကြာ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး သင်တန်းကာလအတွင်း သင်တန်းသားတစ်ဦးလျှင် နေ့တွက်စရိတ်ငွေကျပ် ၁၅၀၀ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ဝင်း(ပြန်/ဆက်)

# ပရဟိတလုပ်ငန်းနှင့် ပရဟိတစိတ်

ဓ ကိုကိုညိမ်း(ကောလင်း)

ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လူငယ်ထုပါဝင်သော အဖွဲ့အစည်းအသီးသီးက ပရဟိတကို ဖောင်းပေးဆောင်ရွက်လာကြသည်။ အရောင်အသွေးမပါသော အဖြူထည် ပရဟိတလုပ်ငန်းများက နိုင်ငံတော်၏ ဖြတ်သန်းကျော်လွှားခဲ့ရသော ၂၀၀၈ ခုနှစ် နာဂစ်လေမုန်တိုင်းဘေး၊ ၂၀၁၅ ခုနှစ် ရေကြီးရေလျှံဘေးများတွင် အလွှာစုံမှလူငယ်များ၊ အနုပညာ၊ စာပေ၊ သဘင်၊ ဂီတ၊ ရုပ်ရှင်ပညာရှင်များ၊ လူမှုရေးအသင်းအဖွဲ့မှ တာဝန်ရှိသူများက ငွေကြေး၊ ပစ္စည်းမျိုးစုံကို ထောက်ပံ့ကူညီခဲ့ကြသည်။ အရေးကြုံလျှင် သက်လုံကောင်းခဲ့ကြသည်။

ပရဟိတလုပ်ငန်းကို အောင်မြင်ပေါက်မြောက်လိုလျှင် ပါဝင်ဆောင်ရွက်ကြသူများအနေဖြင့် 'စိတ်ထားဖြူစင်မြင့်မြတ်ဖို့ လိုသည်။ ကိုယ်ကျင့်သီလနှင့်ပြည့်စုံဖို့လိုသည်။ အယောင်ဆောင်မဖြစ်ဖို့လိုသည်။ အခြေခံအမြင်ရှိဖို့လိုသည်' ဟူ၍ ဗုဒ္ဓစာပေပြုစုသူ ဆရာကြီး ဦးရွှေအောင်က ညွှန်းဆိုခဲ့သည်။

ပရဟိတအလုပ်သည် လုပ်ဆောင်သူက မိမိပတ်ဝန်းကျင်၊ မိမိတာဝန်ယူရသော နယ်ပယ်အသိုင်းအဝိုင်းမှာ ချစ်သည် မုန်းသည် မခွဲခြားဘဲ တန်းတူဆောင်ရွက်နိုင်ဖို့လိုသည်။ လောကအကျိုးအတွက် ရှေ့တန်းတင် လုပ်ဆောင်ရသော ပရဟိတနှင့်အတူ မိမိကိုယ်ကျိုးအတွက် ရှေ့တန်းတင် ဟန်ပြဆောင်ရွက်ရသော ပရဟိတဟူ၍ ပရဟိတလုပ်ငန်းခွင်တွင် အနေအထားနှစ်မျိုးတွေ့နိုင်သည်။

ပရဟိတလုပ်ငန်းခွင်ဖြစ်သော်လည်း မိမိ၏အကျိုးစီးပွားရလိုမှု၊ လူအများအထင်ကြီးခံလိုမှု၊ လူတောတိုးပြီး လူရာဝင်လိုမှုကြောင့် ပြုလုပ်နေသော ပရဟိတက တစ်နေ့နေ့ တစ်ချိန်ချိန်တွင် အရောင်မှေးမှိန်ပြီး ကွယ်ပျောက်သွားနိုင်ပါသည်။

တစ်ခါက ဂျာနယ်တစ်ခု၏ တစ်ကွက်ကာတွန်းလေးကိုဖတ်၍ မှတ်မှတ်သားသားပြုမိသည်။ ကာတွန်းရေးဆွဲသူကို မရည်ညွှန်းလို၍ အမည်ကို မဖော်ပြလိုသော်လည်း အကြောင်းအရာကိုဦးတည်၍ ပြောလိုပါသည်။

လူနှစ်ယောက် စကားပြောဆိုဟန်တွင် ပထမလူက 'မင်းဘာလုပ်နေတာလဲ' ဟူ၍ မေးရာ အမေးခံရသူက 'ပရဟိတလုပ်နေတာလေ'ဟူ၍ ဖြေဆိုသည်။ ထို့နောက် ပထမလူက 'မင်းရဲ့ စီးပွားရေးအလုပ်ကိုမေးနေတာ' ဟူ၍ ထပ်မံမေးရာ အမေးခံရသူ ဒုတိယလူက 'ငါ့စီးပွားရေးက ပရဟိတအလုပ်ပဲ' ဟူသတည်း။

မြို့တိုင်း ရပ်ကွက်တိုင်းတွင် ပရဟိတအလုပ်ကို စီးပွားရေးဆန်ဆန် ဈေးတွက်တွက်ပြီး လုပ်ကြသော ပရဟိတစုန်းပြုူးအမည်ခံပရဟိတလည်းရှိသည်။ မည်သို့ပင်ဆိုစေ အခြားမူးယစ်ဆေးဝါး၊ အရက်၊ ကွမ်း၊ ဆေးလိပ်မျက်နှာစာထက်စာလျှင် ပရဟိတလုပ်ငန်းတွင် လူငယ်များလုပ်ချင်ကိုင်ချင်စိတ်ရှိလာသည်ကို ကြိုဆိုကြရပါမည်။

လုပ်ငန်း၏ မူလတည်ဆောက်မှုအခြေခံကိုယ်တိုင်က မှန်မြတ်သော်လည်း လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ကြသူများက စိတ်ထားမမှန်လျှင် အကျိုးရှိသင့်သလောက်ရှိမည်မဟုတ်ပါ။

ပရဟိတလုပ်ငန်း၏သဘာဝက စုပေါင်းလုပ်ဆောင်ရသော အလုပ်သာဖြစ်သည်။ တစ်ဦးကောင်း တစ်ယောက်ကောင်း ဦးစီး၍မရ။ အများနှင့် သာတူညီမျှလုပ်နိုင်မှပြီးမြောက်မည်။ အခွန့်ရှည်မည်။ ခိုင်မြဲမည်။ ငါတစ်ယောက်တည်း၊ ငါတစ်ဦးတည်း အမည်ရရှိရေး၊ ငါကောင်းစားရေး၊ ငါစွဲဝါဒဖြင့် ငါကို ရှေ့တန်းတင်၍မရပါ။

ငါတကောကောပြီး ငါကိုသာရှေ့တန်းတင်သော ပရဟိတအလုပ်က ပျက်စီးလွယ်သည်။ အရှည်မတည်တံ့နိုင်ပါ။ အများ၏စိတ်ဆန္ဒ၊ အများ၏ သဘောထားအတိုင်းသာ ပြုမူလုပ်ဆောင်ရမည်ဖြစ်ပြီး အများ၏ပူးပေါင်းမှုမပါဝင်သောအလုပ်၊ အသင်းအဖွဲ့၊ အစုအဖွဲ့၊ အလွှာတစ်ခုသည် ကြာရှည်မတည်တံ့နိုင်ပါ။ ဖြစ်လွယ်ပျက်လွယ်သောသဘောကိုသာ ဆောင်ပါမည်။

အသင်းအဖွဲ့တစ်ခုကညီမှ ညွတ်မည်။ စည်းမှ လုံးသည်။ ပူးပေါင်းမှ အောင်မြင်မည်။ ချမ်းသာမှ ပြည့်စုံမည်။ လူသားတို့ဖြင့် စုစည်းပေါင်းစပ်ဖွဲ့စည်းထားသော အလွှာတစ်ခု၊ အသင်းအဖွဲ့တစ်ခုတွင် ပူးပေါင်းပါဝင်ကြသူချည်း နားလည်ခွင့်လွှတ်ဖို့လိုသည်။ ခေါင်းဆောင်စိတ်ထားနိုင်ရမည်။ အစွမ်းအစများက တစ်ဦးချင်းစီတွင် မှီခိုနေကြရာ မိမိတို့၏ ပင်ကိုအစွမ်းအစများကို တစ်ဦးချင်းက ပူးပေါင်းဆောင်ရွက်နိုင်ဖို့လိုသည်။

မွေးရာပါ လူတိုင်းတွင်ရှိသော အစွမ်းအစ အရည်အသွေးဖြင့် အမျိုးသားအကျိုးကို ရွက်ဆောင်ကြရာတွင် မာန်မာနမရှိဖို့လိုသည်။ ဖြူစင်နှလုံးသားရှိရမည်။ အများအကျိုးဆောင်ရွက်ရာတွင် အပြစ်တင်ဝေဖန်မှုကို ခံနိုင်ရမည်။ အသင်းအဖွဲ့တွင် နေရာသည် အဓိကမဟုတ်။ လုပ်ပိုင်ခွင့်သည် အဓိကမဟုတ်။ အလုပ်လုပ်နိုင်ခြင်းကသာ အဓိကဖြစ်သည်။ အဖွဲ့အစည်းတွင် နေရာသည် အဓိကမဟုတ်။ အလုပ် လုပ်ပြနိုင်ခြင်းကသာ အဓိကဖြစ်သည်။

သာမှု၊ နာမှုအလုပ်များတွင် မိမိ၏စွမ်းအားဖြင့် ရှုပ်ရှုပ်ချွံချွံလုပ်ပြနိုင်ခြင်း၊ ကျရာ အလုပ်ကို ပြီးစီးအောင် အချိန်ပိုင်းအတွင်းဆောင်ရွက်နိုင်ခြင်းက ခေါင်းဆောင်ကောင်း ဖြစ်လာမည့် နောက်လိုက်တို့ရှိသင့်သော အရည်အချင်းပင်ဖြစ်သည်။

အသင်းအဖွဲ့ဝင်တစ်ဦး၏ အခြေခံစိတ်ထားမှာ ခေါင်းဆောင်ဖြစ်ရေးက အဓိကမဟုတ်။ နောက်လိုက်ဘဝဖြင့် ရိုကျိုးစွာဆောင်ရွက်ပြနိုင်ခြင်းကသာ ပဓာနအလုပ်ဖြစ်သည်။ ပရဟိတလုပ်ချင်စိတ်ဖြင့်သာ မေတ္တာကိုစွဲကိုင်၍ လူမှုရေးမျက်နှာစာတွင် ရပ်တည်သင့်ပါသည်။

ခေါင်းဆောင်လုပ်ရမှု၊ ရာထူးနေရာဌာနရှိမှု၊ ဦးစီးဦးရွက်ပြုရမှု၊ ငွေကြေးကိုင်တွယ် သုံးရမှု အသင်းအဖွဲ့ဝင် ပါဝင်ပူးပေါင်းချင်သည်။ နေရာမရှိ၊ ရာထူးဌာန ဦးစီးဦးရွက်မပြုရ၊ ငွေကြေးမကိုင်တွယ် မစီမံရပါက အသင်းမဝင်ချင်၊ မပူးပေါင်းချင်၍ မဖြစ်စကောင်းပါ။ ယနေ့သူတစ်ပါးဖိနပ်ကိုင်နေခြင်းက တစ်နေ့နေ့ တစ်ချိန်ချိန် ကိုယ့်ကို ထီးမိုးပေးသူပေါ်လာဖို့သာဖြစ်သည်။

ပရဟိတသည် အသင်း၏အလုပ်ကို တန်းတူညီမျှပူပေါင်းဆောင်ရွက်ခြင်း၊ မိမိနိုင်ရာပိုင်ရာဝင်၍ ဆောင်ရွက်ခြင်းသာဖြစ်သည်။ ဂုဏ်မလို။ ရာထူးမလို။ ငွေကြေးမလို။ အဆောင်အယောင်မလို။ နေရာမလို။ ပရဟိတလုပ်ဆောင်ခြင်းသည် အချစ်ခံဖို့မဟုတ်ပါ။ လူသားတို့ကပေးသောမေတ္တာအဆီအနှစ်ကျန်ဖို့သာဖြစ်သည်။

ပရဟိတလုပ်ဆောင်သူသည် တစ်ပါးသူအပေါ် မေတ္တာဖြန့်ဝေနိုင်အောင် စိတ်ပိုင်းဆိုင်ရာမှ လေ့ကျင့်ပြုစုပျိုးထောင်ပေးနေခြင်းသာဖြစ်သည်။ အတ္တကိုဖယ်ခွာ၍ ပရကိုချဉ်းကပ်နည်းပင်ဖြစ်သည်။ အခြေခံ သူတော်ကောင်းကျင့်စဉ်များကို ကျင့်ယူနေခြင်းသာဖြစ်သည်။

နိုင်ငံတော်တွင် မကြာခဏရင်ဆိုင်ကြုံတွေ့နေရသော မီးဘေး၊ ရေဘေး၊ လေဘေးနှင့် မြေငလျင်ဘေးများကို သတင်းမီဒီယာက သတင်းထုတ်ပြန်လျှင် ပရဟိတလူငယ်အသင်းအဖွဲ့များက နေ့ညမဆိုင်း သွားရောက်ကူညီကြသည်။ စားစရာ၊ သောက်စရာ၊ ဝတ်စရာများ ထောက်ပံ့ကူညီကြသည်။ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှလည်း မိမိလက်ဝယ် ချမှတ်စုဆောင်းထားသောရန်ပုံငွေဖြင့် ကူညီဆောင်ရွက်ကြသည်။

ရာသီဥတုဖောက်ပြန်မှု၊ အယ်နီညိုအပူလှိုင်းဖြတ်သန်းမှု၊ လာနီညာလှိုင်းကျော်ဖြတ်မှုများကြောင့် ဒေသခံကျေးလက်ပြည်သူများ၊ တောင်သူများ၏ အဓိက လယ်ယာသုံး ခိုင်းနွား၊ ခိုင်းကျွဲများ သေဆုံးကြရသည်။ ဆုံးရှုံးခံရသော ကျေးလက်တောင်သူများအတွက် ပရဟိတ အဖွဲ့က နွားတစ်ကောင်သေဆုံးလျှင် ငွေကျပ် တစ်ဆယ်သိန်းစီ ပေးအပ်လှူဒါန်းသော မုဒိတာပွားဖွယ်သတင်းကိုလည်းဖတ်ရသည်။ မှတ်ရသည်။ သာဓုအကြိမ်ကြိမ် ခေါ်ရသည်။

ပရဟိတလုပ်ငန်း ဘောင်အတွင်းတွင် အစဉ်အလာကောင်းများရှိသည်။ 'အလှူရေစက် လက်နှင့်မကွာ လှူဒါန်းခြင်းဖြင့် သံသရာ၏ အကောင်းမြတ်ဆုံး၊ အမွန်ရည်ဆုံး အလုပ်များကို လုပ်ဆောင်နိုင်မည်' ဟူ၍ ကံကံ၏အကြောင်းတရားကိုယုံကြည်ကြသော ထေရဝါဒဗုဒ္ဓမြတ်စွာ၏ သာသနာ့ထီးတော်ရိပ်အောက်မှ မြန်မာတိုင်းရင်းသားတိုင်းက ခံယူနားလည်ထားပြီးဖြစ်သည်။

အတိတ်ကံကောင်း၍ ပစ္စုပ္ပန်ကံကောင်းခြင်းကို ဆက်လက်၍ အနာဂတ်သံသရာဘဝတစ်လျှောက်လုံး ကံကောင်းသူများဖြစ်စေရန် မိမိဘဝ၏အထုံပါရမီကို ဖြည့်ဆည်းကြသည်။ ဒါနခန်း၊ သီလခန်းများတွင် ထဲထဲဝင်ဝင် ဆောင်ရွက်ခြင်းဖြင့် လူဖြစ်ရကျိုးနပ်အောင် ရည်ရွယ်၍ အလှူဒါနပြုကြသည်။

ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုငဲ့ညှာသနားတတ်သော မြန်မာတို့၏ မိရိုးဖလာ ယုံကြည်ကိုးစားမှုက သဘာဝဘေးကြောင့် ဒုက္ခပင်လယ်ဝေ၍ စားရမဲ့၊ သောက်ရမဲ့၊ နေထိုင်ရာနတ္ထိဖြစ်နေကြသော သဘာဝဘေးဒုက္ခသည်များကို ထဲထဲဝင်ဝင်ထိတွေ့ပြီး လက်တွဲခေါ်ကြသည်မှာ ပရဟိတစိတ်ဖြစ်သည်။ နိမ့်ပါးနေသူကို အမြင့်သို့ ဆွဲတင်ခေါ်ခြင်းမှာ ပရဟိတစိတ်ပင်ဖြစ်သည်။ အားနွဲ့သူကို ကူညီဖေးမခြင်းမှာ ပရဟိတစိတ်ဖြစ်သည်။ ပိုမိုများပြား ပြည့်စုံနေသူက ချို့တဲ့နွမ်းပါးသူများကို မျှဝေပေးခြင်းမှာ ပရဟိတစိတ်ဖြစ်သည်။

ပရဟိတလုပ်ငန်း၏သဘာဝက စုပေါင်းလုပ်ဆောင်ရသောအလုပ်သာ ဖြစ်သည်။ တစ်ဦးကောင်း တစ်ယောက်ကောင်းဦးစီး၍မရ။ အများနှင့်သာတူညီမျှ လုပ်နိုင်မှ ပြီးမြောက်မည်။ အခွန့်ရှည်မည်။ ခိုင်မြဲမည်။ ငါတစ်ယောက်တည်း၊ ငါတစ်ဦးတည်းအမည်ရရှိရေး၊ ငါကောင်းစားရေး၊ ငါစွဲဝါဒဖြင့်ငါကို ရှေ့တန်းတင်၍မရပါ. . . . .

## နေရာတိုင်းမှာ 'မျှဝေပေးခြင်း' အစီအစဉ်များဖြင့် မြန်မာမှုနယ်ပယ်တွင် ဖောင်းပေးဆောင်ရွက်နေမှု၊ နိမ့်ပါးယုတ်လျော့သူများကို မိမိတို့နှင့် ကြမ်းတစ်ပြေးတည်း၊ မျဉ်းတစ်ကြောင်းတည်း အတူနေထိုင်ပိုင်ခွင့်. . .

နေရာတိုင်းမှာ 'မျှဝေပေးခြင်း'အစီအစဉ်များဖြင့် မြန်မာမှုနယ်ပယ်တွင် ဖောင်းပေးဆောင်ရွက်နေမှု၊ နိမ့်ပါးယုတ်လျော့သူများကို မိမိတို့နှင့် ကြမ်းတစ်ပြေးတည်း၊ မျဉ်းတစ်ကြောင်းတည်း အတူနေထိုင်ပိုင်ခွင့်ရအောင် ဆောင်ရွက်ခြင်းမှာ မွန်ရည်ကောင်းမြတ်သော မြန်မာတို့၏ပင်ကိုယ်စိတ်နေသဘောထားပင်ဖြစ်သည်။

'ပြိုင်တူတွန်းလျှင်ရွှေနိုင်ပါသည်'ဆိုသည့် အသိစိတ်ဓာတ် မနေ့ာခံရှိကြသော မြန်မာတို့အတွက် 'ဝိုင်းကြစို့ ဝန်းကြစို့'ဟူ၍ ဗျိုးတစ်ခါဟစ်လိုက်ရုံဖြင့် နောက်မှ လူစုံတက်စုံပါဝင်လာသည်။ စုပေါင်း၍ ရွက်ကုန်လွှင့်ခဲ့ကြသည်။ ရပ်အကျိုး၊ ရွာအကျိုး၊ မြို့အကျိုးကို ရှေ့ဆုံးကထွက်၍ လုပ်အားပြခဲ့ကြသည်။

သဘာဝဘေးအန္တရာယ်ကျရောက်ပြီဟူ၍ အချိန်နှင့်တပြေးညီ သတင်းရရခြင်း ပရဟိတလူငယ်များ ခြေချပြီးဖြစ်သည်။ ခိုကိုးရာမဲ့ တွယ်ရာမဲ့ဘဝမှ လူသားတို့အား လက်ချင်းချိတ်ဆက်၍ တွဲခေါ်သည်။ ဆုံးရှုံးနေမှု ရုပ်ဒြပ်ဝတ္ထုပစ္စည်းများကို ဖယ်ရှားရှင်းလင်းပေးသည်။ ဒဏ်ရာရလူနာများကို ဆေးဝါးကုသပေးသည်။ သားကွဲ၊ သမီးကွဲ၊ မိဝေးဖဝေးများကို မေတ္တာရေကြည်တစ်ပေါက်တိုက်ကျွေးပြီး ပေါင်းစပ်ညှိနှိုင်းပေးသည်။

သဘာဝပတ်ဝန်းကျင် ပကတိအနေအထားရောက်အောင် အတတ်နိုင်ဆုံး ကူညီသည်။ ရင်ဆိုင်ကြုံတွေ့နေရသော လူသားတို့၏ ကျန်းမာရေး၊ ပညာရေး ပြန်လည်နာလန်ထူလာအောင် လက်တွဲခေါ်သည်။ ပကတိအနေအထားရောက်အောင် တွန်းပို့သည်။ ပြန်လည်ထူထောင်ရေးကို ဖော်ဆောင်သည်။ မီးဘေးသင့်ဒုက္ခသည်များရှိရာ မီးလောင်ပြင်နယ်နိမိတ်ဝယ် မီးစက်ကွင်းလှိုင်းထဲမှ လူသားတို့ကို ကယ်ဆယ်သည်။ သေမည့်ဆဲဆဲ ဒုက္ခသည်များကိုခေါ်ဆောင်ဖေးမသည်။ ထမ်းပို့သည်။ နေရာချထားပေးသည်။

ရေဘေးသင့်ဒုက္ခသည်များထံ အရောက်သွားပြီး ပြန်လည်ထူထောင်ရေးမျက်နှာစာဖွင့်သည်။ ရေကြီးနစ်မြုပ်မှု၏ ဘေးထွက်ဆိုးကျိုးများကို ကယ်ဆယ်သည်။ အစားအသောက်၊ အဝတ်အထည်များကို စေတနာရှင် အလှူရှင်များထံမှ ရအောင်ယူပြီး ပေါင်းစပ်ဆက်သွယ်ပေးသည်။ အလှူရှင်နှင့် အလှူခံပုဂ္ဂိုလ်ကြား ဆက်သွယ် ပေါင်းကူးပေးသည်။

ရေရှားရာဒေသများသို့ သွားရောက်၍ ကျေးရွာအရောက် ရေသန့်ဘူးများ ဝေမျှခြင်းဖြင့် ရေအကျိုးဆယ်ပါး အပြည့်အဝခံယူသည်။ သတ္တုကြောပြည့်နှက်နေသော ဒေသ၏ ရေရှားပါးမှုအတွက် ပေ ၅၀၀၊ ပေ ၁၀၀၀ ခန့်နက်သော အဝီစိရေတွင်းများဖြင့် တူးဖော်၍ ရေကို ဖြည့်စွမ်းသည်။ ရွှေကိုမလို၊ ငွေကိုမလို၊ ရေကိုသာ လိုနေကြသော တိုင်းရင်းသားပြည်သူ သွေးချင်းသားချင်းများ၏ ပါးစပ်ပေါက်သို့ ရေအရောက်ပို့ပေးသည်။ ရေတွင်း ရေကန် ရေလှောင်တမံများတည် ဆောက်၍ ရေဖြည့်အားကို မြင့်မားစေခဲ့သည်။ ရေဘောက်ဆာကားများ၊ ရေသန့်ဘူးသယ်မော်တော်ယာဉ်များဖြင့် ရေကြည်တစ်ပေါက်ကို ပါးစပ်အရောက်ပို့ပေးသည်။

မြန်မာနိုင်ငံတွင် လူမှုကယ်ဆယ်ရေးမျက်နှာစာ၊ ပရဟိတမျက်နှာစာများတွင် အတ္တကိုဖယ်ခွာ၍ ပရကိုချစ်မြတ်နိုးကြသော လူသားဆန်သည့် လူသားများစွာက အသင်းအဖွဲ့၊ အစုအဖွဲ့၊ အလွှာမျိုးစုံတွင် တက်ကြွစွာပါဝင်လုပ်ဆောင်မှုဖြင့် အဆင့်နိမ့်ကျနေရသော ကြွေးသံသရာမှ လွတ်မြောက်အောင် မြန်မာပြည်သားများကို လူနေမှုတစ်ဆင့် မြှင့်ပေးခြင်းသာဖြစ်သည်။

ကမ္ဘာကလည်း ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သော မြန်မာပြည်ရှိ ၅၃ သန်းသောလူထုအတွက် နိုင်ငံတကာပရဟိတအဖွဲ့အစည်းများ၏အားဖြင့် ပြန်လည်ထူထောင်ရေး၊ ကယ်ဆယ်နေရာချထားရေး၊ လူသားအရင်းအမြစ်မြင့်မားရေးအတွက် တစ်ဖက်တစ်လမ်းမှ ထမ်းဆောင်နေကြသည်မှာလည်း အားရကျေနပ်ဖွယ်ပင်ဖြစ်သည်။

အသိုင်းအဝိုင်းနှင့် စုပေါင်းနေထိုင်မှု၊ စုပေါင်းစားသောက်မှု၊ စုပေါင်းဆောင်ရွက်မှုကို နှစ်သက် လိုလားသော မြန်မာတို့သည် အစုအဖွဲ့နှင့် အတူနေထိုင်ပြီး သယ်ပိုးထမ်းဆောင်လိုကြသည်။

ပရဟိတ သူတစ်ပါးအကျိုးကိုငဲ့ကြည့်ခြင်းသဘောဖြင့် အများ၏ ချို့တဲ့အားနည်းမှု၊ လိုအပ်ချက်ကို ဖြည့်စွမ်းဆောင်ရွက်ခြင်းက မင်္ဂလာတရားနှင့် လျော်ညီပါသည်။

ပရဟိတ အများအကျိုးကို သယ်ပိုးရွက်ဆောင်ခြင်းဖြင့် လောကဟိတ လူ့လောကအကျိုးကို သယ်ပိုးထမ်းဆောင်ခြင်းဖြင့် သာယာသောလောကသစ်၊ စည်ပင်ဝပြောသော နိုင်ငံသစ်ထူထောင်ရေးအတွက် 'အား' ဖြစ်ပါသည်။ အဖက်ဖက်က ယိုယွင်းပျက်စီးခဲ့သော အမိနိုင်ငံတော်အတွက် လိုနေသည်ကို ဖြည့်စွမ်းပေးရပါမည်။ ဆာနေသူကို ကျွေးမွေးရပါမည်။ နွံထဲ၌ လျှည်းဘီးကျွံနေလျှင် ဝိုင်း၍တွန်းပေးရပါမည်။

'လူသားအားလုံး၏ ကောင်းကျိုးကို ဆောင်ရွက်ခြင်းထက် ကြီးမားလွန်ကဲသော အလုပ်သည်မရှိ' (အသောကမင်းကြီးကျောက်စာ)

မြန်မာတို့၏ ရိုးရာပင်ကူညီစိတ်က ပရဟိတလုပ်ငန်းကို အရောင်လက်စေသည်။ အားနွဲ့သူ၊ အားနည်းသူကို နှစ်သိမ့်နွေးထွေးပြီး ကူညီပေးတတ်သည်က မြန်မာတို့၏ ဗီဇစိတ်ဖြစ်သည်။

ပရဟိတစိတ်ဖြင့် အကျိုးပြုလုပ်ငန်းများကို လုပ်ဆောင်ကြရာတွင် လူမျိုးစုံ၊ ဘာသာစုံ၊ အသွေးအရောင်စုံမှ လူသားအားလုံးအတွက် ဦးတည်ဆောင်ရွက်သည်။ လူမျိုးခွဲခြားမှုမရှိ။ ဘာသာခွဲခြားမှုမရှိ။ လူသားထဲမှ လူသားများအဖြစ် ထမ်းရွက်သွားရန်သာ ဦးတည်ပါသည်။

တစ်ဦးတစ်ယောက်ချင်း၏ စွမ်းဆောင်ရည်များဖြင့် တည်ဆောက်ထားရသော ပရဟိတလုပ်ငန်းနှင့် ပရဟိတစိတ်ဓာတ်ကို မျှတစွာပေါင်းစပ်နိုင်အောင် အသိဉာဏ်ရှိသော လူသားများက အကောင်အထည်ဖော်ဆောင်သင့်ပါပြီ။

### ပြင်ဆင်ဖတ်ရှုပါရန်

ဇွန် ၁၁ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၀)တွင် ဖော်ပြထားသော ဆောင်းပါး၏ ကလောင်ရှင်အမည်ကို "ဖေဒီ" ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(စာတည်း)**

# STRATEGY FIRST INSTITUTE

## Level 4 Diploma in Business

ယူကေမှ စီးပွားရေးဘွဲ့ပထမနှစ်နှင့် ညီမျှသော တစ်နှစ်အချိန်ပြည့်သင်တန်း

### တက္ကသိုလ်ဝင်တန်းအောင်ပြီးသူများနှင့် တက္ကသိုလ်တက်ရောက်နေသူများအတွက်



June Intake တန်းခွဲသစ်များ ဇွန်လ (၂၇) ရက်နေ့စမည်။

**First Semester တွင် သင်ကြားမည့်ဘာသာရပ်များ**

1. **Business Mathematics** - Monday: 9:00 am to 12:00 pm | Daw Thida Han - B.Econ (Hons), M. Econ (Stats) (YIE)
2. **Fundamental of Economics** - Tuesday: 1:00 pm to 4:00 pm - Daw Thida Myint, B.Econ (Hons), M.Econ (Eco) (YIE)
3. **Essentials of Management** - Wednesday: 9:00 am to 12:00 pm | Daw Kyawt Khin Khin Khant, Master of Business Administration (International Business Management, Payap University)
4. **Communications for Business** - Thursday: 9:00 am to 12:00 pm | Ms Carine Le Port (M. Com, Queensland)
5. **Introduction to Finance** - Friday: 9:00 am to 12:00 pm | Daw Htay Htay Myint, B. Com (Hons), M.Com (YIE)

**Second Semester တွင် သင်ကြားမည့်ဘာသာရပ်များ**

6. Principles of Marketing| 7. eBusiness| 8. Understanding Business Organisations | 9. IT Skills

■ **ဝင်ခွင့်သတ်မှတ်ချက်**

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
တက္ကသိုလ်ဝင်တန်းတွင် အင်္ဂလိပ်စာ အမှတ် (၆၀) မပြည့်ပါက IELTS band (5.5) ကို ရရှိရန် ဖြေဆိုရပါမည်။

■ **သင်တန်းကြေးနှင့် Scholarship များ**

ဘာသာရပ်အားလုံးအတွက် တစ်နှစ်စာ L4DB Tuition Fees: 2,980,000 Ks | L4DB NCC Fees - 320 GBP
သင်တန်းကြေးကို ၃ ရစ် (သို့) ၉ ရစ် ခွဲသွင်းနိုင်ပါသည်။
ဂုဏ်ထူးရဘာသာရပ် အရေအတွက်အလိုက် ၇၅% အထိ သင်တန်းကြေး သက်သာခွင့်ရှိပါသည်။

## Diploma in Business Management

( QCF level 6 - Graduate Level Diploma from the Association of Business Executives, UK )

abe Accredited Centre

1. **Corporate Strategy and Planning**
   U Aung Chit Khin, MBA (Nottingham), Dip M PG Dip M (CIM, UK) | Monday – 6:00 to 8:30 pm
2. **Managing In Organisations**
   Dr. Daw Ohnmar Myint, Ph.D (HRM, Delhi). M.Com, B.Com (Hons) | Thursday – 6:00 to 8:30 pm
3. **International Business Case Study**
   Prof. Dr. Daw Hla Myint, D.Litt (YUE), M.Com, B.Com (Hons) | Saturday – 3:00 to 5:00 pm
4. **Project Management**
   Daw Aye Aye Win, M.A (International Business, Sophia), M.Com, B.Com (Hons) | Sunday – 6:00 to 8:30 pm
5. **Strategic Marketing Management**
   Dr. U Sein Min, Ph.D (Marketing, Passau), M.Com, B.Com (Hons) | Friday – 6:00 to 8:30 pm





ဘွဲ့ရထားသူများ တက်ရောက်နိုင်သည်။ စီးပွားရေးသင်တန်းများမတက်ရောက်ဖူးပါက
Business Mgt & Administraton သင်တန်းကိုပူးတွဲတက်ရောက်ရပါမည်။
သင်တန်းကာလ ၆ လ (သို့) ၁ နှစ် အဆင်ပြေသလိုတက်ရောက်နိုင်ပါသည်။
ကျောင်းသားဟောင်းများအတွက်အထူး Discount ရှိပါသည်။

**June Intake တန်းခွဲသစ်များ ဇွန်လ (၁၇) ရက်နေ့စမည်။**

abe သင်တန်းကြေး : 1,500,000 kyats
abe သင်တန်းကြေး + BMA တစ်ဘာသာချင်းသင်တန်းကြေး : 1,800,000 kyats
abe Registration Fees: 45 USD per year , abe Exam Fees - 60 USD per subject

#8, Ground Floor, Panchan Tower,
Myaynigone, Sanchaung Tsp, Yangon

#289, Pyay Road (Near Myaynigone City Mart)
San Chaung Township, Yangon, Myanmar

**Call now: (09) 250 7171 66 ~ 68**

# STRATEGY FIRST INSTITUTE

ICM

## Single Subject Management Diplomas

**Qualifications from the Institute of Commercial Management, UK**

01. **Marketing Management** | Dr. U Sein Min, Ph.D (Marketing, Passau), M.Com, B.Com (Hons) U Aung Chit Khin, MBA (Nottingham), Dip M, Pg Dip M (CIM, UK) | Session - 2: Wed 6:00 to 8:30 pm + Sun 6:00 to 8:30 pm (တစ်ပတ်နှစ်ရက်)
02. **Sales & Sales Management** | U Soe Oo, MBA (YIE), B.Sc (Physics) | Sunday – 6:00 to 8:30 pm
03. **Business Management & Administration** | Daw Nang Shwe Yee Thein, MBA (Deakin), Session – 4: Saturday – 3:00 to 5:30 pm, Session – 5: Saturday – 6:00 to 8:30 pm Daw Khin Nwe Ohn, M.Com, B.Com (Hons, YIE) | Session – 6: Sunday – 9:00 to 12:00 pm
04. **Management of Travel and Tourism Operations** (တစ်ပတ်နှစ်ရက်) – Accelerated | Daw Thida Han, M.Econ (Stats), B.Econ (Hons, YIE) | Tuesday and Wednesday – 6:00 to 8:30 pm
05. **Financial Management** | Daw Htay Htay Myint, M.Com, B.Com (Hons, YIE) | Tuesday – 6:00 to 8:30 pm
06. **Human Resources Management** | Dr. Daw Ohnmar Myint, Ph.D (HRM, Delhi) | Friday – 6:00 to 8:30 pm
07. **Human Resource Development** | U Min Khaung, EMPA (YIE), B.Sc (Zoology), Dip in Logistics Management | Wednesday – 6:00 to 8:30 pm
08. **Logistics & Supply Chain Management** | Capt. U Aung Khin Myint, Chairman, Myanmar International Freight Forwarders Association | Thursday – 6:00 to 8:30 pm
09. **Public Services Management** | U Min Khaung, EMPA (YIE), B.Sc (Zoology), Dip in Logistics Management | Saturday – 9:00 am to 12:00 pm
10. **Project Management** | Daw Aye Aye Win, M.A (Int'l Business Studies, Sophia), M. Com, B. Com (Hons) (YIE), Dip in English | Wednesday 6:00 to 8:30 pm

အချိန်ရှားပါးပြီး မိမိကျွမ်းကျင်လိုသော ပညာရပ်တစ်ခုချင်းကိုအာရုံစိုက် လေ့လာလိုသော လုပ်ငန်းရှင်များ၊ မန်နေဂျာများ၊ အရာရှိများအတွက် ရွေးချယ်တက်ရောက်နိုင်သော (၆) လသင်တန်းများ



**June Intake တန်းခွဲသစ်များ ဇွန်လ (၁၁) ရက်နေ့စမည်။**

Marketing Management သင်တန်းကြေး : 420,000 kyats | အခြားတစ်ဘာသာချင်း သင်တန်းကြေး : 395,000 kyats for each module | ICM Registration + Exam Fees - 105 USD

CIM
The Chartered Institute of Marketing

ကမ္ဘာ့ညြဏအကြီးဆုံး ဈေးကွက်ပညာအဖွဲ့ကြီး Chartered Institute Of Marketing မှရိုးမြှင့်သော

## Diploma in Professional Marketing

**1. Strategic Marketing (Exam)**
Dr. U Sein Min, Ph.D (Passau), M.Com, B.Com (Hons) | U Oak Kyaw Za, PG Dip M (CIM,UK), MBA (Arcadia) | Friday 6:00 to 8:30pm

**2. Mastering Metrics (Assignment)**
Kim Kelvin Hong, Head of Marketing & Branding (Capital Retail) | Monday: 6:00 to 8:30 pm

**3. Digital Strategy (Portfolio)**
Ms. Eileen Lui, B.A Marketing Communications/Advertising (Charles Sturt University, Australia) | Wednesday: 6:00 to 8:30 pm



CIM Diploma in Professional Marketing သို့ တိုက်ရိုက်ဝင်ခွင့် သတ်မှတ်ချက်မှာ - IELTS Overall Band 6.5 ရရှိထားပြီးအောက်ပါအချက်များမှ အနည်းဆုံး တစ်ခုပြည့်စုံရပါမည်။

၁။ MBA တွင် Marketing နှင့် သက်ဆိုင်သော ဘာသာရပ် 60 Credit (သို့) Bachelor ဘွဲ့တွင် Marketing နှင့် သက်ဆိုင်သော ဘာသာရပ် 120 Credit ရရှိပြီးသူဖြစ်ရမည်။

၂။ ICM Single Subject Diploma in Marketing Management, ICM Single Subject Diploma in Marketing Principles (120 hrs) ရရှိထားသူ

၃။ ABE Diploma တွင် Marketing နှင့် Strategic Marketing အောင်မြင်ထားသူ

၄။ Marketing လုပ်သက် (၂) နှစ် ရှိပြီး၊ ICM မှ Marketing ဘာသာရပ်ကိုတက်ထားသူများ၊ အခြား Marketing သင်တန်းကို နာရီ (၁၂၀) အနည်းဆုံးလေ့လာထားသူများ

ဝင်ခွင့်စာမေးပွဲ (အခမဲ့) ဖြေဆိုပြီး Level 6 အဆင့်ရရှိ အောင်မြင်ပါက တက်ရောက်နိုင်ပါသည်။ IETLS မဖြေဆိုရသေးပါက Strategy First မှ အင်္ဂလိပ်စာ စာမေးပွဲကိုလည်း ဖြေဆိုရန် လိုအပ်ပါသည်။ CIM Diploma တွင်ပါဝင်သော ဘာသာရပ်များအားလုံး ပြီးဆုံးပါက UK နိုင်ငံတွင် Graduation တတ်ရောက်နိုင်ပါသည်။

Program Fees: 1,150,000 ks (၃ ဘာသာလုံးအတွက်)
CIM Exam fees:135 GBP per module+50GBP per year
Membership registration (approx. 750 USD in total)

**Professional Marketer များနှင့် MBA များ ကမ္ဘာ့အဆင့်ရင်ဘောင်တန်းနိုင်ဖို့ CIM Dip in Professional Marketing (level 6) ဇွန်လ ၁၃ ရက်နေ့တွင်စမည်။**

#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp, Yangon

#289, Pyay Road (Near Myaynigone City Mart) San Chaung Township, Yangon, Myanmar

**Call now: (09) 250 7171 66 ~ 68**

ကြော်ငြာ

## သခင်သိန်းဖေ (ဝါးခယ်မ)

ရာပြည့်မွေးနေ့ဆုတောင်း

(၉-၆-၂၀၁၆) တွင်ကျရောက်ခဲ့သော ဘဘကြီး သခင်သိန်းဖေ (ဝါးခယ်မ)၊ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)၊ ဂုဏ်ထူးဆောင်နာယက ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) ၏ အသက် (၁၀၀) ပြည့် မွေးနေ့မှ သည် အသက် (၁၂၀) တိုင်အောင် အသက်ရှည် ကျန်းမာပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဘဘကြီး၏ စေတ်အဆက်ဆက် နိုင်ငံ့အရေးဆောင်ရွက်မှုများ နှင့် ဝါးခယ်မ မြို့နယ် အသင်းအတွက် ဆောင်ရွက်မှုများအား အထူးပင်ဂုဏ်ပြုအပ်ပါသည်။

ဦးအောင်မင်းနှင့် ဇနီး
(မိသားစု)
**AMPS Co.,Ltd**

## နှစ် (၁၀၀) ပြည့်မွေးနေ့ ဆုတောင်းမေတ္တာ

အန်ကယ် ဦးသိန်းဖေ (သခင်သိန်းဖေ) ဝါးခယ်မ
နိုင်ငံ့ဂုဏ်ရည်ပထမဆင့် ၏

(၉-၆-၂၀၁၆)နေ့တွင် ကျရောက်သော နှစ် (၁၀၀)ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် သား သမီး မြေး မြစ်များနှင့်အတူ ကျန်းမာစွာဖြင့် ဖြတ်သန်းနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါသည်။

သီတဂူ ဦးသန်းမြင့် + ဒေါ်ခင်ထွေး မိသားစု


လှိုင်မင်းလတ်
စာရင်းကိုင်သင်တန်း November Series / 2016
LCCI Diploma in IFR
Computerised Accounting

| Level I+II | | သင်တန်းချိန် | စတင်မည့်ရက် |
| --- | --- | --- | --- |
| Sec(A) | Sat+Sun | 7-9 (am) | 18.June |
| Sec(B) | Sat+Sun | 9-11 (am) | 25.June |
| Sec(C) | Sun | 11-3 (pm) | 26.June |
| Sec(D) | Mon+Tue | 6-8 (pm) | 4.July |
| Sec(E) | Sat | 11-3 (pm) | 2.July |
| Sec(F) | Fri | 12-4 (pm) | 8.July |
| Sec(G) | Tue to Fri | 12-3(pm) | 1.July |

| Level III | | သင်တန်းချိန် | စတင်မည့်ရက် |
| --- | --- | --- | --- |
| Sec(A) | Sat+Sun | 3-8 (pm) | 25.June |
| Sec(B) | Wed to Sun | 6-8 (pm) | 29.June |
| Sec(C) | Tue to Fri | 8-12 (am) | 7.July |

June
Ph: 09 510 9922
အမှတ် ၃၄၊ ၄လွှာ၊ အင်းစိန်လမ်းမ၊ ကမာရွတ်၊ လှည်းတန်းမှတ်တိုင်အနီး၊ ရန်ကုန်



သင့်သွေးဖြင့် ကူသိုလ်ယူပါ။

World Blood Donor day
(14th June 2016)

CarsDB နှင့် Max Energy တို့
ပူးပေါင်းပြီး သွေးလှူဒါန်းမည့် အလှူရှင်များကို
အခမဲ့ Taxi ဖြင့် ရန်ကုန်မြို့တွင်း
မည်သည့်နေရာမဆို အိမ်ပြန်ပို့ပေးပါမည်။

အချိန်
နံနက် (၉)နာရီ မှ ညနေ (၅)နာရီ
နေ့ရက်
ဇွန်လ (၁၄)ရက်၊ ၂၀၁၆
နေရာ
အမျိုးသားသွေးလှူဘဏ်
(အမှတ် ၉၇၊ ဗိုလ်ချုပ်လမ်း၊ လသာမြို့နယ်)

carsDB
no.1 car site in myanmar
MAX ENERGY
www.carsdb.com
www.maxenergy.com.mm


## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရတနာလမ်းမ၊ မလိခကွန်ဒို၊ တိုက်အမှတ် ( B )၊ အခန်း( ၆၀၃ )၊ ( ၆ - လွှာ )ဟုခေါ်တွင်သော( 1244sqft )အကျယ်အဝန်းရှိ ကွန်ဒိုတိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ဆက်စပ်တွယ်ကပ်လျက်ရှိသည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသူ ဒေါ်ခင်သီတာအောင်( ၁၂/သဃက(နိုင်) ၀၀၃၇၇၃၀ )ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူကဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ရုံးချိန်အတွင်းလူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

တရားလွှတ်တော်ရှေ့နေများ — လွှဲအပ်ညွှန်ကြားချက်အရ -

| | | | |
| --- | --- | --- | --- |
| ဦးသန်းညွန့်(စဥ်-၃၅၅၅၀) | ဦးအောင်နိုင်ဦး(စဥ်-၄၂၇၂) | ဦးမျိုးညွန့်(စဥ်-၅၁၄၂) | ဒေါက်တာအေးချမ်းသော်(စဥ်-၉၃၀၀) |
| LL.B,C.P.T,C.J.T | LL.B | LL.B,D.B.L | LL.B,LL.M,M.Res,Ph.D |

အထက်တန်းရှေ့နေများ

| | | |
| --- | --- | --- |
| ဒေါ်လှိုင်ယဉ်မွန် (စဥ်-၄၀၆၄၈) | ဒေါ်အေးသူဇာ (စဥ်-၃၀၂၆၄) | ဒေါ်ထွေးစုလှိုင် (စဥ်-၃၄၅၁၇) |
| LL.B | LL.B,D.B.L,D.I.L | LL.B,D.B.L,D.I.L |

**" နိုင်း ခွန် နောင် " ကုမ္ပဏီ(အိမ်၊ ခြံ၊ မြေ)နှင့် ဥပဒေအကြံပေးလုပ်ငန်း**

ရုံးချုပ် — အမှတ်(၁)၊ ပင်ရွှေညောင်လမ်း၊ (IIBC ကျောင်းအနီး)၊ တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း — ၀၁ - ၅၅၁၁၉၇၊ ၅၄၁၅၀၁၊ ၀၉ ၂၆၄ ၂၉၇ ၉၉၈။


Scaffolding & Pipe Support
ငြမ်း၊ T တိုင် - ငှားရန်ရှိသည်
Eagle-ဆက်သွယ်ရန်ဖုန်းနံပတ် ၀၉- ၇၈၁၈၆၆၆၈၆၃
၀၉-၇၉၅၅၆၆၇၃၈


## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အမှတ်(၂၉၀)၊ သီရိမြိုင်လမ်း၊ ပိတောက်ရွှေဝါရပ်ကွက်၊ ကော့သောင်းမြို့နေ ဦးလှဝင်း[၆/မအရ(နိုင်)၀၁၀၁၅၈]နှင့် ဒေါ်သီတာ[၆/ကသန(နိုင်)၀၄၀၆၅၉]တို့၏သား မောင်ဇော်မျိုးသက်[၆/ကသန(နိုင်)၀၅၀၁၃၄]သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအတိုင်း ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးလှဝင်း-ဒေါ်သီတာ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(င)၊ မြေကွက်အမှတ်-၂၆၈၊ မြေကွက်တည်နေရာအမှတ်-၂၆၈၊ သန္တာ(၈)လမ်း၊ ဒေါ်ပု[၁၂/ဥကမ(နိုင်)၀၈၇၁၃၈] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် မိခင်ဒေါ်ပုနှင့် ဖခင် ဦးသိန်းမောင်တို့ ကွယ်လွန်သဖြင့် ဒေါ်ရင်မေ[၁၂/ဥကမ(နိုင်)၀၈၇၁၃၇]၊ ဦးမျိုးမြင့်[၁၂/အလန(နိုင်)၀၀၆၃၅၆]၊ ဦးစိုးမြင့် [၁၂/ဥကမ(နိုင်)၁၃၇၉၇၃]တို့မှ သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ၎င်းတို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၁၀၀၂/၁၃)ဖြင့်ရရှိသူ ဒေါ်နီနီဝင်း[၁၂/ဥကတ(နိုင်)၁၃၉၅၁၇]မှ ပါဝါပေးသူများ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာ၊ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်တို့ တင်ပြ၍ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငှားမည်

ကမာရွတ်၊ အင်းစိန်လမ်းမ၊ စံရိပ်ငြိမ်နှင့် လှည်းတန်းကြား ပေ(၁၆×၅၇)၊ မြေညီတိုက်ခန်း ငှားမည်။ ဖုန်း-၀၉-၇၃၂၂၀၆၃၅၊ ၀၉-၇၉၁၀၀၇၅၃၄


ခရုံမြို့သစ်
အင်ရှိုင်း
အိပ်ကာမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620




- တကောင်း (သက်သာပျူမြို့ဟောင်း)ယဉ်ကျေးမှု အမွေအနှစ်ဒေသနှင့် ပင်လယ်ပျူမြို့ဟောင်း(မိုင်းမော)၏ ပျူခေတ်ဆိုင်ရာ အထောက်အထား လေ့လာချက်စာတမ်းများ
- ကျောက်စာထဲက ပျူနှင့် ပျူစာပေလေ့လာချက်စာတမ်းများ
- ပျူအရိုးအိုး ယဉ်ကျေးမှုနှင့် အရိုးအိုးစာများ၊ ဘုရားတောင် အရိုးအိုးပါ မင်းများအကြောင်း လေ့လာချက် စာတမ်းများ
- ပျူပုတီးစေ့များ၏ သမိုင်း၊ ပျူလူမျိုးတို့၏ ဝတ်စားဆင်ယင်မှုနှင့် ပျူမြို့ပြများ၏ အသွင်လက္ခဏာ လေ့လာချက် စာတမ်းများ
- ပဲခူးတိမ်မယ်ပျူနှင့် မန်းရှောင်းလွင်ပြင်မှ ပျူများ
- ခေတ်ပြိုင်အထောက်အထားများမှ တွေ့မြင်ရသော ဗရမ္မာ - မရမ္မာ - မြန်မာ ခေါ် ပျူလူမျိုးသမိုင်း လေ့လာချက်စာတမ်း

စာတမ်းရှင်များ

အရှင်ပဏ္ဍိတာနန္ဒ (တကောင်း)၊ ဦးမျိုးညွန့်၊ ဦးစိန်မြင့်၊ ဦးစိန်ဝင်း၊ ဒေါက်တာညိမ်းညိမ်း၊ ပါမောက္ခဒေါက်တာ ချိုချိုတင့်၊ မောင်ယဉ်လှိုင်း (ပျဉ်းမငြိုင်)၊ ဒေါက်တာသီတာမြင့်၊ ဒေါက်တာခင်သီတာ၊ ဒေါက်တာမာရက်ဝေါင်း၊ လမင်းအိမ်၊ Mickey Heart၊ ထော်မြည့်၊ ဦးဘိုကျော်၊ ကိုယော(ဘောဂဗေဒ)၊ ဒေါက်တာမောင်မောင်ဆွေ၊ လှမျိုးသိန်း၊ ဇော်သူရ၊ ဇော်မျိုးဦး၊ ဦးကျော်ငြိမ်း၊ ဒေါက်တာထွန်းထွန်းဦး၊ ဘုန်းတင့်ကျော်

လူတိုင်းအတွက်အီတ်ဆောင်ဘဝလမ်းညွှန်

Zig Ziglar's
LITTLE INSTRUCTION BOOK

လူတိုင်းအတွက်
အိတ်ဆောင် ဘဝလမ်းညွှန်
မောင်ဝင့်သူ (မြန်မာပြန်သည်)

ထွန်းဖောင်ဒေးရှင်းဘဏ် စာပေကော်မတီက ထုတ်ဝေသည်

ဘဝခရီးလမ်းတွင် ကြုံတွေ့ရလေ့ရှိသည့် အခက်အခဲများကို ဆုံးဖြတ်ချက် မှန်ကန်စွာ ချကာ ရင်ဆိုင်ကျော်လွှားပြီး မိမိရည်မှန်းထားသော နေရာသို့ အရောက်လှမ်းသွားနိုင်ရန် Zig Ziglar ၏ ဘဝလမ်းညွှန်

ထွက်ရှိနေပါပြီ

**မြန်ချီရာဇာ** ထွန်းဖောင်ဒေးရှင်းဘဏ် စာပေကော်မတီ၊ အမှတ်(၂၃/၂၄)၊ ဗဟိုစည်ရိပ်သာ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လမ်းမတော်မြို့နယ်။ ဖုန်း - ၀၉ ၇၃၁၀၄၄၈၈





မြန်မာ့တိုင်းရင်းဆေးစွမ်းဖြင့် ဆံပင်သန်စွမ်းခြင်းအာနိသင်ကို ထိရောက်စွာ ရရှိစေရန် ကျား၊ မ နေ့စဉ်လိမ်း အထူးဆံပင်သန်ခေါင်းလိမ်းဆီ

# ဂုဏ်မြင့်သူ
ဆံပင်သန်၊ ဆံပင်ပေါက်ဆေး

- ဆံပင်ပျော့ပျောင်း၍ ဖောက်ကင်းရှင်းခြင်း
- ဆံပင်မည်းနက်တောက်ပြောင်စေခြင်း
- ဆံပင်ပါး၍ ကျွတ်ခြင်းအတွက် သန်စွမ်းသော ဆံပင်အသစ်များ ပြန်ပေါက်စေခြင်း

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR-012368 (0916) ၊ ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၈/၂၀၁၄ တဆထထ(၆၂၃) ၊ ကြော်ငြာခွင့်ပြုချက်အမှတ် ၈၁/၀၃၁၆

ဖြန့်ချိရေး
ခိုင်ပွင့်
လူသုံးကုန်ဖြန့်ချိရေး
အမှတ် (၁၂၉)၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၇၈၉၁၅
၀၉ ၇၃၂ ၄၃၆၃၀






မိုးရာသီ အထူး
Special Promotion
3 ကျင်း ဝယ်လျှင်
GET 1 Box!
ပထမဆုံးဝယ်ယူသူ ၃၀ ဦး
လက်ဆောင်

ကျွမ်းနေသော အစားထိုး 100 % ရေစိမ်ခံ
အခန်းဖွဲ့နှင့် မျက်နှာကျက်ပြား




Since 1996
Home
Think of House, think of Home
2 ကျင်း ဝယ်
GET 1 Free
အိမ်တွင်း အလှဆင်ပန်းပင်



လက်ဆောင် ၂၀ ခု အထိသာ

Branch Showroom > အမှတ် E 11-A၊ လေးထောင့်ကန်လမ်းမ၊ ဘီအိုစီမှတ်တိုင်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း - 09 79 700 7073, 09 79 700 7083



ရွှေမန္တလေး
အိမ်မြှင်း၊ အိမ်ခွဲ ဖျန်းဆင်မှုလုပ်ငန်း
ကားနှင့် လုပ်သားအပါ
Ph: 09-770639155
09-770639166


## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင် မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့ရပ်ကွက်၊ မြေကွက်အမှတ်(၁၉၃၅)အမည်ပေါက် ဦးအောင်မြင့်၏ မြေကွက်အား ဝယ်ယူပိုင်ဆိုင်သူ ဦးဇော်လွင်ဦး [၁၂/သလန(နိုင်)၀၉၂၉၂၄]ကိုင်ဆောင်သူမှ မြေချပါမစ် ကွက်ကိုက်ပျက်စီးသွား၍ မြေချပါမစ်(မိတ္တူမှန်)ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထား(မူရင်း)များ တင်ပြပြီး ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ရန်မရှိပါက မြေချပါမစ်(မူရင်း)အားဖျက်သိမ်းပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ မြေချပါမစ်(မိတ္တူမှန်) ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)၊ မြေယာဌာနခွဲ**
**မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**


Global ဆေးရုံ၏ ခွဲစိတ်ပြီးလူနာများ၊ လူနာဟောင်းများနှင့် လူနာသစ်များ ဆက်သွယ်နိုင်ပါသည်။

India နိုင်ငံ ၊ Chennai မြို့ ၊ Global Hospital မှ အောက်ပါဆရာဝန်ကြီးများကမြန်မာနိုင်ငံသို့ လာရောက်၍ ဆေးကုသမှုလုပ်ငန်းများ လာရောက်လုပ်ဆောင်မည် ဖြစ်ပါသောကြောင့် ဆရာဝန်ကြီးများနှင့် တိုင်ပင်ဆွေးနွေးလိုသူများ ဗိတိုရိယဆေးရုံကြီးသို့ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။ အောက်ပါနေ့ရက်များတွင် အထူးကုဆရာဝန်ကြီးများ လာရောက်ဆွေးနွေး ကုသမည်ဖြစ်ပါသည်။

1. Dr.JOY VARGHESE - အသည်းအထူးကုဆရာဝန်ကြီး ၂၀၁၆ ဇွန်လ (၁၆)ရက် နှင့် (၁၇)ရက်
2. Dr.K R GOPI - ကင်ဆာရောဂါ အထူးကုဆရာဝန်ကြီး ၂၀၁၆ ဇွန်လ (၁၆)ရက် နှင့် (၁၇)ရက်
3. Dr.K SRIDHAR - ဦးနှောက်နှင့်အာရုံကြောဆိုင်ရာ ခွဲစိတ်အထူးကုဆရာဝန်ကြီး ၂၀၁၆ ဇွန်လ (၁၇)ရက်

ကြိုတင်စုံစမ်း စာရင်းပေးသွင်းရန် ဖုန်း (01) 9666 141 , (09) 783 666 141 - 144

နေရာ။ ။ ဗိတိုရိယဆေးရုံကြီး (Victoria Hospital) ၊ အမှတ် (၆၈)၊ တော်ဝင်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

GLOBAL HOSPITALS more to life
CHENNAI | Hyderabad | Bengaluru | Mumbai

ZAR & ZAR Co.,Ltd.
Quality & Quantity

ဗိတိုရိယ ဆေးရုံ
Victoria Hospital
Quality Care

တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာထက်မြက်ဖို့ ထိုင်နေသူတိုင်းအတွက်
ဆရာအာသာ SUCCESS Language Academy
လှည်းတန်းကျောင်းခွဲ
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046, 392048, 256954
ဦးထွန်းလင်းခြံလမ်း အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

BASIC ENGLISH SPEAKING
10-11:30 (Mon ~Thurs) 13 Jun
3:30 - 5 (Mon ~ Thurs) 20 Jun
9 - 12:00 (Sat + Sun) 25 Jun
1 - 2:30 (Mon ~ Thurs) 27 Jun

BASIC FOUR SKILLS ENGLISH
3:30 - 5 (Mon ~ Thurs) 13 Jun
7:30 - 9 (Mon ~ Thurs) 20 Jun
10-11:30 (Mon ~ Thurs) 20 Jun
9 - 12:00 (Sat + Sun) 25 Jun
1 - 2:30 (Mon ~ Thurs) 27 Jun
3:30 - 5 (Mon ~ Thurs) 27 Jun
7:30 - 9 (Mon ~ Thurs) 29 Jun

BASIC WRITING
10-11:30 (Mon ~ Thurs) 11 Jul

PRE-INTERMEDIATE
12 - 3:00 (Sat + Sun) 4 Jun
1 - 2:30 (Mon ~ Thurs) 13 Jun
3:30 - 5 (Mon ~ Thurs) 27 Jun
7:30-10:30 (Sat + Sun) 10 Jul

INTERMEDIATE
3:30 - 5 (Mon ~ Thurs) 6 Jun
1 - 4:00 (Sat + Sun) 12 Jun
1 - 2:30 (Mon ~ Thurs) 20 Jun
10-11:30 (Mon ~ Thurs) 18 Jul

VOCAB ENRICHMENT
1 - 2:30 (Mon ~ Thurs) 30 May
9 - 12:00 (Sat + Sun) 25 Jun

BASIC GRAMMAR
10-11:30 (Mon ~ Thurs) 13 Jun

BASIC ENGLISH SPEAKING
7:30 - 9 (Mon ~ Thurs) 20 Jun
1 - 2:30 (Mon ~ Thurs) 29 Jun
12 - 3:00 (Sat + Sun) 17 Jul

BASIC GRAMMAR
7:30-10:30 (Sat + Sun) 30 Jul

PRE-INTERMEDIATE
7:30 - 9 (Mon ~ Thurs) 6 Jun
9 - 12:00 (Sat + Sun) 25 Jun
10-11:30 (Mon ~ Thurs) 11 Jul

IELTS (Preparation)
1 - 4:30 (Sat + Sun) 18 Jun
7:30-9:30 (Mon~Thurs) 11 Jul

IELTS (Speaking)
7:30 - 9 (Mon ~ Thurs) 6 Jun

BASIC FOUR SKILLS ENGLISH
10-11:30 (Mon ~ Thurs) 13 Jun
1 - 2:30 (Mon ~ Thurs) 20 Jun
6 - 7:30 (Mon ~ Thurs) 20 Jun
12:30-3:30 (Sat + Sun) 25 Jun
3:30 - 5 (Mon ~ Thurs) 27 Jun
10-11:30 (Mon ~ Thurs) 29 Jun
6 - 7:30 (Mon ~ Thurs) 4 Jul
7:30-10:30 (Sat + Sun) 10 Jul
7:30 - 9 (Mon ~ Thurs) 11 Jul

INTERMEDIATE
4:30-7:30 (Sat + Sun) 2 Jul

IELTS (Reading)
1 - 3:00 (Mon ~ Thurs) 13 Jun

IELTS (Grammar)
10-11:30 (Mon ~ Thurs) 20 Jun

KING STAR ဖုန်း- 09 73049700, 09 73047572
ကွန်ပျူတာအတတ်သင် 30000Ks
➡ Internet (8000Ks)
➡ i-Office 2010
➡ D.T.P
➡ Graphic Design
➡ A+ Hardware
အချိန်ညှိနိုင်းပေးပါသည်။
၁။ အမှတ်(၁၁၈)မြေညီ၊ (၃၈)လမ်း၊ ကျောက်တံတား၊ ရန်ကုန်။
၂။ အမှတ်(၁၀၃)မြေညီ၊ (၃၉)လမ်း၊ ကျောက်တံတား၊ ရန်ကုန်။

STARFISH Education
10% - 15% discounts + special gifts for New Students !!

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများအတွက် English (4 skills)
✔ တနင်္လာ - သောကြာ တန်းခွဲသစ်များ ဇွန်လ(၁၅)ရက်စမည်။
Centre(1) သမြေညီတိုက် (၂)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ရန်ကုန်။ Ph 09 799905715, 09 253179825
Centre(2) တိုက်အမှတ်(၁၅/၁၇)၊ ဥက္ကာ(ဘီ)၊ ရန်ကုန် - အင်းစိန်လမ်း၊ လှည်းတန်း၊ ရန်ကုန်။ Ph 09 777264230, 0977726423

Excellent Choice
Institute of Finance and Management
ICM
ICM March 2016 Exam Session
Financial Management Subject ဘာသာရပ်တွင်
PASS 100% RATE
အောင်ချက်ရာနှုန်းပြည့်ရအောင်


ထူးချွန်စွာဖြေဆိုပေးသော ကျောင်းသားကျောင်းသူများနှင့် အခြား ICM ဘာသာရပ်များတွင်
အောင်မြင်အောင်ဖြေဆိုပေးနိုင်သော ကျောင်းသားကျောင်းသူများအား
Excellent Choice Institute of Finance and Management မှ
အထူးဝမ်းမြောက်ဝမ်းသာစွာဖြင့် ဂုဏ်ပြုအပ်ပါသည်။





၂၀၁၅ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်၊ ပုဂ္ဂလိကကျောင်းအားလုံးတွင် မင်္ဂလာဒုံတစ်မြို့နယ်လုံး ပထမ မြောက်ပိုင်းတစ်ခရိုင်လုံး ဒုတိယ
Since 1996
ပုလဲ
(၅တန်းမှ ၁၀တန်း)
ဆရာဝန်များဦးစီးသော
စံပြဘော်ဒါ နှင့်
ကိုယ်ပိုင်အထက်တန်းကျောင်း
ဆိတ်ငြိမ် ခြံဝန်းကျယ် အားကစားကွင်း၊ အဲယားကွန်းတပ် စာသင်ဆောင်၊ အိပ်ဆောင်များ။
ကွန်ပျူတာ၊ အင်္ဂလိပ် (4 Skill)၊ အားကစား၊ ဂီတ၊ ပြည်တွင်းပြည်ပ လေ့လာရေးခရီးများ။
(၁၀) တန်းပီပီတို့ ဆရာဝန်ဖြစ်ရန်လေ့ကျင့်ခဲ့သည့်အတိုင်း ဂုဏ်ထူးထွက်အောင်မြင်စေရန် လေ့ကျင့်ပေးသည်
(၈) တန်းအစိုးရစစ် အတွက်လည်း အထူးလေ့ကျင့်ပေးသည်။
(၉) တန်းအထူး - သင်ရိုးကုန်သင်ပေး၍ နှစ်ဝက်မှစ၍ (၁၀) တန်းစာပါ ထပ်ဆောင်းကြိုသင်ပေးပါသည်။
(၁၀)တန်း (၄)ဘာသာဂုဏ်ထူးနှင့်အထက် နှင့် (၈/၉) တန်းကျောင်းတွင်း ပထမဆုရကျောင်းသားများကို နိုင်ငံခြားတက္ကသိုလ် လေ့လာရေး အခမဲ့ပို့ဆောင်ပေးသည်။
အမှတ် (၇၇) ငုဝါလမ်း၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံ။ ဖုန်း - ၀၉ ၅၁၅၈၈၅၁၊ ၀၉ ၇၁၂၉၉၇၂၆။



ဇီ ဝ မျိုး စုံ မျိုး ကွဲ တွေ ကြွယ် စေ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့

**ဦးအောင်ဟိန်းကျော်**
ရေးပြောဘာသာပြန် စာအုပ်(လုံး၀)မကိုင်ဘဲသင်တဲ့ဆရာ
**အင်္ဂလိပ်စာရေးနည်း**
**အင်္ဂလိပ်စကားပြော** သင်တန်း
• နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
• အင်္ဂလိပ်စကားပြော(Vol:1,2,3,4) • ရေးနည်း(Pre.,Vol:1,2,3)
၁၆၇၊ ၃ထပ်၊ ဆိပ်ကမ်းသာရိပ်မွန်၊ဆိပ်ကမ်းသာလမ်း၊ လသာ၊ ရန်ကုန်
• ဇင်မဒီမိယာ၊ ဇင်မလမ်း၊ ရုပ်ရှင်ရုံနှင့်ထူပါရုံကြား၂ မြောက်၊
• 09785171841 သာကေတ
• 392468 • 095171841

**ရွှေဘုန်းပြည့် Travels & Tours**
သီရိလင်္ကာ(ဗုဒ္ဓမြတ်စွယ်) -1350usd
သီရိလင်္ကာ+ဘန်ကောက် -1490usd
သီရိလင်္ကာ+ဘန်ကောက်+ကမ္ဘောဒီးယား-1790usd
အမှတ်(၇၄၈)ငွေလလမ်းသစ်/ခရပ်ကွက်၊သဃ်န်းကျွန်း
01.8566101 , 09.73060048

**အမည်ပြောင်း**
ဗဟန်း၊ အထက(၂)၊ ပဥ္စမတန်း(I)မှ အဖ ဦးသန်းစိန် အမိ ဒေါ်ဥမ္မာ၀င်းတို့၏သား မောင်ဟိန်းထက်အောင်အားမောင်ဟန်လင်းထွဏ်းဟု ပြောင်းလဲခေါ်ပါရန်။ မောင်ဟန်လင်းထွဏ်း

**MY FRIEND**
(၁)ရက်အထူးခရီးစဉ်
(Jun-10,17) ညထွက်
ကျိုက်ထီး၊ ... အားလုံးအတူရှိ
09 450113969, 09 450114969

**GOLDEN STAR**
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

**အာရှနဂါး**
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph:01 707062, 09 799100100
01 703790, 09 797100100

**တစ်ဦးတည်းဖြစ်ကြောင်း**
အထက(၄)၊ မင်္ဂလာတောင်ညွန့်၊ Grade-11မှ မောင်ငြိမ်းချမ်းအောင်၏ ဖခင် ဦးသန်းဇော်မင်း(ခ) ဦးမင်းမင်းနှင့် မိခင် ဒေါ်မြင့်မြင့်စိန်(ခ) ဒေါ်မြင့်မြင့်ကျော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးသန်းဇော်မင်း(ခ)ဦးမင်းမင်း
[၈/ရစက(နိုင်)၁၃၂၆၀၈]
ဒေါ်မြင့်မြင့်စိန်(ခ)ဒေါ်မြင့်မြင့်ကျော်
[၈/ရစက(နိုင်)၁၈၃၉၂၅]

**ရွှေအိုးကြီး**
မြဝတီ၊ မဲဆောက်၊ ဘားအံ
Jun-17, July(1,16)
Special Pass(Visa) 95000Ks
09-421073634, 777636630

**RUBY** ကားစီးလုံးငှားသည်
519100
09-51-77212, 535100
(ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

**ငွေပေါ်ဗ္ဗာ** ဘုရားဖူး 09 5409180 / 09 971971373
လ မြတ်ဝါဆို သင်္ကန်းကပ်အထူးခရီးစဉ် သစ်
ကယားပြည်နယ်အစုံအလင်အပြင် ရှမ်းပြည်နယ်လည်
၁၆ - ၇ - ၂၀၁၆ မှ ၁၉ - ၇ - ၂၀၁၆ အထိ ၃ညအိပ်၄ရက်

**KAPLAN HIGHER EDUCATION ACADEMY**
သင့်အနာဂတ် အောင်မြင်မှုအတွက် အင်္ဂလန်နှင့် ဩစတြေးလျ
အစိုးရတက္ကသိုလ်ကြီးများမှ ဘွဲ့ဒီဂရီများကို သင်ကြားပေးအပ်မည့်
KAPLAN HIGHER EDUCATION ACADEMY (SINGAPORE)

**AT&S**
/eduGlobalVillage
TEL - (09)5062171

Wednesday 15 JUNE
ပညာရေးဆွေးနွေးပွဲ
နံနက် (၁၀း၃၀)နာရီမှ (၅)နာရီ
AT&S ဧည့်ခန်းဆောင်၌

အမှတ် ၆၇ (မြေညီထပ် - ယာ)၊
ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊
၀၉-၇၇၇-၂၂၃-၂၂၅
၀၉-၇၇၇-၂၂၃-၂၂၆

အခြေခံပညာ ၁၀ တန်း အောင်မြင်ပြီးသူများ၊ နိုင်ငံတကာသင်ရိုး အထက်တန်းကျောင်းများမှ Grade 9-10 အောင်မြင်ပြီးသူများအတွက် ၃ နှစ်အတွင်း အင်္ဂလန်နှင့် အိုင်ယာလန်နိုင်ငံများမှ ဘွဲ့ ဒီဂရီများရရှိနိုင်မည့် ပညာရေးလမ်းကြောင်းများ၊ HND / NCC / LCCI / ABE အောင်မြင်ထားသူများအတွက် ၂ နှစ်အတွင်း ရရှိနိုင်မည့် နိုင်ငံတကာအသိအမှတ်ပြုဘွဲ့များ၊ နိုင်ငံတကာ အဆင့်မီ စီးပွားရေး လုပ်ငန်းများကို စီမံခန့်ခွဲလိုသူများအတွက် MBA နှင့် M.Sc Business ဘာသာရပ်များ ဆိုင်ရာ ကျောင်းဝင်ခွင့်များနှင့် အလုပ်အကိုင်လမ်းကြောင်းများကို ဆွေးနွေးဟောပြောမည်။

Murdoch | northumbria | Portsmouth

အချိန်တိုအတွင်း ဘွဲ့ဒီဂရီရရှိနိုင်သော Kaplan ပညာရေးခရီးလမ်းကြောင်း
HND level 5 / LSDC / ABE / LCCI → Bachelor → Master
High School Passed → Kaplan Diploma → Bachelor
International School Grade -9 Passed

**ကားအငှားလုပ်ငန်း**
ခရီးနီး/ဝေး မျိုးစုံအတွက်
အထူးသက်သာသော နှုန်းထားဖြင့်
ကားများကို ငှားရမ်းနိုင်ပါသည်။
09 50 93674

**ကိုသန့်ဇင်**
CAR RENTAL
ကားမျိုးစုံခရီးစဉ်အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821

တစ်ကာ 500k **ပိနှင်း** ကျပ်နှစ်သိန်းထက် 100k 1-sq

SMILE ပိုက်မျိုးစုံ
စီမံကိန်းကြီးများအတွက်
( SMILE PPRရေပူရေအေးပိုက်)
( SMILE HDPE ဖိအားခံရေပိုက်)များရှိနေပါပြီ ။
အမှတ်(11)လေးထောင့်ကန်လမ်း၊ဆ/ကရပ်ကွက်သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ ။Ph:09-5135266,420005255 ။

**STI MYANMAR UNIVERSITY** | University of Bedfordshire
STIMU နှင့် University of Bedfordshire (UK) တို့ ပူးပေါင်းဖွင့်လှစ်ပါသည်



**Faculty of HEALTH SCIENCE**
NURTURING WORLD CLASS LEADERS
- Master of Science in Public Health (180 credits)
  - Postgraduate Diploma (120 credits)
  - Postgraduate Certificate (60 credits)
- Master of Science in Nutrition & Dietetics (180 credits)
  - Postgraduate Diploma (120 credits)
  - Postgraduate Certificate (60 credits)

**Professional Recognition**
United Kingdom နိုင်ငံ Association for Nutrition (AfN), UK Royal Society for Public Health (RSPH) စသည်တို့တွင် အသင်းဝင်အဖြစ်လျှောက်ထားနိုင်ပါသည်။

**Faculty of BUSINESS**
- MBA (180 credits)
  - Postgraduate Diploma (120 credits)
  - Postgraduate Certificate (60 credits)

ဘွဲ့လွန် ဝင်ခွင့်သတ်မှတ်ချက်
• ဘွဲ့တစ်ခုခုရရှိပြီး IELTS အမှတ်ပြည့်မီရန် လိုအပ်ပါသည်။

JUNE INTAKE

Block-10, MICT Park လှိုင်တက္ကသိုလ်၊ ရန်ကုန်။ Ph: 507151/52, 09 250064451, 377988 www.stiedu.net https://www.facebook.com/STIMyanmarUni


2016 June လ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများအတွက်...
သာမန်တက္ကသိုလ် သွားကြမှာလား?
သို့မဟုတ် Metro IT သင်တန်းကျောင်းတက်ပြီး ဘဝလမ်းကြောင်း ရွေးချယ်ကြမှာလား?
METRO
IT & Japanese Language Centre
ဂျပန်နိုင်ငံမှ IT ပညာရပ်များကို လေ့လာသင်ယူနိုင်မည့် သင်တန်းကျောင်းကို မြန်မာနိုင်ငံ၌ 2015 November တွင် စတင်ဖွင့်လှစ်ခဲ့ပြီး 2016 July တွင် တန်းခွဲသစ်ကို ထပ်မံဖွင့်လှစ်ပါတော့မည်။
သင်ကြားမည့် ဘာသာရပ်များမှာ
၁။ SYSTEM CREATOR ဘာသာရပ်
၂။ PC DESIGN CREATOR ဘာသာရပ်
၃။ IT OFFICE MANAGEMENT ဘာသာရပ်
IT ဘာသာရပ်ကို သင်ကြားမည့် ကျောင်းသား၊ကျောင်းသူများအတွက် ဂျပန်ဘာသာရပ်ကိုလည်း တွဲဖက်သင်ကြားပေးပါမည်။
ENROLL NOW!!!!!
ဆက်သွယ်ရန် - 3rd Floor, Kyaw Business Tower Condo, ပန်းဆိုးတန်းလမ်း ၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖုန်း - 01-372610, 09-262007800, 09-976334160
Mail - mminfo@metro-myanmar.com Facebook - metrogroupmyanmar
Web - www.metro-myanmar.com/mic
GREAT CHANCE SEMINAR
JUNE 18(SAT) 19(SUN) 1:00-3:00 pm
METRO IT & JAPANESE LANGUAGE CENTRE တွင် SEMINAR များရှိပါသဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို ဖုန်းဖြင့် ကြိုတင်စာရင်းပေးသွင်း၍ အခမဲ့ တက်ရောက်ဆွေးနွေးနိုင်ပါသည်။

# ဘိုကလေး ဆတ်ကျွန်းကျေးရွာ၌ အမျိုးသမီးတစ်ဦးကို မိကျောင်းကိုက်ချီ



ဘိုကလေးမြို့နယ် မိန်းမလှကျွန်းတွင် နေထိုင်ကျက်စားသော မိကျောင်းတစ်ကောင်ကို တွေ့ရစဉ်။

**ဘိုကလေး ဇွန် ၁၂**
ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာအုပ်စု ဆတ်ကျွန်းကျေးရွာတွင် ယမန်နေ့က အမျိုးသမီးတစ်ဦးကို မိကျောင်းတစ်ကောင်က ကိုက်ချီမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဆတ်ကျွန်းကျေးရွာတွင် နေထိုင်သည့် လယ်ယာလုပ်ငန်းလုပ်ကိုင်ပြီး ဘဲမွေးမြူသူ ကိုဇော်မင်းနိုင်၏ဇနီး မခိုင်ခိုင်ဦး အသက်(၂၉)နှစ်သည် ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲခန့်က ချောင်းရေပြည့်ချိန်တွင် စလောင်းကျချောင်းစပ်တွင်ရှိသော ဘဲခြံ၌ ဘဲစာများကျွေးခဲ့ပြီးနောက် ချောင်းစပ်တွင် ဘဲစာပုံးကို ရေဆေးနေချိန် ရေထဲမှ မိကျောင်းတစ်ကောင်က ကိုက်ချီဆွဲချသွားပြီး နောက်တစ်နေ့နံနက်မှ ချောင်းစပ်တွင် လက်တစ်ဖက်ပြတ်ဒဏ်ရာများနှင့် တွေ့ရှိခြင်းဖြစ်သည်။

ဘိုကလေးမြို့နယ်အတွင်း ယင်းဖြစ်စဉ်မျိုး နှစ်စဉ်ဖြစ်ပွားခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ရွှေပြည်အေးကျေးရွာမှ တတိယတန်းကျောင်းသားလေးတစ်ဦး၊

**စာမျက်နှာ ၈ ကော်လံ ၅ သို့ ✳**

# ရတနာပုံအသင်း ရန်ကုန်အသင်းကို အနိုင်ယူပြီး ၁၃ မှတ်အသာဖြင့်ဦးဆောင်

ရှိုင်းထက်ဇော်

**ရန်ကုန် ဇွန် ၁၂**
၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၃) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပသည်။

**(YUSC ကွင်း)**

**ရတနာပုံ - နှစ်ဂိုး၊ ရန်ကုန် - တစ်ဂိုး**

လက်ရှိချန်ပီယံ ရန်ကုန်အသင်းကို နှစ်ကျော့စလုံး အနိုင်ယူခဲ့သည့် ရတနာပုံအသင်းမှာ ထိပ်ဆုံးတွင် ၁၃ မှတ်အသာဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ချန်ပီယံဆုအတွက် အခြေအနေကောင်းသွားပြီဖြစ်သည်။ ရန်ကုန်အသင်းမှာ ဦးဆောင်ဂိုးမထိန်းနိုင်သောကြောင့် အိမ်ကွင်းတွင် နှစ်ရာသီဆက် အရှုံးပေးခဲ့ရပြီး ချန်ပီယံဆုကာကွယ်နိုင်ရန် ခက်ခဲသွားပြီဖြစ်သည်။

လက်ရှိချန်ပီယံ ရန်ကုန်အသင်းမှာ နိုင်ပွဲလိုအပ်နေသည့်အတွက် တိုက်စစ်အသားပေးပုံစံဖြင့်ပွဲထွက်ခဲ့ပြီး တိုက်စစ်တွင် သန်းပိုင်၊ မာဆယ်လို၊ ကျော်ကိုကို၊ ကြည်လင်းတို့ကို အသုံးပြုခဲ့သည်။ ရတနာပုံအသင်းမှာ မာတူနာနှင့်သိန်းသန်းဝင်းတို့ ပွဲပယ်ခံထားရသောကြောင့် တိုက်စစ်တွင် အောင်သူကို အထောင်ထားပြီး လှိုင်းဘိုဘို၊ ရဲကိုဦး၊ ဝင်းနိုင်စိုး၊

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ◯**

# နန်နင်း-အာဆီယံ နဂါးလှေလှော်ပြိုင်ပွဲတွင် မြန်မာအဖွဲ့ ရွှေတံဆိပ်နှစ်ခုရ



ချစ်ကိုကို

**ရန်ကုန် ဇွန် ၁၂**
တရုတ်နိုင်ငံတွင် ဇွန် ၁၁ ရက်က ကျင်းပခဲ့သည့် နန်နင်း-အာဆီယံနိုင်ငံတကာ နဂါးလှေလှော်ပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခုရရှိခဲ့သည့် အောင်ပွဲရ မြန်မာလှေလှော်အဖွဲ့**(ဓါတ်ပုံ)** သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းနှင့် အမှုဆောင်များ၊ အား/ကာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုကြသည်။

**စာမျက်နှာ ၉ ကော်လံ ၃ သို့ ❖**

